# ကြေးမုံ

The Mirror Daily

Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 26 May 2020 ၁၀၀၂၄


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## Covid နှင့် ပတ်သက်သည့် စီမံကိန်းများချမှတ်ရာတွင် ရေတိုအဖြေတစ်မျိုးတည်းကို ကြည့်တာမဟုတ်ဘဲ ရေရှည်အတွက် နိုင်ငံ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များသာမက နိုင်ငံရေးဦးတည်ချက်များကိုပါ မျက်ခြည်မပြတ် ကြည့်ဖို့လိုကြောင်း ရေးသားဖော်ပြ

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid နှင့် ပတ်သက်သည့် စီမံကိန်းများချမှတ်ရာတွင် ရေတိုအဖြေတစ်မျိုးတည်းကို ကြည့်တာမဟုတ်ဘဲ ရေရှည်အတွက် နိုင်ငံ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များသာမက နိုင်ငံရေးဦးတည်ချက်များကိုပါ မျက်ခြည်မပြတ် ကြည့်ဖို့လိုကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုင်းနိုင်ငံနယ်စပ်မှ မြန်မာနိုင်ငံအတွင်း မနေ့ကနှင့် ဒီကနေ့၊ (၂)ရက်အတွင်း ပြန်ရောက်လာသည့် ပြည်သူပေါင်း ၂၀၀၀ ကျော်ရှိပါကြောင်း၊ ဒီလို အလုံးအရင်းနှင့် ပြန်လာကြဖို့ရှိတာကို ကြိုတင်ခန့်မှန်းထားပြီးဖြစ်လို့ အစီအစဉ်တွေလည်း လုပ်ထားပြီးဖြစ်ပါကြောင်း၊ မူလက မေလဆန်းမှာ ပြန်လာကြမယ်လို့ ခန့်မှန်းခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံ၌ covid ကို အကြောင်းပြုပြီး ချမှတ်လိုက်သည့် ကန့်သတ်ချက်များကြောင့် ပြည်တော်ပြန်များ အလာနောက်ကျသွားရတာ ဖြစ်ပါကြောင်း။

ပြည်တော်ပြန်များကို ကြိုဆိုဖို့၊ လိုအပ်သည့် ကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ဖို့၊ သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်တွေကို ခရီးဆက်နိုင်ရေးစီစဉ်ဖို့ တာဝန်တွေက ကရင်ပြည်နယ်အစိုးရအပေါ် အများဆုံးကျပါကြောင်း၊ ပြည်နယ်အစိုးရသာမက ပြည်သူများကပါ စိတ်ပါလက်ပါ လုပ်ဆောင်နေကြတာတွေ့ရသည့်အတွက် အင်မတန်အားတက်မိပါကြောင်း ရေးသားထားသည်။

ထို့ပြင် Covid နှင့် ပတ်သက်သည့် စီမံကိန်းများချမှတ်ရာတွင် ရေတိုအဖြေတစ်မျိုးတည်းကို ကြည့်တာမဟုတ်ဘဲ ရေရှည်အတွက် နိုင်ငံ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များ သာမက နိုင်ငံရေးဦးတည်ချက်များကိုပါ မျက်ခြည်မပြတ် ကြည့်ဖို့လိုကြောင်း။

စိန်ခေါ်မှုတစ်ခုကို စည်းစည်းလုံးလုံးဖြင့် ပြည်ထောင်စုသွေးရင်းများအတူရင်ဆိုင်ကျော်လွှားမှုတစ်ခုဆိုတာ တစ်နေ့အတွက်၊ တစ်ခဏအတွက်သာ အဓိပ္ပာယ်ရှိတဲ့ ဖြစ်ရပ်ကလေး မဟုတ်ပါကြောင်း၊ မိမိတို့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ အေးချမ်းသာယာဖွံ့ဖြိုးသည့် ဒီမိုကရေစီပြည်ထောင်စုကြီးဖြစ်ပေါ်ရေး အိပ်မက်အတွက် ရင်းနှီးမြှုပ်နှံလိုက်ခြင်းဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရေးသားဖော်ပြထားသည်။

- ❖ **ထိုင်းနိုင်ငံနယ်စပ်မှ မြန်မာနိုင်ငံအတွင်း မနေ့ကနှင့် ဒီကနေ့၊ (၂)ရက်အတွင်း ပြန်ရောက်လာသည့် ပြည်သူပေါင်း ၂၀၀၀ ကျော်ရှိပါကြောင်း၊ ဒီလို အလုံးအရင်းနှင့် ပြန်လာကြဖို့ရှိတာကို ကြိုတင်ခန့်မှန်းထားပြီးဖြစ်လို့ အစီအစဉ်တွေလည်း လုပ်ထား။**
- ❖ **စိန်ခေါ်မှုတစ်ခုကို စည်းစည်းလုံးလုံးဖြင့် ပြည်ထောင်စုသွေးရင်းများ အတူရင်ဆိုင်ကျော်လွှားမှုတစ်ခုဆိုတာ တစ်နေ့အတွက်၊ တစ်ခဏအတွက်သာ အဓိပ္ပာယ်ရှိတဲ့ ဖြစ်ရပ်ကလေး မဟုတ်၊ မိမိတို့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်။**

## လှိုင်မြို့နယ်၌ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက်ဖြင့် ကျန်းမာရေး စစ်ဆေးပေးလျက်ရှိ



**ရန်ကုန် မေ ၂၅**

ကိုဗစ်-၁၉ ရောဂါ ပြည်သူလူထုအတွင်း ကူးစက်မှုမရှိစေရေး ကွင်းဆင်းရှာဖွေဆောင်ရွက်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုနှင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ပြည်သူများအား အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် (Infrared Thermal Detection Unit) တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုကို

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

**ကြေးမုံ ယနေ့ ဖတ်စရာ**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၇

**အဆိုးထဲကအကောင်းနှင့် အတူတကွ ရှင်သန်ရပ်တည်ရမည့် နေထိုင်မှုပုံစံသစ်**

စာမျက်နှာ » ၂၁


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ကိုယ်ခံစွမ်းအား အရည်အချင်းများဖြင့် ကျော်လွှား

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဘေးနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ကာကွယ်၊ ထိန်းချုပ်ထားနိုင်သည်ဟု ဆိုနိုင်သည်။ ယခုရက်သတ္တပတ်ဝန်းကျင်ကာလအတွင်း ရောဂါမဖြစ်ပွားမှု အနေအထားကောင်းတစ်ခု ရှိနေသည်။ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၏ နိုးကြားထက်သန်စွာဆောင်ရွက်ပေးမှု၊ ပြည်သူအပေါင်းတို့ အသိတရားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အခြေအနေကောင်းများ ခိုင်မာသည်ထက်ခိုင်မာပြီး အလားအလာကောင်းများ တစ်နေ့ထက်တစ်နေ့ မြင့်မားတိုးတက်လာမှသာ ပြည်သူများ၏ လိုအင်ဆန္ဒများ၊ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ယင်းတို့ကို နိုင်ငံတော်အစိုးရက မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုကာ အခြေအနေကောင်းလျှင်ကောင်းသလို ပြည်သူများ၏လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အခြေအနေကောင်းများ ရရှိလာမှုအပေါ်မူတည်၍ ပြည်သူလူထု၏ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တိုင်ပင်စီမံဆောင်ရွက်လျက်ရှိသည်။ လူမှုဘဝ နေ့စဉ်လိုအင်ဆန္ဒဖြစ်သည့် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံတော်နှင့်မိဘပြည်သူများ၏ အနာဂတ်အတွက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် လက်တွေ့ကျကျ ထိတွေ့လေ့လာ၍ စီစဉ်ဆောင်ရွက်နေသည်။

မည်သို့ပင်စီစဉ်ဆောင်ရွက်နေသော်လည်း အဓိကအချက်မှာ မိဘပြည်သူအားလုံး အသိတရားဖြင့် အတူပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်မှသာ ရည်မှန်းထားသည့်အတိုင်း မျှော်မှန်းချက်များကို အောင်မြင်စွာဖော်ဆောင်နိုင်မည်ဖြစ်သည်။ လိုအပ်ချက်မှာ လူစုလူဝေးဖြင့် ဆောင်ရွက်ရသော အရေးဖြစ်၍ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး၊ နှာခေါင်း၊ ပါးစပ်၊ မျက်နှာ အကာအကွယ်တပ်ဆင်ရေး၊ လက်ကိုဆေးကြောရေး၊ သန့်ရှင်းစွာနေထိုင်ရေးတို့ ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများအား ရှာဖွေစစ်ဆေး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဦးစားပေးအလေးထား နိုင်နိုင်နင်းနင်း ဆောင်ရွက်ပေးနေသောကာလတွင် ရရှိလာသောအခြေအနေကောင်းများ အပေါ်မူတည်၍ ပြည်သူလူထု၏ အဓိကလိုအပ်ချက်များကို ပြန်လည်ဆောင်ရွက်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ လူစုလူဝေးကြောင့် ဖြစ်ပေါ်လာနိုင်သော ရောဂါဘေးအန္တရာယ်များ ထပ်မတိုးလာစေရေးအတွက် သက်ဆိုင်ရာတို့၏ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်မှသာ အစီအမံများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရောဂါကင်းဝေးရေးအတွက် လမ်းညွှန်ထားသော ထုတ်ပြန်ချက်များမှာ အပန်းမကြီး မများလှသော်လည်း အများနှင့်ဆောင်ရွက်ရာ၌ တာဝန်ယူဆောင်ရွက်ရမည့်သူများအပိုင်းတွင်ရော လိုက်နာဆောင်ရွက်ရမည့်သူများဘက်တွင်ပါ စိန်ခေါ်မှုများ၊ အခက်အခဲများ ရှိကြမည်ဖြစ်ရာ မိမိတို့၏ရည်မှန်းချက်သို့ရောက်လိုပါက လမ်းညွှန်ထားသည့်အချက်များအား မဖြစ်မနေလိုက်နာရန်အတွက် ယခုကတည်းက သက်ဆိုင်သူများအားလုံး အလေ့အကျင့်ကောင်းများဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အလားအလာကောင်းတစ်ခု၊ စိန်ခေါ်မှုကြီးကြီးမားမားတစ်ခုကို ဖြတ်သန်းကြသည်ဆိုသော်လည်း အများပြည်သူတို့ စည်းကမ်းအသစ်တစ်ခုကို လိုက်နာကြရသည်ဟုခံယူကာ အသိစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပါဝင်ဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်သို့ရောက်အောင် မဖြစ်မနေဆောင်ရွက်တတ်သည့် အလေ့အထကို မွေးမြူကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကို ကြောက်မက်ဖွယ်ကောင်းသောရောဂါဘေးဟု စိုးရိမ်ထိတ်လန့်မှု အလွန်အကျွံမဖြစ်ဘဲ ကိုဗစ်-၁၉ ရောဂါသည် မိမိတို့အားလုံး စည်းလုံးညီညွတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုတို့ကို စစ်ဆေးနေသည်ဟု ခံယူထားလျှင် ရောဂါကင်းဝေးပြီး ရည်မှန်းခရီးလမ်းသို့ ဖြောင့်တန်းစွာ လျှောက်လှမ်းသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါသည် ပြည်သူများအားလုံး ခွဲ၊ လုံ့လ၊ သတ္တိ၊ စေတနာ၊ မေတ္တာ၊ စည်းကမ်း၊ ညီညွတ်မှု စသည့် ကိုယ်ခံအရည်အချင်းကောင်းများရှိ၊ မရှိကို စမ်းသပ်စစ်ဆေး ပညာပေးနေသည်နှင့်အလားတူသဖြင့် မိမိတို့ရည်မှန်းရာပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိရေးအတွက် ကိုဗစ်-၁၉ စိန်ခေါ်မှုကို ကျော်လွှားနိုင်မည့် ကိုယ်ခံစွမ်းအားအရည်အချင်းများ ဖြစ်ပေါ်လာအောင် မွေးမြူကြရမည်ဖြစ်ပါကြောင်း။ ။

# အစိုးရကိုယ်စားလှယ်များနှင့် ကရင်အမျိုးသားအစည်းအရုံးတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။



အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် စစ်ဆေးသည့် (Screening Point) များနှင့် နိုင်ငံတကာ အကူအညီရယူမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ဆွေးနွေးမှုများနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက “ ဒီနေ့ KNU နဲ့ ဒုတိယအကြိမ် အွန်လိုင်းအစည်းအဝေး ကျင်းပပါတယ်။ ဆွေးနွေးတဲ့ အဓိကအချက်တွေကတော့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် စစ်ဆေးတဲ့စခန်း (Screening Point) တွေမှာ တစ်ဖက်နဲ့တစ်ဖက်ကြားမှာ အထင်လွဲမှားမှုတွေဖြစ်ခဲ့တာရှိတယ်။ အဲဒီအပေါ်မှာ ညှိနှိုင်းဆွေးနွေးခဲ့တယ်။ နောက်တစ်ခုက နိုင်ငံတကာ အကူအညီပေးရေးကိစ္စတွေ ဆွေးနွေးတယ်။ အဲဒီ ခေါင်းစဉ်နှစ်ခုကို အဓိကထားဆွေးနွေးခဲ့တာ ရှိပါတယ်။ KNU ဘက်က ရှင်းပြတာကတော့ Screening Point တွေမှာ ယူနီဖောင်းဝတ်ပြီးတော့ မဆောင်ရွက်ဘူး။ လက်နက်ကိုင်ဆောင်ပြီးတော့လည်း မဆောင်ရွက်ဘူး။ KNU ဘက်က ကျန်းမာရေးဝန်ထမ်းနဲ့ KNU ရဲတပ်ဖွဲ့လို သူတွေက ကိုဗစ်-၁၉ ဆိုတဲ့ ကုတ်အင်္ကျီဝတ်ပြီး ဆောင်ရွက်မယ်လို့ ရှင်းပြတာတွေ့ရတဲ့အတွက် ကော်မတီအနေနဲ့ ပြန်လည်ညှိနှိုင်းဆွေးနွေးတာတွေလည်းရှိတယ်။

“နိုင်ငံတကာအကူအညီရယူဖို့ ကိစ္စမှာတော့ ပြီးခဲ့တဲ့ ဆွေးနွေးပွဲမှာတုန်းက Option သုံးခုကို ဆွေးနွေးခဲ့တယ်။ အဲ့ဒီအထဲကမှ နှစ်ဖက်ယုံကြည်မှုတည်ဆောက်နိုင်မယ့် အရာမျိုးကို ဆွေးနွေးခဲ့တယ်။ ကောင်းမွန်တဲ့ ဆွေးနွေးပွဲလို့ ပြောနိုင်ပါတယ်။ နောက်လိုအပ်ရင်တော့ KNU အပါအဝင် ကိုဗစ်ကိစ္စကို ချောချောမွေ့မွေ့ထိန်းချုပ် ကာကွယ်ကုသနိုင်ဖို့ နောက်ထပ်ဆွေးနွေးပွဲတွေ ဆက်လက်ဆောင်ရွက်ဦးမှာ ဖြစ်ပါတယ်။ အခု လကုန်လောက်မှာ အဝေးရောက် မြန်မာနိုင်ငံသား အလုပ်သမားတွေအနေနဲ့ ပြန်လည်ဝင်ရောက်ဖို့ အထူးသဖြင့် ထိုင်းနိုင်ငံက ပြန်လည်ဝင်ရောက်ဖို့ ရှိပါတယ်။ ဒီလို ကိစ္စတွေမှာလည်း နယ်စပ်ဒေသတွေမှာရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားဖို့ ရှိပါတယ် ” ဟုပြောသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ကိုယ်စားလှယ်များအဖြစ် ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ အထွေထွေအတွင်းရေးမှူး ပဒိုစောတာဒိုမူးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်း- ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅- ၅ -၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၁,၅၀၀ | ၂,၄၂၂ | ၂၆,၄၂၈,၅၀၀ |
| MTSH | ၃,၇၅၀ | ၃,၈၀၀ | ၉,၃၆၅ | ၃၅,၄၆၄,၁၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၄,၀၀၀ | ၂၄,၀၀၀ | ၁,၇၀၃ | ၄၀,၈၇၂,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁,၅၁၀ | ၄,၂၂၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၅

ရန်ကုန်(ရွှေဈေး) ၁၂၁၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၈၀/၅၂၀ ကျပ် | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၃၀/၅၅၅ ကျပ် | ၆၀၅/၇၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၀၀/၄၆၀ ကျပ် | ၄၇၀/၄၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၉၀/၅၃၀ ကျပ် | ၅၃၀/၅၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၄၅/၄၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၅/၄၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၄၀၅/၄၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၆.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၂.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၀၉၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၁၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၈.၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၃၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၇.၂၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၇.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | | |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **အကြီးတန်း သတင်းထောက်များ** | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | **စာပြင်** | - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန စီမံချက်လုပ်ငန်းများ၏ သတင်းအချက်အလက်စနစ်များ ပိုမိုကောင်းမွန်စေရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၅**

ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး စီမံချက် လုပ်ငန်းများ၏ သတင်းအချက်အလက်စနစ်များ ပိုမို ကောင်းမွန်စေရေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မှန်ကန်ပြည့်စုံမှုအရေးကြီး**

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် တိကျမှန်ကန်သော စာရင်းဇယားနှင့် သတင်းအချက်အလက် ရရှိရန်သည် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာန ဘဏ္ဍာငွေ၊ ရန်ပုံငွေ၊ အရင်းအမြစ်များကို အလေအလွင့်နည်းပါးစွာဖြင့် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန်၊ ဦးစားပေးအစီအစဉ်များ သတ်မှတ်ကာ လိုအပ်သည့်နေရာများသို့ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းနည်းဗျူဟာ များ၊ လုပ်ငန်းစဉ်များ၏ အောင်မြင်ထိရောက်မှု အခြေအနေ များကို ဆန်းစစ်သိရှိနိုင်ရန်တို့အတွက် စာရင်းဇယားနှင့် သတင်းအချက်အလက်များ မှန်ကန်ပြည့်စုံမှုသည် အထူး အရေးကြီးပါကြောင်း။



ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်လုပ်ငန်းများ အနေဖြင့် ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် လက်တွေ့ ကွင်းဆင်းဆောင်ရွက်မှုနှင့် ကြီးကြပ်မှုများ မပြုလုပ်နိုင် သည့်ကာလအတွင်း သတင်းအချက်အလက်စနစ် ပိုမို ကောင်းမွန်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် လက်ရှိကောက်ယူနေသည့် စာရင်း ဇယားနှင့် သတင်းအချက်အလက်များ၊ အဆိုပါ သတင်း အချက်အလက်များကို လက်တွေ့အသုံးချမှု အခြေအနေ၊ သတင်းအချက်အလက်များကို ဆန်းစစ်သုံးသပ်မှုများပြု လုပ်ပြီး သတင်းအချက်အလက်ပေးပို့သူများထံ ပြန်လည် အသိပေးအကြောင်းကြားမှု၊ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်ချက်နှင့် အားနည်းချက်များ စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြစေလိုပါ ကြောင်း၊ စာရင်းဇယားနှင့် သတင်းအချက်အလက် ကောက်ယူမှုပုံစံ(form) များ၊ သတင်းအချက်အလက် အဓိပ္ပာယ်သတ်မှတ်ချက်များ (definition) များကို ပြန်လည် ဆန်းစစ်၍ လိုအပ်သလို မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း။

**အသုံးချသုတေသန ပိုမိုဆောင်ရွက်**

ကျန်းမာရေးစီမံချက်များ၏ သတင်းအချက်အလက် များသည် ဝန်ကြီးဌာန၏ ကျန်းမာရေးသတင်းအချက် အလက်စနစ်နှင့် ချိတ်ဆက်မှုရှိရမည်ဖြစ်ပါကြောင်း၊ လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသော သတင်းအချက် အလက်စီမံခန့်ခွဲမှုလုပ်ငန်းများကို သိရှိနိုင်ရန်၊ အခက်အခဲ နှင့် လိုအပ်ချက်များကို သိရှိနိုင်ရန် Video conferencing စနစ်ဖြင့် ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ရှိသူများ အကြား ဆွေးနွေးမှုများ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းသဘောသဘာဝနှင့် လုပ်ငန်းကဏ္ဍ နီးစပ်တူညီ သော ကျန်းမာရေးစီမံချက်လုပ်ငန်းများအနေဖြင့် လုပ်ငန်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပိုမို အကျိုးရှိ ထိရောက်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များကို အသုံးပြု၍ သတင်းအချက်အလက်များ ပေးပို့ခြင်း၊ ကောက်ယူခြင်းနှင့် မွမ်းမံသင်တန်းများပေးခြင်းတို့ကို လုပ်ဆောင်ရမည် ဖြစ်ပါ ကြောင်း၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့် ကျန်းမာရေး စီမံချက်လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုသော အသုံးချသုတေသနများကို ပိုမို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**စနစ်တကျသုံးစွဲတတ်ရေး ဆောင်ရွက်**

သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များအနေ ဖြင့် မိမိတို့တာဝန်ယူကြီးကြပ်ရသော ကျန်းမာရေးစီမံချက် လုပ်ငန်းများ၏ နှစ်ပတ်လည် အစီရင်ခံစာ (annual report) ကို ပြုစုထုတ်ဝေကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး၊ ကျန်းမာရေးစီမံချက်အားလုံးတွင် ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျသုံးစွဲတတ် သည့် ယဉ်ကျေးမှုပိုမိုဖြစ်ထွန်းလာရေးဆောင်ရွက်သွားရ မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ကလေး ကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့် မျိုးဆက်ပွား ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးဌာနခွဲများမှ သတင်း အချက်အလက်စနစ်များ၏ လက်ရှိအခြေအနေ ခြုံငုံသုံးသပ် မှုများကို တင်ပြခဲ့ပြီး ကျောင်းကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူအေး၊ ကလေး ကျန်းမာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သီဂီအောင်၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်မိုရ်စိုး၊ အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ လွင်မာလှိုင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကျန်းမာရေးစီမံချက်လုပ်ငန်းအလိုက် လက်ရှိကောက်ယူ နေသည့် စာရင်းဇယားနှင့် သတင်းအချက်အလက်များ၊ အဆိုပါ သတင်းအချက်အလက်များကို လက်တွေ့အသုံးချမှု အခြေအနေ၊ သတင်းအချက်အလက်များကို ဆန်းစစ် သုံးသပ်မှုများပြုလုပ်ပြီး သတင်းအချက်အလက်ပေးပို့သူ များထံ ပြန်လည်အသိပေးအကြောင်းကြားမှု၊ မွမ်းမံပြင်ဆင် ရန် လိုအပ်သည့်ကဏ္ဍများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာ သာထွန်းကျော်နှင့် တာဝန်ရှိသူများက ဆွေးနွေးအကြံပြု ခဲ့ကြသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ဆိုင်ရာလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းများကို ပံ့ပိုးကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၅**

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး ရှိ Quarantine Center များနှင့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်များတွင် စေတနာ့ဝန်ထမ်းများ ကူညီ ဆောင်ရွက်ပေးရာ၌ လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက် နိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက် ပေးနိုင်ရန် အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင် အဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ကျင်းပသည်။

**အဆင်ပြေချောမွေ့စေရန်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ Quarantine Center များနှင့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်များတွင် စေတနာ့ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုစေတနာ့ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့် သင်တန်းများပို့ချ ခြင်း၊ စေတနာ့ဝန်ထမ်းလက်စွဲစာအုပ်များ ဖြန့်ဝေပေးခြင်း တို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍ စေတနာ့ ဝန်ထမ်း တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ရန် လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာ့ဝန်ထမ်း များ၏ ကူညီဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရန် အတွက် မြို့နယ်စေတနာ့ ဝန်ထမ်းပံ့ပိုးကူညီရေး အဖွဲ့များ လည်း ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ် အနေအထိုင်၊ အစားအသောက်၊ အသွားအလာ အဆင်ပြေစေရန်နှင့် စနစ်တကျအနားယူနိုင် ရန် လိုအပ်ကြောင်း၊ ဒေသအလိုက်မြေပြင်၌ လက်တွေ့ အခြေအနေတွင် လိုအပ်ချက်များ အခက်အခဲများကိုလည်း သိရှိရန်လိုအပ်ကြောင်း၊ သို့မှသာ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ ရည်မှန်းချက် များနှင့်အညီ ညှိနှိုင်းပံ့ပိုးကူညီဖြေရှင်းပေးနိုင်မည်ဖြစ် ကြောင်း၊ ထိရောက်သော လုပ်ငန်းအကောင် အထည်ဖော်မှု များ အချိန်နှင့်တစ်ပြေးညီ လက်တွေ့ဖြစ်ပေါ်လာစေရန် အရေးကြီးကြောင်း၊ ထို့ကြောင့် အတွင်းရေးမှူးရုံးအဖွဲ့က လိုအပ်ချက်များ လေ့လာဆန်းစစ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူ များက လက်ရှိဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြ သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေး မှူးချုပ်များနှင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

### ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၅ ရက်ထုတ် ကြေးမုံသတင်းစာရှေ့ဖုံးတွင် ဖော်ပြပါရှိသည့် **ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ပြန်ဝင်လာသည့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သား ခုနစ်သောင်းကျော်ရှိ** သတင်းခေါင်းစဉ်အစား **ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ပြန်ဝင်လာသည့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သား ခုနစ်ထောင်ကျော်ရှိ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းအဖွဲ့


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်


ဒုတိယဝန်ကြီး
ဦးစိုးအောင်


လဲချားမဲဆန္ဒနယ်မှ
ဦးစိုင်းဥက္ကာ


စဉ့်ကိုင်မဲဆန္ဒနယ်မှ
ဒေါက်တာကြည်မို့မို့လွင်


ချီဖွေမဲဆန္ဒနယ်မှ
ဦးဖုံးတိန့်

**❍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးစိုးမင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ဘဏ်ခွဲများ၏ စီးပွားရေးအရ ဖြစ်နိုင်ခြေ သုံးသပ်ချက်၊ ဒေသဆိုင်ရာ စီးပွားရေးအထောက်အကူပြုမှု၊ ဘဏ်လုံခြုံရေး၊ ငွေထုတ်ငွေသွင်းလာကြသော ပြည်သူများနှင့် ဘဏ်လုပ်ငန်းများ ဘေးကင်းလုံခြုံရေးတို့ကို စီစဉ်ထားခြင်း ရှိ၊ မရှိ တင်ပြချက်များကို စိစစ်သုံးသပ်ပြီးမှသာ ဘဏ်ခွဲလုပ်ငန်းများ ဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်ပါကြောင်း။

အထက်ပါညွှန်ကြားချက်များအရ ဘဏ်များအနေဖြင့် ငွေသွင်းငွေထုတ်လာကြသော ပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘဏ်လုံခြုံရေးဝန်ထမ်းများထားရှိ၍ စောင့်ကြပ်စေခြင်း၊ ဘဏ်အဆောက်အအုံ ပတ်ဝန်းကျင်နှင့် ဝန်ဆောင်မှုပေးသောနေရာများတွင် CCTV ကင်မရာများ တပ်ဆင်စောင့်ကြည့်ခြင်း၊ အဓိကဝင်ပေါက် တစ်ပေါက်သာထားရှိပြီး Banking Hour ကုန်ဆုံးသည်နှင့် သော့ခတ်၍ပိတ်ခြင်း၊ ဘဏ်ဝန်ထမ်းများမှလည်း လုံခြုံရေးအတွက် ဂရုပြုစောင့်ကြပ်ခြင်း၊ နေ့၊ ည လုံခြုံရေးဝန်ထမ်းများ ထားရှိခြင်းနှင့် လုံခြုံရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာစေခြင်း၊ လုံခြုံရေးစီမံချက်များ ရေးဆွဲထားရှိစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်တိုးလုံခြုံရေး အစီအစဉ်များအဖြစ် နိုင်ငံတကာဘဏ်များတွင် ကျင့်သုံးသည့် အရေးပေါ် အချက်ပေးစနစ်များ တပ်ဆင်ထားရှိရေးအစီအစဉ်များကို သင့်လျော်စွာ ချမှတ်ကျင့်သုံးသွားစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တိုက်တွန်းထားရှိပါကြောင်း။

**တိုးတက်ကောင်းမွန်မှုရှိစေရန် ဆောင်ရွက်လျက်ရှိ**

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ကြီးကြပ်ကွပ်ကဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့် စည်းမျဉ်းများအား လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိ ဘဏ်များသို့ သွားရောက်စစ်ဆေးခြင်းနှင့် ဘဏ်များမှ ပေးပို့လာသော အစီရင်ခံစာများကို စိစစ်သုံးသပ်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဘဏ်များအနေဖြင့် အထက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိနှင့် အားနည်းမှုရှိသည့် ကိစ္စများကို အစဉ်တစိုက်ထောက်ပြ၍ တိုးတက်ကောင်းမွန်မှုရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်၏ နိုင်ငံတစ်ဝန်းလုံးတွင် တည်ထောင်ဖွင့်လှစ်ထားသော ပရဟိတဂေဟာ အရေအတွက်နှင့် တည်ထောင်ခွင့်ပြုမိန့်ပေးရာတွင် မည်ကဲ့သို့စိစစ်၍ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ဂေဟာကြီးကြပ်မှုကော်မတီများက အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးများက ပုံမှန်ကြီးကြပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဂေဟာကြီးကြပ်မှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိနည်းဥပဒေရေးဆွဲနေစဉ်ကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ လုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၏ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ International Humanitarian Law (IHL)အား အကောင်အထည်ဖော်ခြင်းအတွက် နိုင်ငံအဆင့် အမျိုးသားကော်မတီ National Committee အား မြန်မာနိုင်ငံတွင် ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က IHL နှင့်ပတ်သက်သည့် ဥပဒေရေးဆွဲနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုကို Focal Ministry သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း၊ ထို Focal Ministry က ဦးဆောင်ပြီး ပါဝင်ပတ်သက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို စုပေါင်း၍ အမျိုးသားကော်မတီကို ဖွဲ့စည်းပြီးမှသာ ဥပဒေတစ်ရပ်ကို ရေးဆွဲနိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ယင်းဥပဒေထဲတွင် အမျိုးသားကော်မတီဖွဲ့စည်းခြင်း ပါဝင်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ဆောင်ရွက်ပေးသွားမည်**

မာန်အောင် မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်၏ မာန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိနေသည့် မြေနိမ့်ပိုင်းကျေးရွာများအား လေမုန်တိုင်းဒဏ်ခံအဆောက်အအုံ Cyclone Shelter များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် Shelter များ ထပ်မံလိုအပ်မှု အခြေအနေနှင့် လိုအပ်မှုရှိပါက အဆိုပါ ကျေးရွာများ၏ လူဦးရေ၊ တည်ဆောက်ပြီးဖြစ်သည့် Shelter များနှင့် အကွာအဝေးတည်ဆောက်ရန်လျာထားသည့် Shelter များသို့ သွားရာလမ်းကြောင်း အခြေအနေ၊ မြေနေရာ စီစဉ်ဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့အပေါ်မူတည်ပြီး ထည့်သွင်းတွက်ချက်ကာ မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာရပ်ကွက် ၁၁ နေရာအတွက် Cyclone Shelter လိုအပ်မှုအခြေအနေတို့ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဦးစားပေးအလိုက် လာမည့် ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၏ လဲချားမြို့နယ် တပ်မောက်ကျေးရွာအုပ်စုနှင့် နမ့်လေကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပါရင်တံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပါရင်သစ်သားတံတား ပေ ၉၀ အား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်ကော်မတီများမှ အသေးစိတ် ကွင်းဆင်းလေ့လာစိစစ်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ၊ ခန့်မှန်းတွက်ချက်မှု စသည်တို့နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့တင်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်ချက်နှင့် ဖြစ်နိုင်ခြေအပေါ်မူတည်၍ အမှန်တကယ်အကျိုးပြုနိုင်မှု ရှိ၊ မရှိ သုံးသပ်ပြီး ရန်ပုံငွေရရှိရေး ထောက်ခံတင်ပြလာပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဆိုက်ခေါင် အိမ်တွင်းသက်မွေးပညာသင်ကျောင်း၏ လိုအပ်နေသေးသော ဆောင်ရွက်ရန်ကိစ္စများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းပေးပြီး အမြန်ဆုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဆိုက်ခေါင် အိမ်တွင်းမှုသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများကိုလည်း ခွဲဝေလျာထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်တွင် Chain Link ခြံစည်းရိုးကာရံခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လတွင် နှစ်ထပ်အိပ်ဆောင် ဆောက်လုပ်ခြင်း၊ ခြောက်ခန်းတွဲနည်းပြဆောင် ဆောက်လုပ်ခြင်း၊ ရှစ်ခန်းတွဲ ရေချိုးခန်းနှင့် သန့်စင်ခန်းများ ဆောက်လုပ်ခြင်း၊ မီးသွယ်တန်းခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဂိုဒေါင်နှင့် စားရိပ်သာဆောက်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျောင်းတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ မီးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ ကျန်ရှိနေသေးသည့် အုပ်ချုပ်ရေးမှူးရုံးနှင့် သင်တန်းခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြခဲ့သော်လည်း ရန်ပုံငွေခွဲဝေဖြတ်တောက်မှုအရ ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက သင်တန်းကျောင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ထည့်သွင်းလျာထား**

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ လှိုင်လင်မြို့နယ် နောင်လိုင်ကျေးရွာအုပ်စု နောင်မက်မီးရွာအဝင်လမ်းရှိ ကျောက်ချောလမ်း ၂၆၆၃ ပေအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လှိုင်လင်မြို့နယ် နောင်လိုင်ကျေးရွာအုပ်စု နောင်မက်မီးကျေးရွာအဝင်လမ်းတွင် ကတ္တရာခင်းရန်လိုအပ်သည့် (၅/၄)မိုင်အနက် နှစ်မိုင်ကတ္တရာလမ်း အဆင့်မြှင့်တင်ရန်အတွက် မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးအစီအစဉ် ၇ ဖြင့် အဆိုပြုတင်ပြချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ မြို့နယ်အလိုက် အချိုးကျခွဲဝေရရှိသည့် ရန်ပုံငွေ လုံလောက်မှုရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့်၏ ချီဖွေမြို့နယ် နိုဖုံဘော် အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၏ မြဝတီမြို့နယ် တောင်နီကျေးရွာ မူလတန်းကျောင်းတွင် ပျက်စီးပြုတ်ကျလျက်ရှိသော ကျောင်းမျက်နှာကြက်နှင့် ပြတင်းတံခါးတို့ကို ပြုပြင်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့်၏ စဉ့်ကူးမြို့နယ်၏ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ နေ့စားလပေးရုံးဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေး မည်ကဲ့သို့ စီစဉ်ထားသည်ကို သိလိုခြင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပြီး မြစ်ရေတက်လာမှုအပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထား လိုက်နာကြရန် လိုအပ်သည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါ်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမြှုပ်ပေါ် ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခု အကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ် နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏ သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား စည်းလုံးညီညွတ်စွာ နေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ပြည်ထောင်စုတစ်ခုတည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

*[ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏*
*၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*



❒ ကျောဖုံးမှ

ဖောက်လုပ်ရန်အတွက် လိုအပ်သောမြေနေရာအား သက်ဆိုင်ရာများမှ အသုံးမလိုသည့် သိမ်းဆည်းမြေများအား ပြန်လည်စွန့်လွှတ်အပ်နှံခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ သိရှိလိုသည့်မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကျိုင်းတုံ-ဝမ်ကောင်းလမ်းပိုင်းတွင် မြန်မာ့မီးရထားမှ သိမ်းယူခဲ့သည့် လမ်းအူကြောင်း သိမ်းဆည်းမြေ ၉၉ ဒသမ ၅၇၉ ဧကကို ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် ၉၄ ဒသမ ၁၇၃ ဧက လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ကျိုင်းတုံဘူတာ ယာဒ်ဝင်းမြေ ၄၂ ဒသမ ၄၂ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ပါကြောင်း၊ ၅ ဒသမ ၄၀၆ ဧကကို မူလတောင်သူများသို့ ပြန်လည်စွန့်လွှတ်မည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ဂေါက်ကွင်းနေရာ မပျောက်ပျက်စေရေး**

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ ရန်ကုန်မြို့ ပြည်လမ်း (၉)မိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်းပိုင်မြေအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ မြန်မာဂေါက်သီးရိုက်အသင်းပိုင် မြေငှားဂရန်စာချုပ်ကို သိမ်းယူကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ထားခဲ့ခြင်းကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ခြင်းနှင့်ပတ်သက်၍ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ မရှိနှင့် ပေးအပ်ရန်ရှိပါက မည်သည့်အချိန်တွင် ပြန်လည်ပေးအပ်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ယခင် အားကစားဝန်ကြီးဌာန၏ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ နိုင်ငံတော်မှ လွှဲပြောင်းပေးအပ်ခဲ့ခြင်း၊ ဂေါက်ကွင်းနေရာ မပျောက်ပျက်စေရေးအတွက် ဌာနမှ စီမံဆောင်ရွက်ခဲ့ခြင်း၊ ယနေ့တိုင် အဆိုပါဂေါက်ကွင်းအား ဌာနမှ ဝင်ရောက်စွက်ဖက်ကြိုးကြပ်ခြင်းမရှိဘဲ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းမှသာ စီမံခန့်ခွဲလျက်ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်ဖြစ်သော အားကစားကွင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အားကစားကွင်းများ မပျောက်ပျက်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မိမိ၏ ပေးထားသော တာဝန်ကို ဆက်လက်တာဝန်ယူပြီး ထိန်းသိမ်းစောင့်ရှောက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း



ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးမောင်မောင်အုန်း



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ
ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ်



ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးဆီဟူးဒွေ့

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ဇော်လင်းထွဋ်၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထုကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်ပေးနိုင်ရန် ပြင်ပအထွေထွေရောဂါကုဆရာဝန် (General Practitioners)များ တက်ရောက်နေသော Diploma သင်တန်းများအား အဆင့်မြှင့်၍ Master ဘွဲ့သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် ဆေးပညာမဟာသိပ္ပံ(မိသားစုကျန်းမာရေး ဆေးပညာ)ဘွဲ့လွန်သင်တန်းအား ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်မှစ၍ ဆေးတက္ကသိုလ်(၁)(ရန်ကုန်)၊ ဆေးတက္ကသိုလ် (မန္တလေး)နှင့် ဆေးတက္ကသိုလ်(၂) (ရန်ကုန်)တို့တွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် စတင်စီစဉ်ဆောင်ရွက်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများနှင့်အတူ လျှောက်လွှာခေါ်ယူခြင်းကို ဆက်လက်ဆောင်ရွက်ရန်စီစဉ်နေပါကြောင်း ဖြေကြားသည်။

**အေးမြသာယာ-ကဘူဒမ်းလမ်း**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့၏ မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာနှင့် နန်းကွေ့ကျေးရွာအုပ်စု၊ ကဘူဒမ်းကျေးရွာအား ဆက်သွယ်ထားသော အေးမြသာယာ-ကဘူဒမ်းလမ်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာကျော်လင်းက မြစ်ကြီးနားမြို့နယ် အတွင်းရှိ အေးမြသာယာ-ကဘူဒမ်း ကျေးရွာချင်းဆက်လမ်းအရှည် သုံးဖာလုံအား ၁၂ ပေအကျယ် မြေသားလမ်း တိုးချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ ချင်းပြည်နယ် ပလက်ဝမြို့နယ် ချိုင်းစနူးကျေးရွာအုပ်စုနှင့် မှုံတနူးကျေးရွာအုပ်စုကြား ဆက်သွယ်ထားသည့် လေးချောင်းကြိုးတံတားအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လေးချောင်းလူကူးတံတားကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် တံတား၏ဆွေးမြည့်ပျက်စီးနေသော အစိတ်အပိုင်းများအား အစားထိုးလဲလှယ်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တံတားအသစ်ပြန်လည်တည်ဆောက်ရန် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နောက်ပိုင်းကာလများတွင် ရန်ပုံငွေထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ရှင်းလင်း**

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ သံတွဲ(ငပလီ -မဇင်)လေဆိပ်ကို နိုင်ငံတကာ ခရီးစဉ် ပျံသန်းစေမည့် လေယာဉ်များ ဝင်ရောက်/ထွက်ခွာနိုင်သော အကောက်ခွန်လေဆိပ် (Custom Aerodrome) အဖြစ်၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ ချင်းပြည်နယ် မတူပီခရိုင် မတူပီမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အင်္ဂါရပ်နှင့် ညီညွတ်သည့် ခုတင် (၁၀၀)ဆံ့ ခရိုင်ဆေးရုံအဖြစ် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၏ နိုင်ငံတော်အစိုးရ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၂၉/စီ – ၁)၊ မြေကွက်အမှတ် (၇ –အေ)နှင့်ပတ်သက်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ စီမံခန့်ခွဲသော အစိုးရမြေကို လေလံတင်ရောင်းချခဲ့ခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးက ဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် တင့်လွင်က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

**ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်**

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်း ပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# စာအုပ်များကို ရှိသေပါ

**အန်ကယ်ပညာ**

"ဖေဖေ အခုလိုလုပ်တော့ စာအုပ်တွေပျက်စီးကုန်မှာပေါ့"ဟု သမီးထွေးက ဆိုသည်။ "Book Mark တစ်ခုသွားယူပြီး ဖေဖေ့စာအုပ်မှာ မှတ်ထားပေးလိုက်ပါ"ဟု သမီးကြီးက သမီးထွေးကို ပြောနေသည်။ "ဖေဖေက စာအုပ်ကိုင်တာ အကြမ်းစားကြီး"ဟု သမီးလတ်က ခေတ်စကားနှင့် ပြောပြန်သည်။

ဖတ်လက်စစာအုပ်ကို စာကြည့်စားပွဲပေါ်တွင် ဖွင့်လျက်သား မှောက်တင်ထားသည်ကို တွေ့ရသဖြင့် ညီအစ်မသုံးယောက်က ကျွန်တော့်ကို သြဘာပေးနေကြခြင်းဖြစ်သည်။ သမီးထွေးက ကျွန်တော်မှောက်လျက်ချထားသည့်စာမျက်နှာတွင် Book Mark တစ်ခုဖြင့် ညှပ်၍ စာအုပ်ကို ပိတ်ပေးထားသည်။

ကျွန်တော့်တွင် ထိုအကျင့်မျိုးမရှိ။ စာအုပ်တစ်အုပ်ကိုဖတ်စဉ် စာမျက်နှာနံပါတ်ကို စိတ်ဖြင့်မှတ်သည်လည်း ရှိသည်။ ထိုသို့မဟုတ်ပါက စာအုပ်ပါအကြောင်းအရာ စုဖွဲ့မှုအရ အခန်းတစ်ခု၏ အဆုံးဟု မှတ်လိုက်သည်လည်း ရှိသည်။ အိပ်ရာပေါ်တွင် ဖတ်ရင်းအိပ်ပျော်သွားပါက ဆက်ဖတ်သည့်အချိန်တွင် ဖတ်ပြီးဖြစ်သည့် စာမျက်နှာများကို အကြမ်းဖျင်းပြန်ဖတ်ပြီး ဆက်စပ်ရသည်လည်း ရှိသည်။

ဖတ်နေစဉ် အကြောင်းအမျိုးမျိုးကြောင့် ခေတ္တရပ်နားရပါမူကား စာအုပ်ကို အဆင်ပြေရာနေရာတွင် ဤသို့မှောက်လျက် ချထားလိုက်သည်သာဖြစ်၏။ စာမျက်နှာမှတ်သည့် ကတ်ထူပြားလေးကို သုံးလေ့မရှိ။ သို့ဖြစ်၍ ကျွန်တော်ဖတ်ပြီးသည့်စာအုပ်များသည် ပွရောင်းရောင်းဖြစ်နေလေ့ရှိသည်။ စာအုပ်မျက်နှာဖုံး အဖျားလေးများ ကော့လန်နေတတ်သည်။ ဤမျှကိုပင် သမီးများက စာအုပ်ပျက်စီးသည်ဟုဆိုကာ လက်မခံချင်ကြ။

အမှန်အားဖြင့် ကျွန်တော်သည်လည်း စာအုပ်ချစ်သူတစ်ဦးဖြစ်ပါသည်။ စာအုပ်တစ်အုပ် ပျက်စီးသွားမည်ကို စိုးရိမ်တတ်ပါသည်။

စာရွက်များကို ကျိုးကြေပျက်စီးစေသည့် စာရွက်ထိပ်ထောင့်ကို ခေါက်၍သော်လည်းကောင်း၊ စာရွက်တစ်ရွက်လုံးကို ဒေါင်လိုက်ခေါက်၍သော်လည်းကောင်း စာမျက်နှာမှတ်ခြင်း မလုပ်ဖြစ်အောင် သတိထားရပါသည်။

အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ စာမျက်နှာမှတ်သည့် အလေ့အကျင့်သည် ငယ်စဉ်ကပင် အရိုးစွဲလာသောကြောင့် ဖြစ်ပါသည်။ အလွန်လွယ်သောနည်းဖြစ်သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့ရာတွင် ထိုအရိုးစွဲအကျင့်ကိုဖျောက်ဖျက်ပြီး အထက်တွင်ဖော်ပြခဲ့သည့် စာမျက်နှာမှတ်နည်းများကို ပြောင်းလဲကျင့်သုံးလာသည်မှာ ကြာခဲ့ပါပြီ။ စာမျက်နှာမှတ်သည့်ကတ်ထူပြားလေးကိုကား မသုံးဖြစ်ခဲ့ပေ။

သမီးများက ထိုအကျင့်ကို စောစီးစွာရကြ၍ ဝမ်းမြောက်မိပါသည်။ ထိုအကျင့်ကြောင့်ဖြစ်မည် ထင်ပါသည်။ သမီးများဖတ်ပြီး၍ ကျွန်တော့်ထံပို့လိုက်သည့် စာအုပ်တိုင်းသည် ပကတိအသစ်အတိုင်းပင် ထင်ရပါသည်။ ဤစကားအတွက် ရှင်းလင်းချက်လိုမည် ထင်ပါသည်။

ကျွန်တော်၏ အလုပ်အကိုင်သည် နေပြည်တော်တွင်ဖြစ်သည်။ သမီးများက ရန်ကုန်တွင် ကျောင်းတက်ကြသည်။ ဇနီးသည်က ကျွန်တော့်ထံနှင့် သမီးများထံ ကူးချည်သန်းချည်ဖြစ်သည်။ သမီးများက သူတို့ဖတ်ချင်သည့်စာအုပ်များကို ဝယ်ပြီး ညီအစ်မသုံးယောက်အလှည့်နှင့်ဖတ်ကြသည်။ သူတို့ဖတ်ပြီးသည့်စာအုပ်များကို ဇနီးသည်က ကျွန်တော့်ထံသယ်လာပေးသည်။ အသစ်အတိုင်းထင်ရသည်ဟု ဆိုခဲ့သောစာအုပ်များသည် ထိုစာအုပ်များကိုဆိုလိုခြင်း ဖြစ်ပါသည်။

ယခုလို သမီးများအားလုံးကျောင်းပိတ်ရက်ရှည်ရသည့်အခါများတွင် မိသားစုအားလုံး နေပြည်တော်တွင် ဆုံကြသည်။ ခရီးရှည်သွားကြသည်။ ယခုနှစ်တွင် ခရီးရှည်သွားရန် အကြောင်းမတိုက်ဆိုင်သဖြင့် အိမ်၌ပင် စာဖတ်ရင်း၊ ဆိုရှယ်မီဒီယာသုံးရင်း၊ စားချင်သည်များကို ချက်ပြုတ်စားသောက်ရင်း၊ စကားပြောကြရင်းဖြင့် သူတို့၏ကျောင်းပိတ်ရက်တို့ကို ကုန်လွန်စေလျက်ရှိကြသည်။

ဤသို့ နေကြရင်းဖြင့် ကျွန်တော်စာအုပ် အကိုင်ကြမ်းသည့်ကိစ္စနှင့်ပတ်သက်၍ သမီးများ၏ လက်တွေ့ပြုပြင်ပေးခြင်းကို ခံနေရခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ထိုကိစ္စနှင့် လုံးလုံးလျားလျားသက်ဆိုင်သည်ဟု မဆိုသာသော်လည်း တစ်ချိန်က စာအုပ်အငှားဆိုင်ယဉ်ကျေးမှုလေးကို ပြန်ပြောင်းပြောပြဖြစ်ခဲ့ပါသည်။

"ဖေဖေတို့ငယ်ငယ်က စာဖတ်ချင်ရင်သမီးတို့လို စာအုပ်ဝယ်ဖတ်စရာမလိုဘူး၊ စာအုပ်အငှားဆိုင်မှာ ငှားဖတ်လို့ရတယ်၊ စာအုပ်ငှားခက ၂၅ပြား၊ ပြား ၅၀ ကနေ ဈေးအကြီးဆုံးမှ နှစ်ကျပ်ပဲ ပေးရတာ"။

ဈေးနှုန်းကို စိတ်ဝင်စားကြသည်လား၊ စာအုပ်အငှားဆိုင်ဆိုသည်ကို စိတ်ကူးနှင့်ပုံဖော်လို့ မရကြ၍လားတော့ မသိပေ။ ကျွန်တော်ပြောသည့် အကြောင်းအရာကို စိတ်ဝင်စားကြဟန်တွေ့ရ၍ ပြောအားရှိသွားသည်ကား သေချာပေသည်။

"အဲဒီတုန်းက စာအုပ်အငှားဆိုင်ဆိုတာ စီးပွားရေးလုပ်ငန်းတစ်ခုပဲ၊ ဆိုင်ခန်းလေးတစ်ခန်းဖွင့်၊ အငှားဆိုင် ဆိုင်းဘုတ်လေးချိတ်ပြီး လစဉ်ထွက်တဲ့ သုတရသစာအုပ်တွေ၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေကိုဝယ်ပြီး လာငှားတဲ့သူတွေ ရွေးရလွယ်အောင် သူ့အမျိုးအစားနဲ့သူ အကန့်လိုက်တင်ထားပေးတာ၊ ဝတ္ထုဖတ်ချင်တဲ့သူက ဝတ္ထုအကန့်မှာ ရှာရုံပဲ။

ငှားဖတ်ရတာဖြစ်လို့ ကိုယ့်ထက်ဦးသွားတဲ့သူရှိရင် ကိုယ်လိုချင်တဲ့စာအုပ်ကို ချက်ချင်းရချင်မှရမယ်၊ ဒါလည်း ပူစရာမလိုဘူး၊ အငှားဆိုင်ရှင်ကို အဲဒီစာအုပ်ပြန်လာအပ်ရင် ချန်ထားပေးပါလို့ မှာထားခဲ့ရင် နောက်တစ်ခါဆို ငှားလို့ရပြီ၊ ငှားပေးတဲ့ အချိန်ကာလကတော့ တစ်ဆိုင်နဲ့တစ်ဆိုင် မတူကြဘူး၊ ငါးရက်၊ တစ်ပတ် အဲဒီလိုကွာကြတယ်၊ အဲဒီရက်ထက်ကျော်ရင်တော့ သတ်မှတ်တဲ့ရက်လွန်ကြေးထပ်ပေးရတယ်။

ကိုယ့်လက်ထဲမှာ စာအုပ်ပျောက်သွားတာတို့ ပျက်စီးသွားတာတို့ဖြစ်ရင် စာအုပ်တန်ဖိုးလျော်ရတယ်။ စာအုပ်ငှားတဲ့ရက်၊ ပြန်အပ်ရမယ့်ရက် စာအုပ်ပျောက်တာ၊ ပျက်တာတို့အတွက် အလျော်ပေးရမယ်ဆိုတာတွေက ကိုယ်ငှားတဲ့စာအုပ်မှာ မှတ်ထားရေးထားပေးပြီးသား၊ ဆိုင်နဲ့အငြင်းပွားလို့မရဘူး။

ပျောက်တာ၊ ပျက်တာ၊ ရက်ကျော်တာကလည်း ဖြစ်နေကျပဲ။ စာအုပ်တစ်အုပ်ငှားလိုက်ရင် ပြန်အပ်ရမယ့်ရက် မပြည့်မချင်း သူငယ်ချင်းတွေလက်ထဲ လည်နေအောင်ဖတ်ကြတာ၊ ကိုယ်ပိုင်စာအုပ်လည်းမဟုတ်တော့ ရိုရိုသေသေမကိုင်ကြတဲ့အပြင် မပြီးသေးလို့ စာမျက်နှာမှတ်ရင်လည်း ရောက်တဲ့စာမျက်နှာကစာရွက်ကို ကြုံသလို ခေါက်မှတ်လိုက်တာပဲ။

ကိုယ်ဖတ်နေတုန်း ကြောက်ရတဲ့တစ်ယောက်ကို ပေးဖတ်ရတာမျိုးဆိုလည်း အဲဒီလိုပဲ စာရွက်ခေါက်မှတ်ပြီး ပေးလိုက်ရတာ၊ အဲဒီလိုနဲ့ပဲ စာမျက်နှာမှတ်ရင် စာရွက်ခေါက်တဲ့အကျင့်က ပါသွားရော၊ နောက်ပြီး စာအုပ်ငှားဖတ်တာကို အချို့မိဘတွေက မကြိုက်ကြဘူး၊ ဒီတော့ ခိုးဖတ်ဝှက်ဖတ်နဲ့ အဝှက်လွန်ပြီး ပျောက်ကြပြန်ရော၊ လက်သည်မပေါ်တော့ ငှားတဲ့သူလျော်ပေါ့၊ ပျော်စရာကြီး။

စာအုပ်ပြန်အပ်ဖို့ ပျင်းနေတာတို့၊ သူငယ်ချင်းတစ်ယောက်ယောက် ဖတ်လို့မပြီးသေးတာတို့ဆိုရင်လည်း သတ်မှတ်တဲ့ရက် ပြန်မအပ်နိုင်ပြန်ဘူး။ အချို့ကျတော့ စာအုပ်ဆိုင်သွားဖို့မပျင်းကြဘူး၊ ဆိုင်ရှင်နဲ့တွေ့ချင်တာ၊ ဆိုင်ရှင်နဲ့တွေ့တော့လည်း ကမ္ဘာမှာ ပုံမနှိပ်ရသေးတဲ့ ဟိုစာအုပ်ရှိသလား ဒီစာအုပ်ရှိသလားမေးရင်းနဲ့ အချိန်ကုန်အောင်လုပ်ကြတာ။

စာအုပ်ဆိုင်ရှင်လို့သာ အလွယ်ပြောလိုက်တာ၊ ပိုင်ရှင်ဟုတ်၊ မဟုတ်တော့ မသိဘူး၊ ဆိုင်မှာ အမြဲထိုင်ပြီး စာအုပ်ငှားပေးတဲ့သူကိုပြောတာ၊ အပျိုအရွယ် မိန်းကလေးတွေများတယ်၊ အလေးအပင်တွေ မရ ၊ ချွေးရ ၊ ချိန်ရတွယ်ရတဲ့ အလုပ်လည်းမဟုတ်တော့ ဆိုင်ဖွင့်ချိန်ကနေ ပိတ်ချိန်အထိ နှုတ်ခမ်းနီပါးနီဆိုး၊ ဝတ်ကောင်း စားလှတွေနဲ့ ကြော့ကြော့လေးဆိုင်ထိုင်ကြတာ။

ဒါကြောင့်ပဲဖြစ်မယ်၊ စောစောတုန်းကပြောသလို ကမ္ဘာမှာမရှိသေးတဲ့စာအုပ်ကိုရှာ၊ တွေ့ကရာ စာအုပ်ငှားသွား၊ ရက်မပြည့်ခင်ပြန်အပ်နဲ့ ပြန်အပ်တဲ့အချိန် စာအုပ်ကြားမှာ ရည်းစားစာလေးတောင်ထင်သာမြင်သာ ညှပ်ထည့်ပေးလိုက်သေးတာ၊ ငှားပေးတဲ့သူကလည်း ခပ်စွာစွာ အလိုကလည်းမတူပြန်ဆိုရင်တော့ စကားတွေ ပြောကြရရော၊ အဲ အလိုတူသူဆိုရင်တော့ စွာသော မစွာသော ဘာသံမှ မကြားလိုက်ရပါဘူး "

"ဟားဟား၊ ဖေဖေလည်း အဲဒီလိုပေးဖူးတယ် ထင်တယ်"ဟု သမီးငယ်က အရွှန်းဖောက်လာသည်။

သမီးငယ်၏ ထင်မြင်ချက်အတွက် ဟုတ်သည်၊ မဟုတ်သည်ကို ကျွန်တော်ဝန်မခံမိပါ။ စာအုပ်များ ရေရှည်ခိုင်ခံ့ရန်အတွက် စာဖတ်သည့်အခါတိုင်း စာမျက်နှာမှတ်သည့် ကတ်ထူပြားလေး အသုံးပြုရန်ကိုသာ စဉ်စားနေမိပါသည်။ ။

> ❖ **စာရွက်များကို ကျိုးကြေပျက်စီးစေသည့် စာရွက်ထိပ်ထောင့်ကို ခေါက်၍သော်လည်းကောင်း၊ စာရွက်တစ်ရွက်လုံးကို ဒေါင်လိုက်ခေါက်၍သော်လည်းကောင်း စာမျက်နှာမှတ်ခြင်း မလုပ်ဖြစ်အောင် သတိထားရပါသည်။**
>
> ❖ **စာအုပ်အငှားဆိုင်ဆိုတာ စီးပွားရေးလုပ်ငန်းတစ်ခုပဲ၊ ဆိုင်ခန်းလေးတစ်ခန်းဖွင့်၊ အငှားဆိုင် ဆိုင်းဘုတ်လေးချိတ်ပြီး လစဉ်ထွက်တဲ့ သုတရသစာအုပ်တွေ၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေကိုဝယ်ပြီး လာငှားတဲ့သူတွေ ရွေးရလွယ်အောင် သူ့အမျိုးအစားနဲ့သူ အကန့်လိုက်တင်ထားပေးတာ၊ ဝတ္ထုဖတ်ချင်တဲ့သူက ဝတ္ထုအကန့်မှာ ရှာရုံပဲ။**

## မိတ္ထီလာမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရေး ဖလံကျင်းသစ်တောကြိုးဝိုင်းနှင့် မုန်တိုင်သစ်တောကြိုးဝိုင်းတို့တွင် သစ်ပင်များ စိုက်ပျိုးလျက်ရှိ



**မိတ္ထီလာ မေ ၂၅**

မိတ္ထီလာမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရန်နှင့် ရာသီဥတုမျှတကောင်းမွန်လာစေရန် ဖလံကျင်းသစ်တောကြိုးဝိုင်းနှင့် မုန်တိုင်သစ်တောကြိုးဝိုင်းတို့တွင် မေလ ပထမပတ်က သစ်ပင်များ စိုက်ပျိုးနေပြီဖြစ်ကြောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ မြို့နယ်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရန်၊ ရာသီဥတုမျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန်နှင့် ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးရန်အတွက် နှစ်စဉ် သစ်တောများ ထူထောင်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မိုးရာသီတွင် ဖလံကျင်း၊ မုန်တိုင်၊ လျှော်ကန်(တောင်)၊ ကုန်းတန်းသစ်တောကြိုးဝိုင်းများနှင့် အခြားစိုက်ခင်း၂၅ ဧကတို့တွင် တမာ၊ ယူကလစ်၊ မြန်မာကုက္ကို၊ ရှားစသည့် သစ်ပင်ပေါင်း ၈၈၀၀၀ ကျော်ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေလင်းကြည်နှင့် ဝန်ထမ်းများက ဒေသခံတို့နှင့် ပူးပေါင်း၍ စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့စိုက်ပျိုးလျက်ရှိရာ မုန်တိုင်သစ်တောကြိုးဝိုင်းတွင် အပင် ၁၆၂၀၀၊ ကုန်းတန်း သစ်တောကြိုးဝိုင်းတွင် အပင် ၃၀၂၅၀၊ လျှော်ကန်(တောင်) သစ်တောကြိုးဝိုင်းတွင် အပင် ၄၀၀၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ ထို့အပြင် ဖလံကျင်း သစ်တောကြိုးဝိုင်းတွင် သစ်ပင်ပေါင်း ၃၇၈၀၀ စိုက်ပျိုး သွားမည်ဖြစ်ရာ သစ်ပင်ပေါင်း ၉၁၈၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေလင်းကြည်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၀ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ပွွန်သုံးလုံးကျေးရွာနေ သိန်းမြင့်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၅-၂၀၂၀ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ ပွွန်သုံးလုံးကျေးရွာနေ သိန်းမြင့်ဦး(၃၂)နှစ်၊ (ဘ)ဦးမြင့်ဖေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးကောင်း) မယ(ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ လှေဘိုကျေးရွာနေ ဇော်ဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၅-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ လှေဘိုကျေးရွာနေ ဇော်ဝင်း(၄၉)နှစ်၊ (ဘ)ဦးအေးမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ သဲချောင်းကျေးရွာနေ ချိုမွှေး(၄၂)နှစ်၊ (ဘ)ဦးမောင်ကိုကြီးနှင့် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ လွယ်မွန်ကျေးရွာနေ ကျော်ဝေ(၄၃)နှစ်၊ (ဘ)ဦးအုန်းမောင်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ(ပ)၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ သစ်ဆုံအင်းကျေးရွာနေ ကျော်ဇင်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၅-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ သစ်ဆုံအင်းကျေးရွာနေ ကျော်ဇင်ဦး(၃၆)နှစ်၊ (ဘ)ဦးမောင်စိုင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှဓားရှည်ဖြင့်ခုတ် ပြန်လည်ရန်ပြုတိုက်ခိုက်သဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ ယာကျော့ရှပ်ထိဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး WYစာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၄၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ ဒေါ်အေးတုတ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၅-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ ဇော်သန်း(၅၂)နှစ်၊ (ဘ)ဦးတင်ဖေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဒေါ်အေးတုတ်(၄၈) နှစ်၊ (ဘ)ဦးစောမောင်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး)မယ(ပ)၆၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာနေ ရန်ကိုဦး သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၅-၂၀၂၀ ရက်နေ့တွင် လောင်းလုံးမြို့နယ်၊ အောက်ကျောက်ဝပ်ကျေးရွာအနီး ပန်းဖြေတောင်တက်လမ်းပေါ်၌ ညောပြင်ကျေးရွာနေ ညီညီဝင်း(ခ)ဖိုးလူမဲ(၁၇)နှစ်၊ (ဘ) ဦးငွေဝင်းနှင့် ဝေယံမိုး(ခ)မာမား(၁၈)နှစ်၊ (ဘ)ဦးထွန်းမင်းနိုင်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ညောပြင်ကျေးရွာနေ မျိုးသူရထွေး(ခ) စီခွား(၂၇)နှစ်၊ (ဘ)ဦးအောင်လင်းထံမှ ဝယ်ယူထားကြောင်းသိရှိရသဖြင့် မျိုးသူရထွေး(ခ)စီခွားအား ၎င်းကျေးရွာ၌ ဖမ်းဆီးရမိပြီး ထပ်မံဖော်ထုတ်ချက်အရ ကျောက်နီမော်ကျေးရွာနေ ရန်ကိုဦး(ခ)ဂဏန်းကျော်(၂၂)နှစ်၊ (ဘ)ဦးကြည်ထွန်း(ခ)ပိထောင်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၄)ဦးအား မမစ(လောင်းလုံး) မယ(ပ)၁၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ဆက်လက်၍ ရန်ကိုဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာတိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ မိခင်ဒေါ်မေဦး(၄၅)နှစ်၊ (ဘ)ဦးဝင်းနိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(လောင်းလုံး) မယ(ပ)၁၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်း ရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၇-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်နေ ပြည့်ဖြိုးအောင်(၂၆)နှစ်၊ (ဘ)ဦးတင်အောင်ဝင်းနှင့်ဇနီး မဇင်မာဝင်း(၂၅)နှစ်၊ (ဘ)ဦးအောင်ဝင်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား နမစ(မုပွန်)မယ(ပ) ၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂/၆)ရပ်ကွက်နေ အဖွားကြီးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၅-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၂/၆) ရပ်ကွက်နေ အဖွားကြီး(ခ)ဒေါ်ပေါက်စ(၆၃)နှစ်၊ (ဘ) ဦးခင်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ)မယ(ပ)၆၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်နေ ကိုသက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၅-၂၀၂၀ ရက်နေ့တွင် အလုံမြို့နယ်၊ ဌာနာရပ်ကွက်နေ ကိုသက်(ခ) သက်နိုင်(၄၈)နှစ်၊ (ဘ)ဦးလွင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ ချစ်ကိုကိုစိုး(ခ) အခြောက်မ(၃၆)နှစ်၊ (ဘ)ဦးစိုးတင့်နှင့် စောရန်ပိုင် တောင်ရပ်ကွက်နေ မျိုးမင်းထွန်း(၄၇)နှစ်၊ (ဘ)ဦးသန်းထွန်းတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အလုံ)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်နေ ဒေါ်ချိုသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၅-၂၀၂၀ ရက်နေ့တွင် မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်နေ ဒေါ်ချို(၅၂)နှစ်၊(ဘ)ဦးဟုန်မြင်ရုတ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မူဆယ်)မယ(ပ)၅၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၄)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၉)ဦး၊ မ(၁)ဦး၊ ပေါင်း(၃၀)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၁-၅-၂၀၂၀ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ မြို့ပတ်လမ်းပေါ်၌ ဘုရားဖြူရပ်ကွက်နေ ဖိုးပြည့်(ခ) ပြည့်ဖြိုးအောင်(၁၉)နှစ်၊(ဘ)ဦးစိုးသန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး တစ်ရပ်ကွက်တည်းနေ မစိုးမြတ်ဦး(ခ)မဦး(၂၉)နှစ်၊ (ဘ)ဦးငွေကြည်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအားနမစ(တောင်ကြီး) မယ(ပ)၃၀/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်နေ မစိုးမြတ်ဦး (ခ)မဦး၏ နေအိမ် အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး)မယ(ပ)၃၁/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၆(ဂ) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်နေ ဇော်ဝင်းမြင့် (ခ) ခေးရှဲန်(၄၉)နှစ်၊ (ဘ)ဦးဝမ်ရှမ်းယုံ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၃-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၁၃၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၄၅၈)ဦး၊မ(၂၈၇)ဦး၊ ပေါင်း(၁၇၄၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၄၅၆.၇၇၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၂၈၆၀.၇၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၇၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၂၂၄၁၄)ပြား၊ ဆေးခြောက်(၁၀၆၅၈.၈၇) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၅၅.၉၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသောညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မေလ ၁၆ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၇၅ ယူနစ်အထိ ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် ထပ်မံပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပြည်သူသို့ အသိပေးတင်ပြချက်

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၁၅.၅. ၂၀၂၀ ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးရန် လမ်းညွှန်ထားသော ကိစ္စရပ်များမပါ)အား ၃၁.၅.၂၀၂၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်သွားရန် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပထမအကြိမ်တိုးမြှင့်ခဲ့သည့် မေလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၇၅ ယူနစ်အထိကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့)ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၁၆.၅.၂၀၂၀ ရက်နေ့မှ ၃၁.၅.၂၀၂၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်သည့်အတွက် မေလ ၁၆ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၇၅ ယူနစ်အထိ ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့်(အခမဲ့)ကို ထပ်မံပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ပါ၍ ၂၀၂၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ **(သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ(မပါ))** အတွက် အိမ်သုံးအမျိုးအစားလျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်ထိ စုစုပေါင်း ၁၅၀ ယူနစ်ကို ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့)ရရှိမည်ဖြစ်ပါသည်။

၅။ အဆိုပါ ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့)နှင့်ပတ်သက်၍ ပြည်သူများမှ ပေးဆောင်ရာတွင် ရှင်းလင်းစေရန်အတွက် အောက်ပါအတိုင်း တင်ပြအပ်ပါသည် –

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား** | ၁ မှ ၃၀ | ၃၅ |
| | • နေအိမ်သုံး | ၃၁ မှ ၅၀ | ၅၀ |
| | • အိမ်သုံးပါဝါ | ၅၁ မှ ၇၅ | ၇၀ |
| | • တစ်လုံးတစ်ခဲတည်း (အိမ်သုံး) | ၇၆ မှ ၁၀၀ | ၉၀ |
| | • စီးပွားရေးလုပ်ငန်း မပါသော | ၁၀၁ မှ ၁၅၀ | ၁၁၀ |
| | ဘာသာ/ သာသနာ အဆောက်အအုံ | ၁၅၁ မှ ၂၀၀ | ၁၂၀ |
| | | ၂၀၁ နှင့် အထက် | ၁၂၅ |
| (ခ) | **အိမ်သုံး မဟုတ်သည့် အမျိုးအစား** | ၁ မှ ၅၀၀ | ၁၂၅ |
| | • စက်မှုလုပ်ငန်းများ | ၅၀၁ မှ ၅၀၀၀ | ၁၃၅ |
| | • စီးပွားရေးလုပ်ငန်းများ | ၅၀၀၁ မှ ၁၀၀၀၀ | ၁၄၅ |
| | • တစ်လုံး တစ်ခဲတည်း | ၁၀၀၀၁–၂၀၀၀၀ | ၁၅၅ |
| | • ယာယီသုံး | ၂၀၀၀၁ မှ ၅၀၀၀၀ | ၁၆၅ |
| | • လမ်းမီး | ၅၀၀၀၁ မှ ၁၀၀၀၀၀ | ၁၇၅ |
| | • အစိုးရရုံးဌာနအဖွဲ့အစည်းများ | ၁၀၀၀၀၁ နှင့် အထက် | ၁၈၀ |
| | • နိုင်ငံပိုင် စက်မှုလုပ်ငန်းများ | | |
| | • နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ | | |
| | • မြစ်ရေတင်လုပ်ငန်း | | |
| | • စည်ပင်သာယာရုံးဌာန/လုပ်ငန်းများ | | |
| | • အစိုးရမဟုတ်သောအဖွဲ့အစည်းများ | | |
| | • နိုင်ငံခြားသံရုံးများ | | |
| | • နိုင်ငံတကာအဖွဲ့အစည်းများ | | |

၆။ ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့) ခံစားခွင့်ရရှိသည့် ဓာတ်အားသုံးစွဲသူ အမျိုးအစားတွင် ဓာတ်အားခနှုန်းထားသတ်မှတ်ချက်ဇယား၏ စာပိုဒ် ၂ (က) အိမ်သုံးအမျိုးအစားဖြင့် လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများအပြင် စာပိုဒ် ၂ (ခ) အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သော အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများသာ အကျုံးဝင်ပါသည်။

၇။ အကျုံးဝင်သော ကာလမှာ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုများဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခ အပါအဝင် ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။ ၁၅၁ ယူနစ်နှင့် အထက် သုံးစွဲသူများကို ယူနစ် ၁၅၀ အတွက် ဓာတ်အားခကျသင့်ငွေ ၁၁၅၅၀/- ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၈။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့်အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၉။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မီတာဖတ်စာရေးများသည် လစဉ်ဖတ်ရှုရမည့်ရက်များအတိုင်း ဖတ်ရှုမှတ်သား၍ဖြန့်ဝေရမည့် မီတာဘေလ်များကိုလည်း ပုံမှန်ဖြန့်ဝေကာ ၎င်းမီတာဘေလ်များ၌ သုံးစွဲသည့်ယူနစ်များအလိုက် ကင်းလွတ်ခွင့် (အခမဲ့) ခံစားခွင့်ပြုမည့် ငွေပမာဏကို နုတ်ပယ်သွားမည်ဖြစ်ပြီး ၎င်းမီတာဘေလ်များအား သုံးစွဲသူများမှ သိမ်းဆည်းထားရမည်ဖြစ်ပါသည်။




## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဝမ်းတွင်းမြို့သို့ ဝင်/ထွက်ယာဉ်များအား စစ်ဆေး

နေပြည်တော် မေ ၂၅

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဝမ်းတွင်းမြို့သို့ ဝင်/ထွက်သွားလာလျက်ရှိသော မော်တော်ယာဉ်များကို ယနေ့နံနက်ပိုင်းတွင် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့ အမှတ်(၁)ရပ်ကွက်၊ သိမ်တောင်ပေါက်မြို့အဝင်၌ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးတင်ဝင်း ဦးစီးသော ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လဝကအဖွဲ့များ၊ ကျန်းမာရေးအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မြို့တွင်းသို့ ဝင်/ထွက် သွားလာလျက်ရှိသော မော်တော်ယာဉ်များအား ထုတ်ပြန်ထားသော စည်းကမ်းများ လိုက်နာမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



**COVID– 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု အကျင့်ပျက်ခြစားသည်ဟု စွပ်စွဲမှုများနှင့် တရားရင်ဆိုင်နေရ

**ဂျေရုဆလင် မေ ၂၅**
အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် အကျင့်ပျက်ခြစားသည်ဟု စွပ်စွဲမှုများကြောင့် တရားရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် ယင်းသို့ အကျင့်ပျက်ခြစားမှုကြောင့် တရားရုံးတွင် ဖြေရှင်းနေရသည့် နိုင်ငံ၏ပထမဆုံးသော ခေါင်းဆောင်တစ်ဦး ဖြစ်လာသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် တယ်လီကွန်းကုမ္ပဏီတစ်ခု၏ လာဘ်ထိုးငွေများကို လက်ခံပြီး လုပ်ပိုင်ခွင့်များပေးခဲ့သည်ဟုဆိုကာ အစိုးရရှေ့နေများက ဝန်ကြီးချုပ် နေတန်ယာဟုအား စွပ်စွဲလျက်ရှိသည်။ အပြန်အလှန်အားဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သုံးနှစ်တာအတွင်း ဝန်ကြီးချုပ်နှင့်ပတ်သက်သည့် သတင်းကောင်းများကို အဆိုပါကုမ္ပဏီအဖွဲ့ဝင် သတင်းဝက်ဘ်ဆိုက်တစ်ခုက အလေးပေးရေးသားလျက်ရှိသည်ဟု အစိုးရရှေ့နေများက ဆိုသည်။ ထို့ကြောင့် ဝန်ကြီးချုပ် နေတန်ယာဟုသည် လာဘ်ပေးလာဘ်ယူမှုနှင့် လိမ်လည်မှုအပြင် ယုံကြည်မှုကို အလွဲသုံးစားမှု စသည့် စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသည်။

၎င်းအနေဖြင့် အပြစ်ကင်းစင်ပါကြောင်းနှင့် စွပ်စွဲပြောဆိုသည့် ရဲအရာရှိများနှင့် အစိုးရရှေ့နေများသည် ၎င်းအား ရာထူးမှဖြုတ်ချရန် လက်ဝဲနိုင်ငံရေးသမားများနှင့် ပူးပေါင်းကြံစည်ကြခြင်းပင်ဖြစ်ပါကြောင်း တရားခွင်သို့ မတက်ရောက်မီ ယမန်နေ့ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။

အစ္စရေးဥပဒေအရ ဝန်ကြီးချုပ်များအနေဖြင့် ၎င်းတို့ ရင်ဆိုင်ဖြေရှင်းနေရသော စွပ်စွဲမှုများနှင့်ပတ်သက်ပြီး တရားရုံးမှ စီရင်ချက်ချမှတ်ပြီးသည့်တိုင် နိုင်ငံတော်ရာထူးတာဝန်များကို ထမ်းဆောင်ခွင့်ရှိကြောင်း သိရသည်။

ဝန်ကြီးချုပ် နေတန်ယာဟု၏ ရှေ့နေများက အဆိုပါ စွပ်စွဲချက်များနှင့်ပတ်သက်ပြီး ပြန်လည်ချေပနိုင်ရန် ခိုင်မာသော သက်သေအထောက်အထားများ ရှာဖွေရေးအတွက် အချိန်တောင်းခံခဲ့ပြီးနောက် တရားရုံးက စွပ်စွဲချက်နှင့် ပတ်သက်ပြီး စစ်ဆေးချက်များကို ရွှေ့ဆိုင်းထားလိုက်ပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု




# G-7 ထိပ်သီးအစည်းအဝေးကို အိမ်ဖြူတော်၌ ကျင်းပမည်ဟု အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ပြော

**ဝါရှင်တန် မေ ၂၅**
အမေရိကန်အစိုးရက ယခုနှစ် G-7 ထိပ်သီးအစည်းအဝေးကို အိမ်ဖြူတော်၌ကျင်းပရန် စီစဉ်နေသည်ဟု အိမ်ဖြူတော်အကြီးတန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမျိုးသားလုံခြုံရေးအကြံပေး ရောဘတ်အိုဘရိုင်ယန်က ယမန်နေ့က အိမ်ဖြူတော်၌ သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်အစိုးရက G-7 ထိပ်သီးအစည်းအဝေးပွဲကို လာမည့်လတွင် အိမ်ဖြူတော်၌ ကျင်းပရန်နှင့် တစ်စိတ်တစ်ဒေသကို ဒေးဗစ်စခန်း၌ ကျင်းပရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောသည်။ G-7 ထိပ်သီးအစည်းအဝေးကို ဇွန်လကုန်တွင် ကျင်းပဖွယ်ရှိကြောင်း အိုဘရိုင်ယန်က ဆိုသည်။

G-7 အဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များက လူချင်းတွေ့ဆုံပြီး ကိုဗစ်-၁၉ ကပ်ရောဂါအလွန် မည်သို့ ရှေ့ဆက်လှမ်းမည်နှင့် ၎င်းတို့၏တန်ဖိုးများကို မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်မည်ဆိုသည်ကို ဆွေးနွေးရန် စိတ်အားထက်သန်မည်ဟုထင်ကြောင်း ၎င်းက ပြောသည်။ သမ္မတဒေါ်နယ်ထရမ့်၏ ဖိတ်ကြားချက်အပေါ် G-7 အဖွဲ့ဝင်နိုင်ငံများထံမှ ကြီးမားသောတုံ့ပြန်မှုတစ်ရပ်ရရှိခဲ့ကြောင်း ယမန်နေ့က CBS ရုပ်သံဌာနနှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ရောဘတ်အိုဘရိုင်ယန်က ပြောသည်။

G-7 ထိပ်သီးအစည်းအဝေးတွင် လူတိုင်းကို ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမှုပြုလုပ်ကာ အစည်းအဝေးကို ဘေးအန္တရာယ်ကင်းသော ပတ်ဝန်းကျင်တစ်ခုတွင် ကျင်းပမည်ဟု ၎င်းက ကတိပြုခဲ့သည်။

**ကိုးကား - အင်န် အိတ်ချ်ကေ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ဘရာဇီးနိုင်ငံမှ ခရီးသည်များအား မေ ၂၈ ရက်မှစ၍ အမေရိကန်နိုင်ငံသို့ ပြည်ဝင်ခွင့်ပိတ်ပင်မည်

**ဝါရှင်တန် မေ ၂၅**
ဘရာဇီးနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသည့်အတွက် ယင်းနိုင်ငံမှ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများကို မေ ၂၈ ရက်မှစ၍ ပိတ်ပင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ယနေ့ ပြောကြားလိုက်သည်။

လွန်ခဲ့သော ၁၄ ရက်အတွင်း ဘရာဇီးနိုင်ငံတွင် နေထိုင်ခဲ့သူများအား အမေရိကန်အာဏာပိုင်များက ပြည်ဝင်ခွင့် ပိတ်ပင်မည်ဖြစ်သည်။ သို့သော် အမေရိကန်နိုင်ငံသားများနှင့် မိသားစုဝင်များ ပါဝင်ခြင်းမရှိကြောင်း သိရသည်။

အိမ်ဖြူတော်၏ပြောရေးဆိုခွင့်ရှိသူ ကေလိတ်မက်စ်အီနာနီက ယင်းသို့ ပြည်ဝင်ခွင့်ပိတ်ပင်ခြင်းကြောင့် အမေရိကန်နိုင်ငံအတွင်းသို့ ဗိုင်းရပ်စ်ကူးစက်ခံရသူများ ထပ်မံဝင်ရောက်လာခြင်း မရှိနိုင်တော့ကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဘရာဇီးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၆၅၂၁၃ ရှိပြီး ၂၂၇၄၆ သေဆုံးခဲ့သည်။ ထို့ပြင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀၀ ခန့် နေ့စဉ်သေဆုံးလျက်ရှိသည်။ ဘရာဇီးနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသော်လည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန် ဘရာဇီးသမ္မတ ဘော်ဆိုနာယိုက ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်အစိုးရအနေဖြင့် တရုတ်၊ အီရန်နှင့် ဥရောပနိုင်ငံများမှ ခရီးသည်များအား ပြည်ဝင်ခွင့်ပိတ်ပင်ထားကြောင်း သိရသည်။

ဂျပန်အစိုးရက ဘရာဇီးနိုင်ငံမှ လာရောက်သည့်ခရီးသည်များအား ဧပြီ ၃ ရက်မှစပြီး ပြည်ဝင်ခွင့်ပိတ်ပင်ထားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**




# အာဂျင်တီးနား၌ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များ တိုးမြှင့်ဆောင်ရွက်

**ဗျူနိုအေးရီးစ် မေ ၂၅**
အာဂျင်တီးနားနိုင်ငံ၏မြို့တော် ဗျူနိုအေးရီးစ်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်နေသဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်သော နည်းလမ်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိနေသည်။

မြို့တော်အတွင်း ကုန်သွယ်မှုလုပ်ငန်းများကို ကန့်သတ်ရန်နှင့် ပြည်သူများ၏ ခရီးသွားလာမှုကို ပိတ်ပင်ထားမည်ဟု ကြေညာခဲ့သည်။ ကျွန်တော်တို့အနေနှင့် ရရှိထားသည့် အချက်အလက်များကို အခြေခံပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမြင့်တက်နေမှုကို လျှော့ချနိုင်ရန် ယခုလို ဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းဖြစ်ကြောင်း မြို့တော်ဝန် ဟိုရာဆီယို ရူဒရာဂက်လာရီတာက ပြောကြားသည်။ ဒေသတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာသဖြင့် တာဝန်ရှိသူများက မြို့တော်ပတ်ဝန်းကျင်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာမည်ကို စိုးရိမ်နေကြသည်။ ဈေးဝယ်စင်တာများရှိ အရေးမကြီးသော ဈေးဆိုင်များကို ပိတ်ထားခဲ့သည်။




"ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုတွေဟာ အဓိက ပြဿနာမဟုတ်ပါဘူး။ လူတွေအနေနဲ့ ဈေးဝယ်စင်တာတွေမှာ ဈေးဝယ်တာတွေကို ဆောင်ရွက်နေကြပြီး ကျွန်တော်တို့အနေနဲ့ကတော့ လူအများအပြားရှိနေတဲ့ စင်တာတွေမှာ ရောင်းဝယ်ဖောက်ကားမှုတွေ မဆောင်ရွက်ဖို့ တစ်ခုပဲ ဆောင်ရွက်ရပါမယ်"ဟု မြို့တော်ဝန်က ပြောကြားသည်။

အာဂျင်တီးနား၌ ခရီးသွားလာမှုပိတ်ပင်ခြင်းကို မတ် ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသူပေါင်း ၁၂၀၇၆ ဦးရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အိန္ဒိယ၌ ပြည်တွင်းလေကြောင်းခရီးစဉ်များ ပြန်လည်ပျံသန်းခွင့်ပြု

**နယူးဒေလီ မေ ၂၅**
အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားနေမှုများကြောင့် အချိန်ကာလနှစ်လကြာမျှ ရပ်ဆိုင်းထားခဲ့သည့် ပြည်တွင်းလေကြောင်းပျံသန်းမှုများ ပြန်လည်စတင်ပြုလုပ်ရန် ခွင့်ပြုလိုက်ပြီဖြစ်သည်။ ယင်းသို့ ပြည်တွင်းလေကြောင်းခရီးစဉ်များ ပြန်လည်ပျံသန်းရာ၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကိုပါ ပူးတွဲလုပ်ဆောင်ရမည်ဖြစ်သည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု တိုက်ဖျက်နိုင်ရေးအတွက် အသွားအလာကန့်သတ်မှုများကို မတ်လအနှောင်းပိုင်းတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ချမှတ်ခဲ့မှုကြောင့် နိုင်ငံ၏ စီးပွားရေးအပေါ် ကြီးမားသော သက်ရောက်မှုများ ရှိခဲ့သည်။ အိန္ဒိယအစိုးရက ခရီးသွားလာမှု ကန့်သတ်ချက်များအား အဆင့်လိုက်လျှော့ချခဲ့သည်။

မေ ၂၅ ရက်တွင် အိန္ဒိယအစိုးရက ပြည်တွင်းလေကြောင်း ခရီးစဉ်အားလုံး၏ သုံးပုံတစ်ပုံခန့်ရှိသော ခရီးစဉ်များကို ပြန်လည်စတင်ပျံသန်းခွင့်ပြုခဲ့သည်။

လေကြောင်းကုမ္ပဏီများနှင့် လေယာဉ်စီးခရီးသည်များအား လေကြောင်းပျံသန်းမှုများ ပြန်လည်စတင်ရာတွင် လမ်းညွှန်ချက်များကို လိုက်နာကြရန် အိန္ဒိယအစိုးရက တိုက်တွန်းထားသည်။

ယင်းလမ်းညွှန်ချက်များတွင် ကိုယ်အပူချိန်များစစ်ဆေးခြင်း၊ လေဆိပ်ဝန်ထမ်းများနှင့် ခရီးသည်များ ထိတွေ့မှုအား လျှော့ချနိုင်ရေးအတွက် အွန်လိုင်းမှစစ်ဆေးမှုများပြုလုပ်ရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့အပါအဝင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကာကွယ်ရေး အစီအစဉ်များ ပါဝင်သည်။

လေယာဉ်အဖွဲ့သားများနှင့် ခရီးသည်များအနေဖြင့် နှာခေါင်းစည်းမျက်နှာဖုံးများ တပ်ဆင်ရမည်ဖြစ်ပြီး လေကြောင်းလိုင်းများမှ ခရီးသည်များအား ပျံသန်းစဉ်အတွင်း အစားအသောက်တည်ခင်းခြင်းကို တားမြစ်ထားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- ဇော်ဝင်း**

# ဇမ်ဘီယာ ပြန်ကြားရေးဝန်ကြီးတွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိ

**ဂျိုဟန်နက်စဘတ် မေ ၂၅**
ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ဇမ်ဘီယာ ပြန်ကြားရေးဝန်ကြီး ဒိုရာဆီလီယာက မေ ၂၃ ရက်၌ ၎င်း၏တွစ်တာ၌တင်ခဲ့သည့် ဗီဒီယိုဖိုင်တွင် ပြောကြားခဲ့သည်။

"ဖြစ်နိုင်သမျှ ကြိုတင်ကာကွယ်မှုတွေ လုပ်ခဲ့ပေမယ့် ကျွန်မမှာ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပါတယ်" ဟု ဇမ်ဘီယာနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် တက်တက်ကြွကြွပါဝင်နေသည့် ၎င်းက ပြောကြားခဲ့သည်။ မိမိတွင် ရောဂါလက္ခဏာပြသခြင်း၊ ဖျားနာခြင်းလည်း မရှိကြောင်း၊ လက်ရှိတွင် သီးသန့်ခွဲ၍ နေထိုင်နေကြောင်း ဆီလီယာက ပြောသည်။ "ဗိုင်းရပ်စ်ပိုး ကူးစက်ခံရပြီး နောက်ပိုင်း ကျွန်မ ကျန်းမာရေးဝန်ကြီးဌာနကို ပြီးခဲ့တဲ့ ၁၀ ရက်အတွင်း ထိတွေ့ခဲ့သူအားလုံး စာရင်းပေးခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

မိမိနှင့် ထိတွေ့ခဲ့သူများအနေဖြင့် မစိုးရိမ်ကြရန်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ၎င်းက တိုက်တွန်းခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ အာဖရိကတိုက်ဆိုင်ရာ အကြီးအကဲ မတ်ရှီဒီဆိုမိုအီတီက ကိုဗစ်-၁၉ ရောဂါအန္တရာယ် ကြိုတင်တားဆီးရေး အစီအမံများနှင့်ပတ်သက်၍ ပွင့်လင်းမှု၊ အရေးပါသောသတင်းအချက်အလက်များမျှဝေမှုအတွက် ဆီလီယာကို ချီးကျူးခဲ့သည်။ "ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရာမှာ ဒီလိုပွင့်လင်းမှုရှိဖို့ အရေးကြီးပါတယ်။ အမြန်ဆုံး ပြန်လည်သက်သာပါစေလို့ ဆန္ဒပြုပါတယ်"ဟု မေ ၂၄ ရက်တွင် မိုအီတီက တွစ်တာ၌ ရေးသားခဲ့သည်။

ဇမ်ဘီယာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ခေတ်ခွဲအတည်ပြုလူနာ ၉၂၀၊ သေဆုံးသူ ခုနစ်ဦးနှင့် ရောဂါသက်သာသူ ၃၃၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား-အနာဒိုလူ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



ဇမ်ဘီယာ ပြန်ကြားရေးဝန်ကြီး
ဒိုရာဆီလီယာ

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်သည့်အတွက် အရေးပေါ်အခြေအနေ ဂျပန်ဝန်ကြီးချုပ် ပြန်လည်ရုပ်သိမ်း




**တိုကျို မေ ၂၅**
ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်သည့်အတွက် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြီးခဲ့သည့်လက မြို့တော်တိုကျိုနှင့် အခြားမြို့လေးမြို့တွင် ကြေညာထားသည့် အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယနေ့ ကြေညာသည်။ ထို့အတူ အဆိုပါဒေသများရှိ စီးပွားရေးလုပ်ငန်းများအပေါ် ကန့်သတ်မှုကိုလည်း အဆုံးသတ်သွားပြီဖြစ်ကြောင်း အာဘေးက ထပ်မံပြောကြားသည်။

**အရေးပေါ်အခြေအနေ ရုပ်သိမ်း**

မြို့တော်တိုကျို၊ ကာနာဂါဝါ၊ ချီဘား၊ ဆိုင်းတမနှင့် နိုင်ငံ၏ မြောက်ဘက်အစွန်ဆုံးရှိ ဟော့ကိုင်းဒိုးမြို့များ၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဧပြီလက ကြေညာထားသည့် အရေးပေါ်အခြေအနေ ရုပ်သိမ်းခြင်းနှင့်အတူ ယခုအခါ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြေညာထားသည့် အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ရာ ဂျပန်ပြည်သူများသည် ဒေသတစ်ခုမှတစ်ခုသို့ လွတ်လပ်စွာ သွားလာခွင့်ရရှိတော့မည်ဖြစ်သလို စီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်စတင်နိုင်ကြတော့မည်ဖြစ်ကြောင်း အာဘေးက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

"တစ်လခွဲကျော်အတွင်းမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအားလုံးနီးပါးကို ထိန်းချုပ်နိုင်တဲ့အတွက် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကြေညာထားတဲ့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို သတ်မှတ်ထားတဲ့ မေ ၃၁ ရက်မတိုင်မီမှာဘဲ အဆုံးသတ်ရန် ဆုံးဖြတ်ထားတာပါ"ဟု အာဘေးက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ထပ်မံပြောကြားသည်။

**တိုက်တွန်းပြောကြား**

သို့သော် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒုတိယလှိုင်း မကြာမီပြန်လည်ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးထားသောကြောင့် ပြည်သူများအနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကာ နေအိမ်မှအလုပ် လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် နေ့စဉ်နေထိုင်မှုပုံစံကို ပြင်ဆင်ထားကြရန် ဝန်ကြီးချုပ် အာဘေးက ဂျပန်ပြည်သူများအား တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု အထွတ်အထိပ်သို့ ရောက်ရှိနေပြီဟု ယူဆနေစဉ် နိုင်ငံအတွင်း မြို့ ၄၇ မြို့ ရှိသည့်အနက် ၄၂ မြို့တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၂၀၀ ရှိပြီး သေဆုံးသူ ၈၆၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ကျိုဒိုနယူးစ်**
**ဘာသာပြန်-ဂျေတီ**


# အာမေးနီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်

**ယီရီဗန် မေ ၂၅**
အာမေးနီးယားနိုင်ငံတွင် ယမန်နေ့က ခေတ်ခွဲအတည်ပြု ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ ၄၅၂ ဦးတွေ့ရှိခဲ့ရာ ကူးစက်လူနာပေါင်း ၇၁၁၃ ဦးအထိရှိလာခဲ့ပြီဟု အမျိုးသားရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဗဟိုဌာနက ယနေ့ ပြောကြားလိုက်သည်။


နောက်ထပ် လူနာ ၈၁ ဦး ရောဂါသက်သာလာခဲ့ရာ ရောဂါပျောက်ကင်းသူပေါင်း ၃၁၄၅ ဦးအထိ ရှိလာခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာပြသဆဲ လူနာအရေအတွက်မှာ ၃၈၄၂ ဦးရှိသည်။ နောက်ထပ် သက်ကြီးလူနာခြောက်ဦး သေဆုံးခဲ့ရာ သေဆုံးသူ ၈၇ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသော်လည်း အခြားရောဂါများကြောင့် သေဆုံးခဲ့သူ ၃၉ ဦးအထိ ရှိလာခဲ့သည်။

လက်ရှိအချိန်ထိ အာမေးနီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါစစ်ဆေးမှု ၅၁၅၉၄ ကြိမ် လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

**ကိုးကား-တက်စ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဆန့်ကျင်၍ ပါတီပွဲကျင်းပမှုကို ရုရှားရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမည်



**မော်စကို မေ ၂၅**
ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် အသွားအလာတားမြစ်ကန့်သတ်ချက်များရှိနေသော်လည်း ဆိုက်ဘေးရီးယားဒေသရှိ နိုဗိုဆီဘာ့စ်မြို့တွင် လူအများအပြားပါဝင်ခဲ့သည့် လမ်းမပေါ်၌ ပါတီပွဲကျင်းပမှုကို ရုရှားအာဏာပိုင်များက စုံစမ်းစစ်ဆေးခဲ့သည်။

ယင်းမြို့ မြို့လယ်ရှိ လီနင် ရင်ပြင်တွင် စနေနေ့ညမှ တနင်္ဂနွေနေ့အထိ အသံချဲ့စက်များဖွင့်၍ ကခုန်နေကြသည့် ရုရှားလူငယ်များ၏ ဓာတ်ပုံနှင့်ဗီဒီယိုဖိုင်များ အွန်လိုင်းပေါ်တွင် ပျံ့နှံ့ခဲ့ပြီးနောက် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေကြောင်း ဒေသန္တရစုံစမ်းစစ်ဆေးရေးကော်မတီက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် အသွားအလာတားမြစ်ကန့်သတ်မှုများရှိနေသည့် ရုရှားနိုင်ငံ၏ တတိယအကြီးမားဆုံးမြို့ဖြစ်ပြီး လူဦးရေ ၁ ဒသမ ၅ သန်းရှိသည့် အဆိုပါမြို့တွင် ပြုလုပ်ခဲ့သည့် လမ်းပေါ်မှ ပါတီပွဲတွင် လူပေါင်း ၃၀၀ ကျော် ပါဝင်ခဲ့ဖွယ်ရှိကြောင်း ကော်မတီက ပြောကြားသည်။

ပါတီပွဲတွင် လူပေါင်း ၅၀ မှ ၆၀ ခန့် ပါဝင်ခဲ့ကြောင်း၊ ၎င်းလူစုသည် တာဝန်ရှိသူများ ရောက်ရှိလာချိန်တွင် လူစုခွဲသွားကြောင်း ဒေသန္တရရဲများက ပြောကြားသည်။ အခြားအမှုများတွင် ဒဏ်ငွေသာ ပေးဆောင်ရနိုင်သော်လည်း ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်းအတွက် ရုရှားနိုင်ငံသားများသည် ထောင်ဒဏ် ခုနစ်နှစ်အထိ ကျခံရနိုင်သည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် တတိယမြောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အများဆုံးနိုင်ငံဖြစ်ပြီး ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၃၅၃၄၂၇ ဦးရှိ၍ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၆၃၃ ဦးရှိသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူ ဦးရေသည် ပုံမှန်ကျဆင်းလျက်ရှိပြီး အာဏာပိုင်များက နိုင်ငံ၏ အချို့ဒေသများတွင် အသွားအလာတားမြစ်ကန့်သတ်မှုများကို စတင်ဖြေလျှော့ပေးလျက်ရှိသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ကိုဗစ်-၁၉ တိုက်ဖျက်ရာတွင် စက်ရုပ်များ၏ အသုံးဝင်မှု ပိုမိုတွင်ကျယ်လာ

**အောင်ကျော်ကျော် (ကြေးမုံ)**



ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့ခဲ့သည်မှာ ခြောက်လနီးပါး အချိန်ကို ရောက်ရှိခဲ့ပြီဖြစ်သည်။ မေ ၂၅ ရက်အထိ ကမ္ဘာတစ်ဝန်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူ ၅ သန်းကျော် ရှိလာခဲ့ပြီး သေဆုံးသူ ၃ သိန်းကျော် ရှိလာခဲ့ပြီဖြစ်သည်။ ယင်းတို့အနက် ဗိုင်းရပ်စ်ကူးစက်ခံရသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးရင်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်းအရေအတွက် ၉၀၀၀၀ ကျော်ရှိပြီဖြစ်သည်။ ထို့ကြောင့် နည်းပညာဖွံ့ဖြိုးသော နိုင်ငံများ၌ လူသားကျန်းမာရေးဝန်ထမ်းများနေရာတွင် စက်ရုပ်များကို အသုံးပြုလာခဲ့သည်။ စက်ရုပ်များအသုံးပြုမှုကြောင့် ကျန်းမာရေးလုပ်သားများ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ လျော့ကျလာမည်ဖြစ်သည်။

**စက်ရုပ်များအစားထိုးအသုံးပြုလာ**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ၊ အစားအစာနှင့် ဆေးဝါးများ မျှဝေပေးခြင်း၊ ခန္ဓာကိုယ်အပူချိန်တိုင်းတာခြင်း၊ ရောဂါလက္ခဏာများ စောင့်ကြည့်ပေးခြင်းစသည့် အလုပ်တာဝန်များကို လူသားများလုပ်ဆောင်ရာတွင် ဗိုင်းရပ်စ်ကူးစက်နိုင်ခြေ ပိုမိုများပြားနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများက အဆိုပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၏ နေရာတွင် စက်ရုပ်များကို အစားထိုးအသုံးပြုလျက်ရှိသည်။ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာရှနိုင်ငံများ၊ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၌ စက်ရုပ်များကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် အာဖရိကနိုင်ငံများအနက် နည်းပညာဖန်တီးမှုမြင့်မားသည့် ရဝမ်ဒါနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်ရုပ်များကို စတင်အသုံးပြုလျက်ရှိသည်။

မေ ၂၂ ရက်အထိ ရဝမ်ဒါနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁၄ ဦးရှိပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၂၀၉ ဦးရှိသည်။ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ မရှိသေးပေ။ လက်ရှိအချိန်တွင် ရဝမ်ဒါအစိုးရက ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေသည့် စက်ရုပ်ငါးရုပ်ကို အသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါစက်ရုပ်များကို ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်က ရဝမ်ဒါနိုင်ငံသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယင်းစက်ရုပ်များကို မြို့တော်ကီဂါလီ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ကျန်းမာရေးစောင့်ရှောက်မှုစင်တာများတွင် အသုံးပြုလျက်ရှိသည်။

ယင်းစက်ရုပ်များသည် ခန္ဓာကိုယ်အပူချိန်တိုင်းပေးခြင်း၊ ဗိုင်းရပ်စ်ကူးစက်ခံလူနာများ၏ အခြေအနေကို စစ်ဆေးပေးနိုင်ခြင်းနှင့် လူနာများ၏ ကျန်းမာရေးအခြေအနေများကို မှတ်တမ်းတင်ပေးနိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်ကြောင်း သိရသည်။

**ကျန်းမာရေးဝန်ထမ်းများ ဘေးကင်းလုံခြုံပြီ**

အဆိုပါစက်ရုပ်များသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးအတွက် အထောက်အကူများစွာပြုလျက်ရှိသည်။ ၎င်းတို့ကို အသုံးပြုခြင်းအားဖြင့် ရှေ့တန်းမျက်နှာစာတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေရသော ကျန်းမာရေးဝန်ထမ်းများ ရောဂါကူးစက်နိုင်ခြေ များစွာလျော့နည်းသွားစေသည်။ အဆိုပါစက်ရုပ်များသည် ချောင်းဆိုးခြင်းနှင့် ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်းကဲ့သို့သော ရောဂါလက္ခဏာများကို တစ်မိနစ်လျှင် ပြည်သူ ၅၀ မှ ၁၅၀ ခန့်ကို စစ်ဆေးပေးနိုင်သည်။ ထို့ပြင် ဗိုင်းရပ်စ်ကူးစက်ခံလူနာများခံစားနေရသည့် ရောဂါလက္ခဏာဆိုင်ရာ အချက်အလက်များကို မှတ်သားနိုင်သည့်အပြင် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ လိုက်နာမှုမရှိသည့် လူနာများကို ခြေရာခံကာ ကျန်းမာရေးဝန်ထမ်းများအား အသိပေးအကြောင်းကြားနိုင်သည့် စွမ်းရည်များ ပါဝင်သည်ဟု ရဝမ်ဒါကျန်းမာရေးဝန်ကြီး ဒေါက်တာ ဒါနီရယ် နာမီဂျီ က ဆိုသည်။

"ဒီစက်ရုပ်တွေက ကျွန်တော်တို့ ကျန်းမာရေးစင်တာမှာ လူနာတွေကို အပူချိန်တိုင်းတာပေးပါတယ်။ ပြီးတော့ နှာခေါင်းစည်း မဝတ်ဆင်ဘဲ သွားလာနေတဲ့ လူနာတွေ တွေ့ရင် ခြေရာခံပြီး ကျန်းမာရေးစင်တာကို ချက်ချင်း သတင်းလှမ်းပေးပါတယ်"ဟု ရဝမ်ဒါကျန်းမာရေးဝန်ကြီး ဒေါက်တာဒါနီရယ် နာမီဂျီက ဆိုသည်။

ကမ္ဘာတစ်ဝန်းတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ကျန်းမာရေးလုပ်သား ၉၀၀၀၀ ကျော်သည် ဗိုင်းရပ်စ်ကူးစက်ခံထားရသည်။ ထို့ကြောင့် ကျန်းမာရေးလုပ်သားများ ဗိုင်းရပ်စ်ကူးစက်ခြင်း မခံရစေရန် ရည်ရွယ်ပြီး ရဝမ်ဒါအစိုးရက အဆိုပါစက်ရုပ်များကို အသုံးပြုခြင်းဖြစ်သည်။

ဆေးဝါးများ၊ အစားအစာများနှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသည့် လူနာများအား မျှဝေရာ၌ ကျန်းမာရေးဝန်ထမ်းများ၏နေရာတွင် ယင်းစက်ရုပ်များကို အစားထိုးအသုံးပြုနိုင်မည်ဖြစ်သည်။

၎င်းစက်ရုပ်များကို လူနာများနှင့် ကောင်းမွန်စွာ ပြောဆိုဆက်ဆံနိုင်ရန် အစီအစဉ်ရေးဆွဲပေးနိုင်သည့်အပြင် ဗိုင်းရပ်စ်ကူးစက်နိုင်ခြေမြင့်မားနေသည့် အခြေအနေသို့ ရောက်ရှိနေပါက ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအား မည်သို့ ဘေးကင်းစွာနေထိုင်ရမလဲဆိုသည့် အသိပညာပေးခြင်းများကိုလည်း စွမ်းဆောင်ပေးနိုင်သည်။

အဆိုပါစက်ရုပ်များကို ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ စက်ရုပ်အင်ဂျင်နီယာများက ရဝမ်ဒါကျန်းမာရေး ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

**အားကိုးရသည့် စက်ရုပ်များ**

ရဝမ်ဒါနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် စက်ရုပ်များကို ပထမဆုံးစတင်အသုံးပြုသည့် နိုင်ငံတစ်နိုင်ငံမဟုတ်ပေ။ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် စက်ရုပ်များ အသုံးပြုသည့် နိုင်ငံအများအပြား ရှိသည်။ ယင်းတို့အနက် တူနီးရှားနိုင်ငံတွင် ဧပြီလအတွင်းက ခရီးသွားလာခွင့်များ ကန့်သတ်ထားစဉ်အတွင်း ဒေသခံပြည်သူများ ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးရာတွင် ရဲအရာရှိများက စက်ရုပ်များ အသုံးပြုခဲ့သည်။ စက်ရုပ်များကို နေရာအနှံ့ဖြန့်ကြက်ထားပြီး စည်းကမ်းချိုးဖောက်သူများအား စက်ရုပ်ပါ ကင်မရာများဖြင့် မှတ်တမ်းတင်ကာ လိုက်လံဖမ်းဆီးခဲ့ကြောင်း သိရသည်။

မည်သို့ဆိုစေ စက်ရုပ်များသည် သက်ရှိလူသားတို့အတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် နည်းပညာမြင့်မားမှုသည် လူသားတို့၏ အသက်ကိုပင် ကယ်တင်စေနိုင်သည်ကို ကိုရိုနာဗိုင်းရပ်စ်ပိုး ကမ္ဘာတစ်ဝန်းတွင် ကူးစက်ပျံ့နှံ့နေသည့် ယခုအချိန်၌ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးရ အခြေအနေ

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ

၅၅၄၁၆၆၄ ဦး

သေဆုံးသူ

၃၄၇၃၇၂ ဦး

ပြန်လည်ကျန်းမာလာသူ

၂၃၂၀၄၅၇ ဦး

# နီပေါနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စတုတ္ထမြောက် သေဆုံးသူရှိလာကြောင်း အစိုးရပြောကြား



**ခတ္တမန္ဒူ မေ ၂၅**

နီပေါအစိုးရက နိုင်ငံအတွင်း မေ ၁၇ ရက်က အသက် ၇၀ အရွယ် အမျိုးသားတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ကြောင်း ပြောကြားခဲ့ပြီး နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် စတုတ္ထမြောက် သေဆုံးသူဖြစ်ကြောင်း ကြေညာခဲ့သည်။ နိုင်ငံ၏အရှေ့တောင်ပိုင်း ဘာရာခရိုင် ကိုင်အေရာမြို့ရှိ ၎င်းအမျိုးသားအား ကိုရိုနာဗိုင်းရပ်စ်ရောဂါ စစ်ဆေးမှုအကြိမ် များစွာပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ စစ်ဆေးရာတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကို အကြိမ်ကြိမ် တွေ့ရှိခဲ့ရကြောင်း နီပေါကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗီကက်ဒက်ကိုတာက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အဆိုပါဝန်ကြီးဌာနမှ ပြောကြားချက်အရ ၎င်းလူနာသည် တီဘီရောဂါဖြင့် ဘာကန်းမြို့ရှိ အမျိုးသားကျန်းမာရေးကောလိပ်၏ အထူးကြပ်မတ်ကုသဌာနသို့ မေ ၁၅ ရက်တွင် ဆေးရုံတင်ခဲ့ရာမှ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိကြောင်း သိရသည်။

ယင်းလူနာအား အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါစစ်ဆေးမှုများ ဆောင်ရွက်ပြီးနောက် သံသယဖြစ်ဖွယ် ရလဒ်များကို တွေ့ရှိရသဖြင့် ခတ္တမန္ဒူမြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းတွင် ထပ်မံစစ်ဆေးခဲ့သည်။ ထိုစစ်ဆေးမှုတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ တွေ့ရှိသည်ဟု အတည်ပြုခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား -ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထွဋ်အောင်၊ လက်ထောက်ဦးစီးမှူး ဦးနွယ်မင်းသန်းနှင့် မြေတိုင်း(၄) ဦးသန်းဇော်မင်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာအုပ်စု ကော်သဇင်ကျေးရွာရှိ တောင်သူများသည် လယ်ယာမြေပုံစံ(၇)ရရှိရေး တိုင်းတာဖော်ထုတ်မှုအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း တောင်းခံ၍ ပေးခဲ့ရခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထွဋ်အောင် (ယခု မြို့နယ်ဦးစီးမှူး နမ့်စန်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရှမ်းပြည်နယ်-တောင်ပိုင်း)၊ လက်ထောက်ဦးစီးမှူး ဦးနွယ်မင်းသန်းနှင့် မြေတိုင်း(၄) ဦးသန်းဇော်မင်းတို့သည် ပဒဲကောကျေးရွာအုပ်စု ကော်သဇင်ကျေးရွာ ကွင်းအမှတ် (၃၄) ဧတစ်ထောင်ကွင်း ရှိ လယ် ၉၈၇ ဒသမ ၇၁ ဧကအတွက် ပုံစံ(၇)များ ပြုလုပ်ပေးရာတွင် လယ်တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း ပေးသွင်းရန် ပြောဆို၍ တောင်သူလယ်သမားများထံမှ ကောက်ခံရရှိသည့် ငွေကျပ် ၉၂၀၀၀၀၀ တိတိအား လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့ သုံးဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့မရဲစခန်းတွင် မေ ၂၂ ရက်က ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြို့နယ်နှင့် ကလေးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ဖားကန့်မြို့နယ် ကာမိုင်းမြို့ ရှာဒူးဇုပ်ကျေးရွာနေ ဒေါ်ရီဂမ်အောင်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ငွါးလီဖာအား တွေ့ရှိရပြီး ၎င်းတို့နှစ်ဦးထံမှ ဘိန်းဖြူ သုည ဒသမ ၀၀၇၁ ကီလို၊ မြန်မာငွေကျပ် ၈၀၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာတွင် ဖော်ဘောက် မောင်းနှင်ပြီး အားဝိန်း လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရန် တားဆီးစဉ် ဖော်ဘောက်မှာ ထွက်ပြေးသွားခဲ့ပြီး အားဝိန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိကာ ကွင်းဆက်အရ ဆိပ်မူကျေးရွာနေ ဇော်ဆိုင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအေးယိမ်းနှင့် အန်းတဲတို့အား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၂၀၀၊ ဘိန်းဖြူ သုည ဒသမ ၁၈ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၃၃ ကီလို၊ ဘိန်းစိမ်း ၄ ဒသမ ၈ ကီလို၊ ၉ မမ ပစ္စတိုတစ်လက်၊ ကျည် ငါးတောင့်၊ ကျည်အိမ်တစ်ခုနှင့် IPSUM အမျိုးအစား မော်တော်ယာဉ်တစ်စီး စုစုပေါင်း ငွေကျပ် ၇၆၉၁ ဒသမ ၈၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကိုလည်းကောင်း။

ထို့အတူ ထိုနေ့ ည ၇ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ ကြို့သုံးပင်ရပ်ကွက် ယုဇနလမ်းတွင် ဗန်လာလ်ငူရှ်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကလေးမြို့ ချမ်းမြေ့အောင်စည် ရပ်ကွက် အိမ်အမှတ်(၂၃၈)နေ ခင်မောင်ဝင်းအား စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




အားဝိန်း၊ ဇော်ဆိုင်း၊ မအေးယိမ်း၊ အန်းတဲတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# အသံတုဝိဇ္ဇာ ဦးရဲမြင့်လေး ကွယ်လွန်



တစ်ခေတ်တစ်ခါက နောက်ခံအသံတုလောကတွင် ပါးစပ်သေနတ်ပစ်အသံတု၊ တိရစ္ဆာန်အသံတု၊ လူအသံတုဖြင့် ကျော်ကြားခဲ့သော အသံတုရဲမြင့်လေးသည် မေ ၂၄ ရက် ညနေ ၅နာရီက ၎င်းနေထိုင်ရာ သာကေတမြို့နယ်ရှိ နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည်။

အသံတုရဲမြင့်လေး၏ အမည်ရင်းမှာ ဦးမောင်မြင့်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင်ကျေးရွာတွင် အဖ ဦးကျော်ဆိုင်၊ အမိ ဒေါ်ချစ်မြတို့မှ မွေးဖွားခဲ့သည်။

၁၀ တန်းကျောင်းသားဘ၀ သာကေတမြို့နယ်ရှိ အောင်ခေတ်မီ အနုပညာကျောင်း၌ ပညာဆည်းပူးနေစဉ် အနုပညာကျောင်းပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲတွင် ''ကျွန်တော်သာ ရုပ်ရှင်မင်းသားဖြစ်ခဲ့ရင်'' ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရာ ပထမဆုရရှိခဲ့ပြီး ထိုအချိန်မှစ၍ အသံတုလုပ်ခြင်းကို ဝါသနာပါခဲ့ကြောင်း ၎င်း၏ အင်တာဗျူးတစ်ခုတွင် ဖြေကြားထားသည်။

အသံတုရဲမြင့်လေးသည် မျက်လှည့်ပညာကို အကယ်ဒမီဖိုးပါကြီး၊ ဆရာပဏ္ဏဝ၊ ဆရာပြည်ဘိုလာ၊ အသံတုနှင့်မျက်လှည့် ချန်ပီယံ တင်ညွန့်တို့ထံတွင် သင်ယူခဲ့ပြီး အသံတုပညာရှင် (ရွှေတံဆိပ်ဆုရှင်) ၊ စိတ်-အာရုံ-မနောပညာရှင်၊ မျက်လှည့်ပညာရှင်အဖြစ် ထင်ရှားသည်။ အသံတုလုပ်ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ငါးဘ၀ပြဇာတ်အတွက် ဗိုလ်ချုပ်၏ အသံနှင့် မိန့်ခွန်းများကို နောက်ခံအသံဖြင့် သရုပ်ဆောင်ခဲ့သည်။ တွံတေးသိန်းတန်၊ ဟသ်ာတထွန်းရင်၊ အညာသားအေးလွင်၊ မောင်မောင်ညွန့်တို့၏ ကက်ဆက်တိပ်ခွေ ဇာတ်လမ်းများတွင် သရုပ်ဆောင်ပေးခဲ့သည်။

ယခုနောက်ပိုင်း MRTV 4 မျက်လှည့်အစီအစဉ်မှ သင်တန်းများ ပို့ချခဲ့ပြီး Channel 9 မှ ထုတ်လွှင့်ခဲ့သော ဤဘ၀ဝယ် အစီအစဉ်တွင် စည်သူ ဗိုလ်ကလေးတင့်အောင်၏ တာဝန်ပေးချက်အရ ဥဩဘသောင်၏ ဘဲကျောင်းသားသီချင်းကို အသံတုဖြင့် သရုပ်ဆောင်ခဲ့ရကာ အသက် ၈၁ နှစ်အရွယ်တွင် ကျန်းမာရေးအရ အနားယူလျက်ရှိသည်။

အသံတုရဲမြင့်လေးသည် နဝမအကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲမှစပြီး ကန်တော့ခံအဖြစ် စတင်ပါဝင်ခဲ့ကာ သာကေတမြို့နယ် (၃) ရန်ပြေရပ်ကွက် ၂ ဈေးလမ်း အမှတ် ၂၁/က နေအိမ်တွင် မိသားစုနှင့် နေထိုင်လျက်ရှိစဉ် အသက် ၈၂ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ကျောက်တံခါးမြို့နယ်တရားရုံးမှ စည်းကမ်းပျက်ယာဉ် ၁၉ စီးအား ယာဉ်တစ်စီးလျှင် ဒဏ်ငွေတစ်သောင်း ချမှတ်

**ကျောက်တံခါး မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၏ စီစဉ်ညွှန်ကြားမှုဖြင့် မြို့မစခန်းမှူးဒုရဲမှူး ပြေငြိမ်းက အနီးကပ်ကြီးကြပ်ကာ ယနေ့ နံနက်ပိုင်းက ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံရာ လမ်းဆုံမီးပွိုင့်၌ မီးနီဖြတ်ကျော်မောင်းနှင်သည့် ယာဉ်များအား မော်တော်ယာဉ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

မီးနီဖြတ်ကျော်မောင်းနှင်သည့် ယာဉ်များအား ဒုတိယရဲအုပ် ကျော်ခိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက တားဆီးအရေးယူ ဆောင်ရွက်ခဲ့ရာ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ခြင်းမရှိသော မီးနီဖြတ်ကျော်မောင်းနှင်သည့် ဆိုင်ကယ်ငါးစီးတို့အား ကျောက်တံခါးမြို့မရဲစခန်းက မော်တော်ယာဉ်ဥပဒေပုဒ်မ ၆၅ နှင့်အညီ ကျောက်တံခါးမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း သိရသည်။

အလားတူ ယမန်နေ့ကလည်း ဒုတိယရဲအုပ် ကျော်ဆန်းဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များက မော်တော်ယာဉ် လမ်းညွှန် အမှတ်အသားများကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ မီးနီဖြတ်ကျော်မောင်းနှင်သည့် မော်တော်ယာဉ်တစ်စီး၊ သုံးဘီးဆိုင်ကယ်တစ်စီးနှင့် ဆိုင်ကယ် ၁၂ စီးတို့အား ကျောက်တံခါးမြို့နယ်တရားရုံးသို့ မော်တော်ယာဉ်ဥပဒေပုဒ်မ ၆၅ ဖြင့် တရားစွဲတင်ပို့ခဲ့ရာ ကျောက်တံခါးမြို့နယ်တရားရုံးမှ ယနေ့တွင် လက်ခံစစ်ဆေးခဲ့ပြီး မော်တော်ယာဉ် လမ်းညွှန်အမှတ်အသားများကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် စည်းကမ်းပျက် မော်တော်ယာဉ်တစ်စီး၊ သုံးဘီး ဆိုင်ကယ်တစ်စီးနှင့် မော်တော်ဆိုင်ကယ် ၁၇ စီး စုစုပေါင်း ယာဉ် ၁၉ စီးတို့အား မော်တော်ယာဉ်ဥပဒေပုဒ်မ ၆၅ ဖြင့် ကျောက်တံခါးမြို့နယ်တရားရုံးမှ ယာဉ်တစ်စီးလျှင် ဒဏ်ငွေ ကျပ် ၁၀၀၀၀ ဒဏ်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# အင်းစိန်မြို့နယ်၌ အဆောက်အအုံဆောက်လုပ်နေစဉ် ဓာတ်လိုက်သေဆုံး

**ရန်ကုန် မေ ၂၅**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ အဆောက်အအုံဆောက်လုပ်နေစဉ် ဓာတ်လိုက်သေဆုံးမှု ယမန်နေ့က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထိန်းလင်းအောင်သည် ယမန်နေ့ နံနက် ၉ နာရီခွဲက သုံးထပ်တိုက် အာစီအဆောက်အအုံ ဆောက်လုပ်ရန် မြေကျင်းအတွင်းရှိ ရေမြုပ်ပန့်ဖြင့် ဆက်သွယ်ထားသော ဝါယာကြိုးမှာပေါက်ပြီး လျှပ်စစ်စီးဝင်နေ၍ ဓာတ်လိုက်ကာ သေဆုံးသွားခြင်းဖြစ်သည်။

**ဖွဲ့ထက်ကို(မြန်/ဆက်)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၅-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၈၁) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၁) ခု၊ စုစုပေါင်း (၄၀၂)ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂)ဦး တွေ့ရှိရပါသည်။

၂။ (၂၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၀၃) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၅-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁) ဦး (Case-134) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၃) ဦးရှိပြီး ၎င်းတို့အနက် (၁၁၂) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၄-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၂) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၁) ခု |
| (၂၅-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၀၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၁၂၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၅-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**(၂၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 202 | ၃၉ နှစ် | ကျား | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အီတလီ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 203 | ၄၁ နှစ် | မ | ပျဉ်းမနားမြို့နယ်၊ နေပြည်တော် | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဒဂုံ မြို့နယ်) |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၅-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၂၄-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၆၀) ခုအား ထပ်မံစစ်ဆေးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၄-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၇၄၈) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊ စုစုပေါင်း (၉၁၄) ခုအား စစ်ဆေးခဲ့ရာတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၃။ (၂၅-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၁) ဦး ရှိပါသည်။

**COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၅-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၂၄-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၇၄၈) ခု |
| (၂၄-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၆၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လမ်းပေါ်နေကလေးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်နေသည့်အချိန်တွင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ထိခိုက်လွယ် အခြေအနေတွင်ရှိသော လမ်းပေါ်နေကလေးသူငယ်များအတွက် လုပ်ငန်းစီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

၎င်းစီမံချက်အရ စခန်းအခြေပြု တုံ့ပြန်ဆောင်ရွက်ခြင်းအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းပေါ်နေကလေးများ ယာယီစောင့်ရှောက်ရေးစခန်း(နာနတ်တော)ရှိ ယာယီထိန်းသိမ်းစောင့်ရှောက်ထားသည့် လမ်းပေါ်နေကလေးများအား ကိုဗစ်-၁၉ အသိပညာပေးခြင်းနှင့် လိုအပ်ချက်တို့ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNICEF (မြန်မာ)၊ Terres Des Homes Lausanne (TDHL)၊ World Vision (မြန်မာ) တို့မှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ခဲ့ကြသည်။

ထိုသို့သွားရောက်ခဲ့ရာတွင် လက်ရှိစောင့်ရှောက်ထားသည့် ကလေးသူငယ်များတွင် မွေးရာပါဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းခြင်း၊ စိတ်ကျန်းမာရေးပြဿနာများ၊ အာဟာရချို့တဲ့မှုများရှိကြောင်း၊ အထွေထွေကျန်းမာရေးချို့ယွင်းမှုများအား လတ်တလောအခြေအနေတွင် မတွေ့ရှိရကြောင်း၊ ရှင်သန်ကြီးပြင်းရာ ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်၍ ဗီဇ၊ စရိုက်နှင့် အပြုအမူပိုင်းဆိုင်ရာတွင် အားနည်းချက်ရှိသူ အများစုဖြစ်ပါကြောင်း၊ ကလေးများတွင် ကော်ရှူခြင်းအလေ့အထရှိသည်ကို တွေ့ရပါကြောင်း၊ ကလေးများ၏စိတ်ပိုင်းဆိုင်ရာပြုပြင်ရေးအတွက် TDHL၊ World Vision နှင့် UNICEF (မြန်မာ)တို့က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေးများတွင် ရာဇဝတ်မှုကျူးလွန်ခြင်းရှိခဲ့သူများ၊ သင်ကြားသင်ယူမှုနှင့် လူမှုဆက်ဆံရေးခက်ခဲမှုရှိသူများ မတွေ့ရှိရပါကြောင်း၊ လိုအပ်ချက်များအနေဖြင့် မီးဖိုချောင်သုံးပစ္စည်းများ၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်၊ ဆေးဝါးပစ္စည်းများလိုအပ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် AD မီးပွိုင့်၊ ပါရမီမီးပွိုင့်၊ မြောက်ဥက္ကလာပ မီးပွိုင့်၊ အောင်မင်္ဂလာမီးပွိုင့်၊ သီရိမင်္ဂလာဈေး၊ ဘုရင့်နောင်ဈေး၊ သိမ်ဖြူမီးပွိုင့်၊ ယင်းခုနစ်နေရာတွင်ရှိသော ကလေးများ၏ မိသားစုများအတွက် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်ဥနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်စသည်တို့ ထောက်ပံ့ပေးရန်၊ လမ်းပေါ်နေကလေးများနှင့် မိသားစုများအတွက် ငွေကြေးထောက်ပံ့ရန်၊ ကိုဗစ်ကာလဖြစ်သည့်အတွက် မိဘထံပြန်လည်အပ်နှံပေးခြင်းထက် ယာယီဆက်လက် ထိန်းသိမ်းထားရန်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ရပ်ရွာအခြေပြုတုံ့ပြန်ဆောင်ရွက်ခြင်းကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့၊ ၁၆:၃၀ နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း ၂၅–၅–၂၀၂၀ ရက်နေ့၊ ၁၆:၃၀ နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | Light House Enterprise ltd | ၅၀၀.၀၀ |
| ၂။ | Telecom International Co.ltd | ၂၂၄.၀၀ |
| ၃။ | လူမှုကွန်ရက်မှ အများပြည်သူကောင်းမှု | ၂၀၈.၀၀ |
| ၄။ | မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ခရိုင်နှင့် မြို့နယ် ဘဏ်ခွဲများ) မှ ဝန်ထမ်းများ၏ (၁)ရက်စာလစာငွေ | ၁၈၄.၇၅ |
| ၅။ | ဒေါက်တာမြတ်မော်ထွန်း၊ ဒုဥက္ကဋ္ဌ မြန်မာကလပ်(စင်ကာပူ)(စင်ကာပူရောက်မြန်မာမိသားစု) | ၁၃၂.၀၀ |
| ၆။ | ဦးတင်အောင်ဝင်း + ဒေါ်ကြည်ကြည်မြင့် (ရွှေမဟာဗုဒ္ဓဂါယာ) | ၁၁၀.၀၀ |
| ၇။ | Red Horse Dairy Industries ltd (PEP နို့မှုန့်) | ၁၀၀.၀၀ |
| ၈။ | ၁၉၆၃ ခုနှစ် ရန်ကုန်ဆေးတက္ကသိုလ် (၁) ဝင် ပြည်တွင်းပြည်ပရှိ ဆရာဝန်များ | ၁၀၀.၀၀ |
| ၉။ | အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များသာသနာဖွံ့ဖြိုးရေးအဖွဲ့ | ၁၀၀.၀၀ |
| ၁၀။ | မြန်မာတော်ဝင်အနွယ်တော်များ အစည်းအရုံး | ၁၀၀.၀၀ |
| ၁၁။ | ဦးကျန်ပျင်းချိန် + ဒေါ်သန်းကြည် မိသားစု (ရွှေလီလှိုင်း အသားကင်ဆိုင်) | ၁၀၀.၀၀ |
| ၁၂။ | ၂၀၁၂ ခုနှစ် တက္ကသိုလ်ပေါင်းစုံ ဆရာ၊ ဆရာမများနှင့်စေတနာရှင်များ | ၈၁.၇၀ |
| ၁၃။ | ဆေးတက္ကသိုလ်(၁)ရန်ကုန် ၁၂/၂၀၀၃ ကျောင်းသား ကျောင်းသူဟောင်းများ | ၆၅.၀၀ |
| ၁၄။ | စန္ဒာရတနာ စိန်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး | ၅၀.၀၀ |
| ၁၅။ | အသောကကုသိုလ်ဖြစ်ဆေးခန်း သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဝိလာသ (ဂန္ထဝါစကပဏ္ဍိတ)အမှူးပြု၍ အသောကကုသိုလ်ဖြစ်ဆေးခန်း(ကျောက်တန်းမြို့) | ၅၀.၀၀ |
| ၁၆။ | ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုနှင့် ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများ | ၄၂.၀၀ |
| ၁၇။ | Pure White Group | ၂၇.၇၈ |
| ၁၈။ | RIT 1986 Mechanical Engineer | ၂၇.၀၀ |
| ၁၉။ | Geology 1979 batch RASU ကျောင်းသားဟောင်းများ | ၂၆.၀၀ |
| ၂၀။ | Vithey Microfinance Myanmar | ၂၀.၀၀ |
| ၂၁။ | Lotus Foundation (၁၁)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် | ၂၀.၀၀ |
| ၂၂။ | ၂၀၀၂ ခုနှစ် (စီနီယာ) သစ်တောသိပ္ပံတွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ | ၁၅.၅၀ |
| ၂၃။ | ဒေါ်တင်မူအောင်ကျော်၊ ကနေဒါနိုင်ငံ | ၁၅.၀၀ |
| ၂၄။ | နာရေးကူညီမှုအသင်း သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဝိလာသ (ဂန္ထဝါစက ပဏ္ဍိတ) အမှူးပြု၍ နာရေးကူညီမှုအသင်း (၁/ပြည်တွင်း/၀၃၄၂) (ကျောက်တန်းမြို့) | ၁၅.၀၀ |
| ၂၅။ | ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၇/၂၀၁၆) သင်တန်းသား/သင်တန်းသူများ | ၁၁.၀၀ |
| ၂၆။ | MC Easy Micro Finance | ၁၀.၀၀ |
| ၂၇။ | ဘသင် + အေးမြ ဖောင်ဒေးရှင်း | ၁၀.၀၀ |
| ၂၈။ | RIT Batch 84( Mech) Singapore | ၁၀.၀၀ |
| ၂၉။ | Life Plus Health & Beauty | ၁၀.၀၀ |
| ၃၀။ | သြစတြေးလျရောက် မြန်မာမိသားစုများ | ၉.၂၅ |
| ၃၁။ | စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ | ၇.၀၀ |
| ၃၂။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်မှု အမှတ်စဉ် (၁/၂၀၁၈) အုပ်စု(၁) တန်းခွဲ (၂) သင်တန်းသား/ သင်တန်းသူများ | ၅.၅၀ |
| ၃၃။ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၇၃)ဝန်ထမ်းများ | ၅.၂၀ |
| ၃၄။ | ဦးကျော်စိုးထက် + ဒေါ်နီလာဦး | ၅.၀၀ |
| ၃၅။ | ဒေါက်တာသီတာစန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၏ (၅၇)နှစ်မြောက် မွေးနေ့အလှူ | ၃.၀၀ |
| ၃၆။ | ဦးသိန်းဇော် (၆၁)နှစ်ပြည့် မွေးနေ့အလှူ | ၃.၀၀ |
| ၃၇။ | ဒေါ်ခင်လေးညိုနှင့် တပည့်များ ၊ ဝန်ကြီးရုံး ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁.၃၀ |
| ၃၈။ | မြဝတီဘဏ်လီမိတက်(ပျဉ်းမနား) ဘဏ်ခွဲ မိသားစု | ၁.၂၀ |
| ၃၉။ | ဦးနေလင်း + ဒေါ်သီသီမာ သား ဝီရဘုန်းခန့်၊ ဝါဆိုဘုန်းခန့် | ၁.၀၀ |
| ၄၀။ | အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းမိသားစု | ၀.၆၃ |
| | စုစုပေါင်း | ၂၄၀၆.၈၁ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက် အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ရွှေပြည်သာ Great Lucky Star အထည်ချုပ်စက်ရုံရှိ လူမှုဖူလုံရေးအာမခံအလုပ်သမားများ အလုပ်ပိတ်ရက်အတွက် ထောက်ပံ့ကူညီမှု ၄၀ ရာခိုင်နှုန်း ထုတ်ပေး

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က အကျုံးဝင်မှတ်ပုံတင်ထားသော Great Lucky Star အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ၁၉၅ ဦးတို့အတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၂၅ သိန်းကျော်ကို ရွှေပြည်သာ လူမှုဖူလုံရေးအဖွဲ့ရုံးခန်း၌ ယမန်နေ့ နံနက် ၁၁ နာရီက ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလ ယာယီရပ်နားထားခဲ့သော စက်ရုံ၊ အလုပ်ရုံများရှိ လူမှုဖူလုံရေးအဖွဲ့ အကျုံးဝင်အာမခံအလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ထည့်ဝင်ကြေးပေးသွင်းထားသော လူမှုဖူလုံရေးအဖွဲ့များ၏ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီပြီး အလုပ်သမားများ၏ လစာ ၄၀ ရာခိုင်နှုန်းကို ပထမဦးဆုံးပေးအပ်ခဲ့ပြီး အခြားစက်ရုံများကိုလည်း တင်ပြထားပြီဖြစ်၍ ခွင့်ပြုမိန့်ရရှိပါက ချက်ချင်းပေးအပ်သွားမည်ဖြစ်ကြောင်း ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဦးခင်ဝင်းမောင်ထံမှ သိရသည်။

**ဉာဏ်ဟိန်း**




## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၅**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မေ ၂၅ ရက်တွင် ကိုဗစ် - ၁၉ ရောဂါ ပိုးရှိသူနှစ်ဦး ထပ်တိုးလာသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၃ ဦးရှိ

နေပြည်တော် မေ ၂၅

ယနေ့ ကိုဗစ်-၁၉ ရောဂါ ပိုးရှိသူနှစ်ဦးတွေ့ရှိပြီး ၎င်းတို့မှာ အီတလီနှင့် အိန္ဒိယနိုင်ငံတို့မှ ပြန်လာသူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၃ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရောဂါပိုးရှိသူနှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ်တို့မှဖြစ်ပြီး လှိုင်မြို့နယ်နှင့် မြောက်ဒဂုံမြို့နယ်တို့တွင် အသွားအလာ ကန့်သတ်ထားရှိသူများဖြစ်ကြောင်း သိရသည်။

ပိုးတွေ့လူနာ ၂၀၃ ဦးအနက် သေဆုံးသူခြောက်ဦး၊ ပိုးမတွေ့ရှိသူ စုစုပေါင်း ၁၂၃ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၁၁၂ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၁၅၂ | ၂၀၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၆၉၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၁၂ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုးတွေ့ရှိမှုနှင့်သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၆ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | နေပြည်တော် | ၃ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၂၀၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၅-၅-၂၀၂၀ ရက်၊ ၁၁ (၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၆၉၁၂၀၆ | ၄၅၁၇၄၉ | ၉၉၃၉၆ |
| ဘရာဇီး | ၃၆၅၂၁၃ | ၁၄၉၉၁၁ | ၂၂၇၄၆ |
| ရုရှား | ၃၅၃၄၂၇ | ၁၁၈၇၉၈ | ၃၆၃၃ |
| စပိန် | ၂၈၂၈၅၂ | ၁၉၆၉၅၈ | ၂၈၇၅၂ |
| ဗြိတိန် | ၂၅၉၅၅၉ | စိစစ်ဆဲ | ၃၆၇၉၃ |
| အီတလီ | ၂၂၉၈၅၈ | ၁၄၀၄၇၉ | ၃၂၇၈၅ |
| ပြင်သစ် | ၁၈၂၅၈၄ | ၆၄၆၁၇ | ၂၈၃၆၇ |
| ဂျာမနီ | ၁၈၀၅၀၅ | ၁၆၁၂၀၀ | ၈၃၈၂ |
| တူရကီ | ၁၅၆၈၂၇ | ၁၁၈၆၉၄ | ၄၃၄၀ |
| အိန္ဒိယ | ၁၄၄၀၆၉ | ၅၈၇၂၇ | ၄၁၁၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၁၉၆၀ | ၁၄၈၇၆ | ၂၃ |
| အင်ဒိုနီးရှား | ၂၂၇၅၀ | ၅၆၄၂ | ၁၃၉၁ |
| ဖိလစ်ပိုင် | ၁၄၃၁၉ | ၃၃၂၃ | ၈၇၃ |
| မလေးရှား | ၇၄၁၇ | ၅၉၇၉ | ၁၁၅ |
| ထိုင်း | ၃၀၄၂ | ၂၉၂၈ | ၅၇ |
| ဗီယက်နမ် | ၃၂၆ | ၂၇၂ | ၀ |
| မြန်မာ | ၂၀၃ | ၁၂၃ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၇ | ၁ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများနှင့် ယာယီ တိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မံစီမြို့နယ်ရှိ နှစ်ခြင်း IDP စခန်းသို့ သွားရောက်၍ Hand Speaker တစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick တစ်ခု၊ အပူချိန်တိုင်းကိရိယာတစ်ခု၊ လက်ဆေးစင်သုံးခု၊ ထုံး ၁၀ အိတ်၊ ဆပ်ပြာ ၇၈၃ ခဲ၊ လက်သန့်ဆေးရည် ၃၅၄ ဘူး၊ အဝတ်နှာခေါင်းစည်း ၁၅၆၆ ခုတို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ကန်စောက်ဘုန်းတော်ကြီးကျောင်း၊ တောင်မင်းကုလားကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း၊ ဝါးတောင်တိုက်ပွဲရှောင်စခန်း၊ ညောင်ချောင်းကျေးရွာ၊ အရှေ့ဘက်ကျေးရွာပိုင်ဘုံမြေနေရာ၊ မြို့သစ်ရပ်ကွက်မြို့နယ် သာသနာ့ဗိမာန်၊ ပြည်တော်သာရပ်ကွက် ခရစ်တော်အသင်းကျောင်း၊ မြို့မအထက စာသင်ကျောင်း၊ ပိုက်သည်ရပ်ကွက်၊ မဟာကံကြီးသျှင်ဘုရား၊ မြို့သစ်ရပ်ကွက် နေပူခံတိုက်ပွဲရှောင်စခန်း၊ ပြည်တော်သာရပ်ကွက် အထက စာသင်ကျောင်း၊ မြို့သစ်ရပ်ကွက် အမက(၃) စာသင်ကျောင်း စုစုပေါင်း တိုက်ပွဲရှောင်စခန်း ၁၁ ခုတို့တွင် ဆပ်ပြာ ၂၇၂၇ တောင့်၊ Surgical Mask ၅၄၅၄ ခု၊ ထုံးအိတ် ၂၁၀ ၊ လက်ဆေးစင် ၂၁ ခုတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၅**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို မေ ၂၀ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၄၀ ရှိ နေရာ ၈၈ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၂ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၄ ကီလိုဂရမ်၊ ရေဂါလန် ၃၉၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့သစ်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် စာရင်းစစ်ရုံး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ ကြက်ခြေနီရုံး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်



**ရန်ကုန် မေ ၂၅**

ငြိမ်းချမ်းရေးကော်မရှင်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီတို့မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။

### တစ်နိုင်တစ်ပိုင်လုပ်ဆောင်နေ

ရှေးဦးစွာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်ပျံ့နှံ့သော ကပ်ရောဂါ(Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူကို ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် စတင်တွေ့ရှိခဲ့ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ အများစုသည် နိုင်ငံခြားတိုင်းပြည်များမှ ပြန်လာကြသူများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံများမှ မိမိတို့နိုင်ငံသားများသည် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်မှုများလည်း ရှိနေပါကြောင်း၊ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာကြသူများသည် နယ်စပ်ဒေသများတွင် တရားဝင်သာမက တရားမဝင်ဖြတ်ကျော် ဝင်ရောက်လာကြသည့်အခါတွင် ရောဂါကာကွယ်တားဆီးထိန်းချုပ်မှုများ မှန်မှန်ကန်ကန် မလုပ်နိုင်ပါက ကူးစက်မှုသည် ပိုမိုပျံ့နှံ့သွားနိုင်ကြောင်း၊ နယ်စပ်ဒေသအများစုတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုလျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် မိမိတို့ နယ်မြေအတွင်း ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် လုပ်ဆောင်နေကြသည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်နှင့် အထောက်အကူပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ဧပြီ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၃/၂၀၂၀ ဖြင့် မိမိဦးဆောင်သည့် ငြိမ်းချမ်းရေးကော်မရှင်မှ အဖွဲ့ဝင်လေးဦးဖြင့်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်ခုနစ်ရပ် ချမှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် No one left behind ဆိုသည့် Policy အရ မည်သူမျှ မကျန်စေရအောင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပြင် NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ဆက်သွယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုရာဒေသများသည် နယ်စပ်ဒေသတစ်လျှောက် ဖြစ်နေသည့်အတွက် ပြည်ပမှပြန်လည်ဝင်ရောက်လာသူများနှင့် ထိတွေ့မှုအများဆုံးရှိနေကြသည့်အတွက် အဖွဲ့အစည်းအားလုံးကို ဆက်သွယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့ ကော်မတီအနေဖြင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့နှင့် ပူးပေါင်းပြီး မေ ၈ ရက်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့က တာဝန်ပေးအပ်ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့(PPWT) ကိုယ်စားလှယ်အဖွဲ့တို့နှင့် online မှတစ်ဆင့် Vedio Conferencing ပြုလုပ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် သဘောတူညီချက် ငါးချက်ကို မူအားဖြင့်ချမှတ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါ သဘောတူညီချက်များကို NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်းသိရှိပြီး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပေးပို့ခဲ့ပါကြောင်း။

### ဆက်လက်ဆွေးနွေးရန်စီစဉ်

အဆိုပါသဘောတူညီချက်များအပေါ် အခြေခံ၍ မေ ၁၁ ရက်တွင် KNU အဖွဲ့နှင့်လည်းကောင်း၊ မေ ၁၂ ရက်တွင် NMSP အဖွဲ့နှင့်လည်းကောင်း၊ မေ ၁၄ ရက်တွင် PNLO အဖွဲ့နှင့်လည်းကောင်း၊ မေ ၁၅ ရက်တွင် CNF အဖွဲ့နှင့်လည်းကောင်း၊ မေ ၂၀ ရက်တွင် ALP အဖွဲ့နှင့်လည်းကောင်း၊ မေ ၂၂ ရက်တွင် KNPP အဖွဲ့နှင့်လည်းကောင်း online မှတစ်ဆင့် Operation အပိုင်းကို ဆွေးနွေးခဲ့ကြပြီး ကျန်အဖွဲ့အစည်းများနှင့်လည်း ဆက်လက်ဆွေးနွေးရန် စီစဉ်ထားပါကြောင်း၊ ဆွေးနွေးသဘောတူညီချက်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် နည်းပညာနှင့် အထောက်အကူပစ္စည်းများပံ့ပိုးပေးရန် သဘောတူခဲ့ကြပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်ကလည်း မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် ကော်မတီများဖွဲ့စည်း၍ မိမိတို့ကော်မတီအပါအဝင် ငြိမ်းချမ်းရေးကော်မရှင်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် သက်ဆိုင်ရာနယ်မြေအတွင်းရှိ ပြည်သူများ၊ သက်ဆိုင်ရာနယ်မြေမှတစ်ဆင့် ဖြတ်သန်းဝင်ရောက်သူများအတွက် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးကော်မရှင်၏ ငြိမ်းချမ်းရေးရန်ပုံငွေဖြင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထောက်အကူပစ္စည်းကိုးမျိုးကို ဝယ်ယူခဲ့ပါကြောင်း၊ အဆိုပါပစ္စည်းများမှာ Surgical Mask၊ Hand Sanitizer၊ ဘက်စုံသုံး ပိုးသတ်ဆေးရည်၊ သာမိုမီတာ၊ PPE ဝတ်စုံ၊ Face Shield၊ ရော်ဘာလက်အိတ်၊ ပိုးသတ်ဆေးဖျန်းပုံးတို့ဖြစ်ပါကြောင်း၊ မိမိတို့ ညှိနှိုင်းချက်အရ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနကလည်း Quarantine Center များတွင် အဆင်ပြေစေရေးအတွက် ပစ္စည်း ၁၃ မျိုးကို ပါဝင်ပံ့ပိုးပေးခဲ့ပါကြောင်း၊ ပုဂ္ဂလိကအလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့် အသိပညာပေး အချက်အလက်များကို တိုင်းရင်းသားဘာသာစကား ထည့်သွင်းထားသည့် Hand Speaker အလုံး ၂၀ ကိုလည်း ပေးအပ်လှူဒါန်းမည် ဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၊ တွေ့ဆုံဆွေးနွေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်မံရရှိပါက ထပ်မံပံ့ပိုးပေးရန် အစီအစဉ်များလည်း ရှိကြောင်း၊ ရောဂါကူးစက်ပျံ့နှံ့မှုနှင့် ပျောက်ကင်းရေးအတွက် အချိန်အများကြီး ယူရဦးမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း / စည်းကမ်းများ၊ ဆောင်ရန်/ရှောင်ရန် အချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များက ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ၊ အသိပညာပေးမှုများကို ပြည်သူတစ်ဦးချင်းစီ အလေးအနက်ထားကာ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏နယ်မြေအတွင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးစေလိုပါကြောင်း၊ ယခုလို ထောက်ပံ့ပေးအပ်လှူဒါန်းသည့် ပစ္စည်းများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာ ထိထိရောက်ရောက် အသုံးပြုသွားပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့အားလုံး ကိုဗစ်-၁၉ ရောဂါကို ခြိမ်းခြောက်မှု (Threat) အစား အခွင့်အရေး (Opportunity) အဖြစ် သဘောထား၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ယုံကြည်မှုကို တိုးတက်လာစေသော၊ အပေါင်းလက္ခဏာဆောင်သော လုပ်ငန်းရပ်အဖြစ် သဘောထားလုပ်ဆောင်နိုင်ကြပါရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

### လက်ခံရယူ

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား) တို့က ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူ ပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) ကိုယ်စား ကရင်အမျိုးသားအစည်းအရုံး(KNU) မှ ဒေါက်တာစောမာတာနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဦးမျိုးဝင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား SSPP (ရှမ်းပြည်တိုးတက်ရေးပါတီ) ဒုတိယဥက္ကဋ္ဌ- (၂) စဝ်ခွန်ဆိုင်းတို့က လက်ခံရယူကြသည်။

ယင်းနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) ကိုယ်စား ABSDF ဒုတိယဥက္ကဋ္ဌ၊ NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် SSPP ဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) ခင်ဇော်ဦးက "ကျွန်တော်တို့ကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ဖွဲ့ စုစုပေါင်း အဖွဲ့ ၁၂ ဖွဲ့ကို ကိုဗစ်-၁၉ ကာကွယ်တားဆီးထိန်းချုပ်ရေးနဲ့ပတ်သက်တဲ့ အထောက်အကူပြုပစ္စည်းတွေ ပေးအပ်လှူဒါန်းပါတယ်။ အဓိကက ကျွန်တော်တို့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပိုပြီးနီးစပ်လာရင် ဒီလုပ်ငန်းကို အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ရင် ကျွန်တော်တို့ သွားနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးအတွက် ယုံကြည်မှုတည်ဆောက်ရေးကို ပိုမိုရရှိစေနိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အားတစ်ခုဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါပထမအကြိမ်ပါ။ နောက်ထပ် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ထားပါတယ်။ ထပ်မံပြီး ရရှိလာရင် ဒုတိယအကြိမ်၊ တတိယအကြိမ် စသဖြင့် ဆက်လက်လှူဒါန်းသွားမှာပါ။ "ဝ"၊ မိုင်းလားနဲ့ ကေအိုင်အေကတော့ အဖွဲ့ကြီးတွေလည်း ဖြစ်တယ်။ တပ်မတော်က ပံ့ပိုးထားတာလည်းရှိတယ်။ အခုပထမအသုတ်မှာတော့ မထည့်ထားပါဘူး" ဟုပြောသည်။

### လက်တွေ့လုပ်ဆောင်မှုအလွန်ကောင်း

အစိုးရ၏ လှူဒါန်းမှုများနှင့်ပတ်သက်၍ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်းက "ကျွန်တော်တို့အဖွဲ့အစည်းက ပြည်ပထွက်တာမရှိပေမယ့် စိုးရိမ်တာက ထိုင်းတို့၊ တရုတ်တို့က အလုပ်လုပ်ပြီး ပြန်လာတဲ့သူတွေကို ရွာတွေမှာတော့ ပညာပေးရေး အရင်လုပ်တယ်။ သူတို့ မပြန်လာခင်ကတည်းက မီဒီယာကတစ်ဆင့် ဒီသတင်းတွေ ကြားတော့ ကြိုတင်ပြင်ဆင်မှုလုပ်ထားတယ်။ အပူချိန်တိုင်းပြီး တောင်ယာမှာပဲ ဖြစ်ဖြစ်၊ လယ်တောမှာပဲဖြစ်ဖြစ် ၁၄ ရက်ထားတယ်။ ပြီးမှ ရွာကို ပြန်လာစေတယ်။ ဒီနေ့အထိတော့ ပိုးတွေ့တာတွေ၊ သေဆုံးတာတွေတော့ မရှိဘူး။ အခုထက်ထိ ကျွန်တော်တို့ ဂိတ်တွေဖွင့်ထားပြီး နိုင်ငံတော်က လမ်းညွှန်တဲ့အတိုင်း ပညာပေးရေးတွေ လုပ်ပါတယ်။ ကိုဗစ်-၁၉ ကို အတူတကွ ပူးပေါင်းကာကွယ်တဲ့ လက်တွေ့လုပ်ဆောင်မှုတွေက အလွန်ကောင်းတယ်။ ကိုဗစ်အလွန်မှာလည်း ဒီလိုဖြစ်သွားစေချင်တယ်။ ယုံကြည်မှုဆိုတာ လက်တွေ့ကလာတာ။ ပြောနေရုံနဲ့ မထိရောက်ဘူး။ ကျွန်တော်တို့အလုပ်တွေအများကြီး လုပ်ရပါဦးမယ်။ ငြိမ်းချမ်းရေးဆိုတာက ပြောနေတာလွယ်ပေမယ့် လက်တွေ့မှာခက်တယ်။ နှစ်ပေါင်း ၇၀ ကျော် ဒဏ်ရာဒဏ်ချက်တွေ ပြန်လည်ကုစားရဦးမယ်။ ကျွန်တော်ပြောချင်တာက စိတ်ရှည်ကြပါ။ သဘောထားကြီးကြပါ။ အပြန်အလှန် အသိအမှတ်ပြုပေးကြပါ။ အခု ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဟာ ဘုံရန်သူဖြစ်တယ်။ ဘုံရန်သူကိုတိုက်ရင် မစည်းလုံးလို့ မရဘူး။ သူတစ်ပေါက်၊ ကိုယ်တစ်ပေါက် လုပ်လို့မရဘူး။ အားလုံးတက်တက်ကြွကြွလုပ်မှရပါမယ်" ဟုပြောသည်။

ယနေ့ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်း - ရဲခေါင်ညွှန့်၊ ဓာတ်ပုံ - ဖိုးထောင်**

# ရှမ်းပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ညှိနှိုင်းစည်းဝေး

**တောင်ကြီး မေ ၂၅**

ရှမ်းပြည်နယ် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အသိပညာပေးရေးနှင့် စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် ပြည်နယ်လူမှုစောင့်ရှောက်ရေး အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံး၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အသိပညာပေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယူနီဆက်ကလှူဒါန်းသည့် လက်ကိုင်စပီကာအလုံး ၃၀၀ ကို ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ပြည်နယ်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသို့ ၇၇ လုံး၊ လူမှုဝန်ထမ်းဦးစီးဌာနသို့ အလုံး ၁၀၀၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့ ၁၀ လုံး၊ စိုက်ပျိုးရေးဦးစီးဌာနသို့ ၁၄လုံး၊ မိခင်နှင့်ကလေး/အမျိုးသမီးရေးရာအဖွဲ့များသို့ ငါးလုံး၊ ကြက်ခြေနီတပ်ဖွဲ့သို့ငါးလုံးတို့ကို ယင်းနေ့တွင် စတင်ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်ဒေသများသို့ ဖြန့်ဝေရန်အတွက် အရန် ၆၉ လုံးထားရှိထားကြောင်း အဆိုပါလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က ပြောကြားသည်။

**ပြည်နယ် (ပြန်/ဆက်)**



# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး မီးသတ်ယာဉ်များဖြင့် သန်လျင်၌ ဆေးဖျန်း



**ရန်ကုန် မေ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် မီးသတ်ယာဉ်များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ ပူးပေါင်းကာ ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ နံနက် ၉ နာရီက ကြယ်စင်အိမ်ရာ၌ စတင်ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာန၊ သန်လျင်မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ အဝေးထိန်း စက်ရုပ်မီးငြိမ်းသတ်ယာဉ် နှစ်စီးနှင့် ကြယ်စင်အိမ်ရာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက ဆေးဖျန်းပုံးများဖြင့် ကြယ်စင်အိမ်ရာ အဝင်ပေါက်လမ်းမကြီးမှစတင်ကာ အိမ်ရာဝင်းအတွင်းသို့ ရောဂါကြိုတင်ကာကွယ်ရေး ဆေးဖျန်းခဲ့ကြသည်။

**သက်ခိုင် (သန်လျင်)**

# လူထုအခြေပြုဗဟိုဌာန(ဗဟန်း)သို့ ဇာမဏီမြန်မာအဖွဲ့က လက်ဆေးဘေစင်များ လှူဒါန်း

**ရန်ကုန် မေ ၂၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (ဗဟန်း)သို့ ယနေ့ နံနက်ပိုင်းက ဇာမဏီမြန်မာအဖွဲ့မှ Operation Covid Rescue Co – Ordinate ဦးသန့်ဇင်က လက်ဆေးဘေစင် လာရောက်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဖြိုးလင်းကလက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လက်ဆေးဘင်စင်လှူဒါန်းရခြင်းမှာ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်ကာ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)သို့ စာဖတ်၊ စာအုပ်ငှားရန် လာရောက်ကြသော ကလေး ငယ်များ၊ လူကြီးများနှင့် လမ်းသွားလမ်းလာများအား ရောဂါကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်ရန်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြရန်အတွက် လာရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး ဝန်ဆောင်မှုပေးလျက်ရှိ

**မုံရွာ မေ ၂၅**

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန် ထွန်ယက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဇင်ထံမှ သိရသည်။

**ရိတ်သိမ်းပေး**

ယခုအချိန်သည် မိုးသီးနှံများစိုက်ပျိုးကြရန် ထွန်ယက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ချိန်တွင် လက်ရှိဖြစ်ပွားလျက်ရှိသော ကိုဗစ် – ၁၉ ရောဂါကြောင့် တောင်သူများအနေဖြင့် ထွန်ယက်ခြင်းလုပ်ငန်းများ နှောင့်နှေးမှု မဖြစ်ပေါ်စေရန် စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနပိုင် ထွန်စက်ကြီး ၁၈၅ စီး၊ ကောက်စိုက်စက် ၂၅ စီးတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက် ၄၁ စီးတို့ဖြင့် သင့်တင့်သော ဈေးနှုန်းဖြင့် ရိတ်သိမ်းပေးလျက်ရှိကြောင်း သိရသည်။

"ထွန်ယက်ရေးလုပ်ငန်းအတွက် ခုနစ်သွားလင်ဘန်းထယ်နဲ့ တစ်ဧကကို တစ်လှော ထွန်ယက်ခကို ငွေကျပ် ၁၃၀၀၀နှုန်းနဲ့ ထွန်ယက်ပေးနေတယ်။ ကောက်စိုက်စက်နဲ့ စိုက်မယ်ဆိုရင်လည်း တစ်ဧကစိုက်ကို ငွေကျပ် ၂၅၀၀၀ နှုန်းနဲ့ စိုက်ပျိုးပေးသွားမှာဖြစ်တယ်။ သီးနှံတွေမိုးမိလို့ မပျက်စီးစေဖို့အတွက် အခုဘဏ္ဍာနှစ်အတွင်းမှာ မြို့နယ်လေးခုက အခြောက်ခံစက်တွေမှာ အခမဲ့လုပ်ဆောင်ပေးနေပါတယ်။ လာမယ့်ဘဏ္ဍာနှစ်မှာတော့ သတ်မှတ်ဈေးနှုန်းတစ်ခုနဲ့ ဝန်ဆောင်မှု ပေးသွားမှာဖြစ်တယ်" ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဇင်က ပြောသည်။

**ဝင်းဦး(ဧယျာတိုင်း)**





# ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မတ္တရာ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၇ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်မှုတွင် စစ်သားစုစောင်းရေးတပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်သူရဦးစီးသောတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူးဦးမင်းမျိုးထွန်းနှင့်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကျောင်းဝင်းအတွင်းရှိ ဈေးဆိုင်တန်းများ၊ ကစားကွင်းများနှင့် စာသင်ခန်းများတွင် ဆေးဖျန်းခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာတော့ နိုင်ငံခြားပြန်တွေမရှိပါဘူး။ ရှိလာခဲ့ရင်လည်းထားဖို့ ဒီကျောင်းမှာပြင်ဆင်ထားပါတယ်။ ကျောင်းတွေပြန်ဖွင့်ရင် အဆင်သင့်ဖြစ်အောင် ကိုဗစ်–၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းတွေဆောင်ရွက်ထားတာပါ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# အဆိုးထဲကအကောင်းနှင့် အတူတကွရှင်သန်ရပ်တည်ရမည့် နေထိုင်မှုပုံစံသစ်

■ ဒေါက်တာမြတ်မိုး

ကမ္ဘာတစ်ဝန်း ကူးစက်မြန်ကပ်ဆိုးကြီးရဲ့ မုန်တိုင်းဒဏ်ကို အလူးအလဲခံစားခဲ့ကြရတဲ့ နိုင်ငံတွေ၊ လူသားတွေအားလုံးရဲ့ စိတ်ထဲမှာ လေပြည်လေးတစ်ခုရဲ့ အငွေ့အသက်လေးတစ်ခုနဲ့အတူ အကောင်းမြင်အိပ်မက်တွေ အစီအရီရှိလာနေကြပြီ ဖြစ်ပါတယ်။ လူသားအများစုဟာ မပြတ်သောသတိ မလျှော့သော ဖွဲလုံ့လ ပညာဉာဏ်တွေနဲ့ ကပ်ရောဂါကြီးကို အန်တုခဲ့ကြတယ်။ ဒီလိုနဲ့ပဲ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ခဲ့တဲ့ ရောဂါဆိုးကြီးကြောင့် ဝေဒနာခံစားခဲ့ကြရမှုတွေ၊ သေကျေပျက်သုဉ်းမှုတွေနဲ့ ပျောက်ပျက်သွားခဲ့ရတဲ့ ရည်မှန်းချက်တွေ၊ အိပ်မက်တွေဟာ ယခုကာလလေးမှာတော့ မျှော်လင့်ချက်တွေနဲ့အတူ ပြန်လည်နိုးထရှင်သန်လာကြတော့မှာ ဖြစ်ပါတယ်။

**အတွေ့အကြုံမှ ရရှိအပ်သောသင်ခန်းစာ**

ကမ္ဘာ့နိုင်ငံတွေလည်း ဆက်ဆံမှုတွေရပ်၊ လူတွေလည်း အိမ်တွင်းအောင်းပြီး အဆက်အသွယ်တွေပြတ်၊ ဒုက္ခတွေတပွေ့တပိုက်နဲ့ အတွေ့အကြုံသစ်တွေ ရခဲ့ကြပါပြီ။ နှာခေါင်းစည်းတပ်တဲ့ အလေ့အကျင့်၊ ခပ်ခွာခွာ နေထိုင်တဲ့အပြုအမူနဲ့၊ မှန်မှန်ကန်ကန်နဲ့ မကြာမကြာ လက်ဆေးတဲ့ အတွေ့အကြုံတွေ စသည်ဖြင့် အားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ နေထိုင်မှုပုံစံသစ်တစ်ခုကို အဆိုးထဲကနေ အကောင်းသင်ခန်းစာအဖြစ် သတ်မှတ်ပိုင်ဆိုင်ကြရတော့မှာဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ကျွန်တော်တို့ လူသားတွေဟာ ကူးစက်ရောဂါဆိုးကြီးအကြောင်းကို ပိုမိုနားလည် သဘောပေါက်လာကြပြီဖြစ်သလို နောက်ထပ်မဖြစ်အောင် ဘယ်လိုကာကွယ်နေထိုင်ရမယ်ဆိုတာကိုပါ သိမြင်လာကြပြီဖြစ်ပါတယ်။ ကိုဗစ်ကို တွန်းလှန်ကာကွယ်ခဲ့ကြရတဲ့ အတွေ့အကြုံတွေနဲ့အတူ ယခုအခါ ဒီဗိုင်းရပ်စ်ပိုးနဲ့ ငါတို့ ဘယ်လိုယှဉ်တွဲ ရပ်တည်နေထိုင်ကြမလဲဆိုတာအတွက်ပါ စဉ်းစားပြီး ကြိုတင်ပြင်ဆင်လာကြပြီ ဖြစ်ပါတယ်။ ရောဂါပိုးကြီးကို ဒီကမ္ဘာမြေက အပြီးအပိုင် မောင်းထုတ်နိုင်ဖို့၊ ချုပ်ငြိမ်းပျောက်ကွယ်ဖို့တော့ ရှေ့ဆက်တိုက်ပွဲဝင်နေကြရဦးမှာ ဖြစ်ပါတယ်။ မဆုတ်မနစ် သုတေသနပြုကြိုးပမ်းအားထုတ်မှုများနဲ့အတူ ကာကွယ်ဆေးအသစ်တွေ၊ ကုသဆေးအသစ်တွေ မြန်မြန်ပေါ်ထွက်ဖို့အတွက်လည်း အားလုံးက မျှော်လင့်လျက်ရှိပါတယ်။

**အောင်မြင်မှု၊ ဆုံးရှုံးမှုကို အဆုံးဖြတ်ပေးမည့် အတွေ့အကြုံကောင်းများ**

ဒီရောဂါကြီးကနေ ကမ္ဘာ့လူသားတွေအတွက်ကော ခေါင်းဆောင်တွေကိုပါ သင်ခန်းစာအသစ်တွေ ပေးခဲ့ပါပြီ။ နိုင်ငံတစ်နိုင်ငံဟာ ရောဂါကျရောက်မှု မတူညီတဲ့ အခြေအနေ၊ ပြင်းထန်ဆိုးရွားမှုဒဏ် မတူညီမှု၊ မူဝါဒနဲ့ တုံ့ပြန်မှုချင်းကွာခြားမှုအပေါ်မှာ မူတည်ပြီး အဆိုးသက်ရောက်မှု အတိမ်အနက်လည်း မတူညီခဲ့ကြပါဘူး။ ဒီလို မတူညီမှုတွေဖြစ်ရခြင်းဟာ နိုင်ငံရဲ့စနစ်နဲ့ နိုင်ငံအခြေအနေ၊ လူဦးရေ၊ စီးပွားရေးစနစ်၊ နယ်မြေအနေအထား၊ ယဉ်ကျေးမှုအစဉ်အလာများကြောင့်လည်း ဖြစ်ပါတယ်။ ခေါင်းဆောင်တွေရဲ့ ကြိုတင်မြော်တွေးနိုင်မှုနဲ့ ဦးဆောင်မှု၊ ပြည်သူပြည်သားတွေရဲ့ လိုက်ပါပူးပေါင်းဆောင်ရွက်မှုနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အကူအညီရယူနိုင်မှု အတိုင်းအတာတွေဟာ ရောဂါကို မပျံ့နှံ့ဖို့အတွက် ကာကွယ်ထိန်းချုပ်ကုသနိုင်မှု ဒီဂရီကို များစွာထိရောက်စေပါတယ်။ ဒီအချက်ဟာ နိုင်ငံတစ်နိုင်ငံချင်းကော ကမ္ဘာနှင့်တစ်ဝန်း ကူးစက်ရောဂါဆိုးကြီးတွေရဲ့ အနာဂတ် ခြိမ်းခြောက်မှုအသစ်တွေကို ဆက်လက်ရင်ဆိုင်ရာမှာ အသင့်ရှိစေမှာ ဖြစ်ပါတယ်။ ကိုဗစ်ရောဂါဟာ ကမ္ဘာမြေပေါ်က အပြီးအပိုင် ပျောက်ကွယ်သွားဖို့အခြေအနေ မပေးသေးဘူးဆိုတာ အားလုံးက လက်ခံပြီးသားလည်းဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ နောက်ထပ် အသစ်အသစ်သော ကူးစက်ရောဂါတွေဟာ မမျှော်လင့်တဲ့အခြေအနေမှာ ဆက်လက်ပေါ်ပေါက်လာနိုင်တယ်ဆိုတာ သတိချပ်ရပါမယ်။ ယခုရရှိလိုက်တဲ့ အတွေ့အကြုံနဲ့ သင်ခန်းစာတွေဟာ ငုပ်လိုက်ပေါ်လိုက်ဖြစ်နေမယ့် ယခု ကိုဗစ်ရောဂါအတွက်ကော နောင်ပေါ်လာနိုင်ခြေရှိတဲ့ ရောဂါအသစ်တွေကို ရင်ဆိုင်ရာမှာ အောင်မြင်မှု၊ ဆုံးရှုံးမှုကို အဆုံးအဖြတ်ပေးမယ့် အရာတွေပဲဖြစ်ပါတယ်။

**စွဲမြဲစွာ ဆက်လက်ကျင့်သုံးရမည့် အလေ့အထကောင်းများ**

ဘယ်လိုပဲဖြစ်ဖြစ် Physical distancing ကတော့ တစ်သက်လုံးရှိနေအပ်တဲ့အနေအထား ဖြစ်သွားပါပြီ။ ကိုယ်ချင်းခွာပြီး စိတ်ချင်းမကွာဖို့ လူမှုရေးတွေ မဝေးသွားဖို့ဘဲ ဂရုစိုက်ကြရမှာပါ။ ကိုဗစ်ရောဂါပြန်ပေါ်လာမှ သို့မဟုတ် ရောဂါဆန်းအသစ်တွေ ထပ်မကြုံရမှ ရုတ်ခြည်း ကိုယ်ချင်းပြန်ခွာဖို့ကို ဒီခေတ် ဒီကာလမှာ စဉ်းစားဖို့မသင့်တော့ပါဘူး။ အိမ်မှာပဲနေနေ၊ ရုံးမှာပဲလုပ်လုပ် ဘယ်နေရာပဲသွားသွား၊ ဘယ်မှာပဲစားစား သင့်တော်တဲ့အကွာအဝေးနဲ့ ခပ်ခွာခွာလေးနေတတ်၊ စားတတ်တဲ့ အလေ့အထဟာ ရောဂါကို ကာကွယ်ဖို့ နေထိုင်မှုပုံစံသစ်တစ်ခုဖြစ်လာပါမယ်။

နောက်တစ်ခုက နှာခေါင်းစည်းတပ်ခြင်း အလေ့အထဖြစ်ပါတယ်။ ယခင်က SARS ရောဂါကို အလူးအလဲခံစားရတဲ့ နိုင်ငံများက ပြည်သူတွေဟာ နှာခေါင်းစည်းတပ်တဲ့ အလေ့အကျင့်ကို စွဲမြဲသွားတဲ့ အလေ့အထပုံစံကြောင့် ယခုလို ကိုဗစ်ရောဂါ ထပ်မံကြုံတွေ့ရတဲ့အခါ သူတို့အတွက် နှာခေါင်းစည်းတပ်တဲ့ အလေ့အကျင့်ဟာ အထူးအဆန်း မဟုတ်တော့ဘဲ ရောဂါကို အလွယ်တကူ ရင်ဆိုင်နိုင်ကြတာ တွေ့ရပါတယ်။ ရောဂါဖြစ်လို့ သေဆုံးရမှာစိုးတဲ့ ကြောက်စိတ်ဟာ နှာခေါင်းစည်းတပ်ရတဲ့အတွက် ကသိကအောက်ဖြစ်မှုကို လွှမ်းမိုးသွားနိုင်မှာ သေချာပါတယ်။

နောက်ထပ် အမူအကျင့်တစ်ခုကတော့ လက်ဆေးခြင်းပါပဲ။ ကျန်းမာရေးအရကော၊ လူမှုဆက်ဆံရေးအရပါ ကိုယ့်အတွက်ကော အများအတွက်ပါ ကောင်းတဲ့အမူအကျင့်တစ်ခုဖြစ်ပါတယ်။ လက်ကို နှံ့နှံ့စပ်စပ်နဲ့ မှန်မှန်ကန်ကန် ဆေးတတ်တဲ့ အကျင့်၊ ထပ်ကာထပ်ကာ ဆေးလေ့ဆေးထရှိတဲ့ အကျင့်တွေဟာ တစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်းမှ ကာကွယ်ပေးတယ်ဆိုတဲ့ မူလအမူအကျင့်ကောင်းတွေကို စနစ်တကျ စွဲစွဲမြဲမြဲ ထပ်မံကျင့်သုံးခြင်းဖြင့် အစဉ်ကျန်းမာတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးရာရောက်ပါတယ်။

**ခြိမ်းခြောက်မှုအသစ်များအတွက် ပြင်ဆင်ထားရမည့် ထိရောက်တဲ့ စီမံခန့်ခွဲမှု**

ယခုဆိုရင်လူတွေဟာရောဂါနဲ့တကွ ဘယ်လိုကာကွယ်ရမယ်ဆိုတာတွေကိုပါ သဘောပေါက်လာကြပြီဖြစ်ပါတယ်။ ကိုယ့်ရဲ့ အသုံးအဆောင်နေရာထိုင်ခင်းကို သန့်ရှင်းသပ်ရပ်အောင် ပြုပြင်နေထိုင်တာမျိုး၊ Alcohol ပါတဲ့ Spray ဖျန်းခြင်း၊ အဝတ်စနဲ့ သန့်စင်ခြင်းစတဲ့ အလေ့အထများဟာ သာမန်လုပ်ရိုးလုပ်စဉ်တစ်ခုလို ဖြစ်သွားမှာပါ။ လူစုလူဝေးများကို ရှောင်ကြဉ်တတ်လာပြီး မလိုအပ်ဘဲ လူမစုမိစေအောင် ကိုယ့်ကိုယ်ကိုယ် အသွားအလာ ကန့်သတ်လာကြတော့မှာ ဖြစ်ပါတယ်။ လုပ်ငန်းပိုမိုအောင်မြင်တွင်ကျယ်အောင် လုပ်တတ်ကိုင်တတ်ပြီး စရိတ်စက နည်းနည်းနဲ့ စီမံခန့်ခွဲတတ်တဲ့ စနစ်တွေဟာ ရှေ့တန်းကို ရောက်လာမှာ သေချာပါတယ်။ အရောင်းအဝယ်ပုံစံတွေနဲ့ ကျောင်းပညာသင်ကြားတဲ့ပုံစံတွေလည်း ပြောင်းလဲသွားကြမှာ ဖြစ်ပါတယ်။ Online နဲ့ပဲ အရောင်းအဝယ်လုပ်၊ Online နဲ့ပဲ စာတွေသင်ကြားရမယ့် အနေအထားတစ်ရပ်သို့ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ သွင်းအားစု Input အနည်းဆုံးနဲ့ ရလဒ် Output အများဆုံးရှိအောင် လုပ်နိုင်စွမ်းတဲ့ Effective Management တွေဟာ ကိုဗစ်ကပေးတဲ့ အဆိုးထဲက အကောင်းတွေပါပဲ။

ဝန်ထမ်းတွေ လျှော့ချခံရပြီး အလုပ်လုပ်နေကြရတဲ့ ယခုလိုကာလမျိုးမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ လုပ်တတ်ကိုင်တတ်တဲ့ ကျွမ်းကျင်နှံ့စပ်တဲ့ ဝန်ထမ်းမျိုးတွေသာ အားကိုးခံရပြီး ဦးဆောင်လာကြမယ်လို့ ယုံကြည်ရပါတယ်။ နောက်အရေးကြီးတဲ့ အချက်တစ်ခုက Crisis Management ဖြစ်ပါတယ်။ ကျဉ်းထဲကျပ်ထဲ သေရေးရှင်ရေးတမျှ အရေးကြီးလာတဲ့ အရေးပေါ်အခြေအနေတစ်ရပ်မှာ ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့ စီမံခန့်ခွဲမှုစွမ်းရည်ပါ။ ယခု ကိုဗစ်မှာ ခေါင်းဆောင်မှုနဲ့ ယှဉ်တွဲနေတဲ့ ခေါင်းဆောင်ကောင်းတွေရဲ့ အရည်အသွေးဟာ အလွန်အရေးကြီးတယ်ဆိုတာ ပြသခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြည်သူတွေက စည်းကမ်းစနစ်ကျတဲ့ နေထိုင်မှုပုံစံသစ်တွေနဲ့အတူ နေသားကျအောင် ကြိုးစားနေထိုင်ကြစဉ်မှာ နိုင်ငံခေါင်းဆောင်တွေနဲ့ တာဝန်ရှိသူများအနေနဲ့လည်း အနာဂတ်ခြိမ်းခြောက်မှုအသစ်တွေကို ရင်ဆိုင်နိုင်အောင် ဖြစ်လာနိုင်တဲ့ စိန်ခေါ်မှုတွေကို ကြိုတင်စဉ်းစားပြီးဖြေရှင်းကြရတော့မှာ ဖြစ်ပါတယ်။

**ကြိုတင်စီမံနိုင်ခြင်း၏ အားသာချက်**

ပြည်သူပြည်သားတွေနဲ့ အတူလက်တွဲပြီး အောက်ခြေအထိ ကွင်းဆင်းထိတွေ့မှုကို ရယူခြင်းဖြင့် ရှိနေတဲ့အခက်အခဲတွေကို တွေ့မြင်ပြီး ကြိုတင်စီမံနိုင်ခြင်းရဲ့ အားသာချက်ကို ယခုခေတ် နိုင်ငံခေါင်းဆောင်များထံကနေ သင်ခန်းစာရယူနိုင်ပြီဖြစ်ပါတယ်။ ဆေးရုံတွေမှာ ကြိုတင်ပြင်ဆင်ရမယ့်အပိုင်း၊ ခုတင်၊ အသက်ရှူကိရိယာ စတဲ့ အထောက်အကူပြုပစ္စည်းကိရိယာတွေနဲ့ ဆေးပစ္စည်းတွေ အသင့်ရှိနေခြင်းဟာ သေဆုံးမှုကို အလွန်လျော့နည်းစေနိုင်ကြောင်း အတွေ့အကြုံများက စကားပြောခဲ့ပါပြီ။ ပြဿနာကို ရင်ဆိုင်ရာမှာ နှောင့်နှေးမှုတွေရှိနေခဲ့ရင်၊ အချင်းချင်း ညီညွတ်မှုလည်းမရှိကြရင် တုံ့ပြန်ထိန်းချုပ်ရာမှာ အောင်မြင်မှုနဲ့ အလှမ်းဝေးတတ်တာကိုလည်း သင်ခန်းစာရယူနိုင်ကြရပါမယ်။ ဒီကြားထဲက ကမ္ဘာ့နိုင်ငံအားလုံးဟာ မိမိနိုင်ငံကျန်းမာရေးစနစ် ခိုင်မာအားကောင်းဖို့နဲ့ လူတိုင်းကို လွှမ်းခြုံမှုပေးနိုင်တဲ့ ကုန်ကျစရိတ်တွေအတွက်လည်း ပေါင်းစပ်ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်ရမယ့်အပိုင်းတွေ ရှိလာနေတယ်ဆိုတာ သတိပြုမိလာကြပါတယ်။

**သည်းခံမှုနှင့် ရှန်းကန်နိုင်မှုက လူမှုစီးပွားဘဝ ဖြေလျှော့မှုကိုရရှိစေ**

အဓိကအချက်ကတော့ အစိုးရနဲ့ တာဝန်ရှိတဲ့ သက်ဆိုင်ရာတို့ရဲ့ ညွှန်ကြားဆော်ဩချက်တွေအတိုင်း တာဝန်သိသိနဲ့ ပြည်သူတွေက တစ်သဝေမတိမ်း လိုက်ပါဆောင်ရွက်ခြင်းကသာ အဆိုးရွားဆုံးအခြေအနေကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။ အနည်းဆုံးရှိအပ်တဲ့ အကြောက်တရားကို အခြေခံပြီး လိုက်နာဆောင်ရွက်နိုင်တာနဲ့အမျှ မိမိတို့ရဲ့ လူမှုစီးပွားအခြေအနေတွေဟာ လျင်လျင်မြန်မြန်နဲ့ ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိစေပါတယ်။ ကျဆုံးခြင်းမှ ရှောင်ရှားနိုင်ရန် သည်းညည်းခံစိတ်နဲ့ ရှန်းကန်နိုင်မှုသည် အခရာ ကျလှပါတယ်။ ဒါကြောင့်မို့လည်း နိုင်ငံခေါင်းဆောင်များက သည်းခံချုပ်တည်းဖို့နဲ့ ဆင်ခြင်ဖို့ကို ရှေ့တန်းတင် ပြောကြားနေကြရတာလည်း ဖြစ်ပါတယ်။ ယခုတော့လည်း ရောဂါကို အကြီးအကျယ်ခံစားခဲ့ကြရတဲ့၊ တချို့ခံစားနေကြရဆဲဖြစ်တဲ့ နိုင်ငံတွေမှာတောင် အကန့်အသတ်နဲ့ ဖြေလျှော့မှုတွေ ပြုလုပ်လာကြပါပြီ။ စားသောက်ဆိုင်တွေကို တင်းကျပ်တဲ့ စည်းကမ်းချက်တွေနဲ့အတူ ပြန်လည်ဖွင့်လှစ်လာကြပါပြီ။ ကျောင်းတွေလည်း ပြန်ဖွင့်လာကြသလို ဈေးတွေကိုလည်း ထိန်းချုပ်မှုတွေနဲ့ ပြန်လည်ဖွင့်လာကြပြီ ဖြစ်ပါတယ်။ ဂျာမနီမှာဆို ဘောလုံးပွဲတွေကို ကွင်းပိတ်ပြန်လည်စတင်နေပြီဖြစ်ပြီး မကြာမီမှာ အချို့နိုင်ငံတွေမှာလည်း အားကစားပွဲတွေကို ပြန်လည်ကျင်းပတော့မှာ ဖြစ်ပါတယ်။

**များစွာကျန်ရှိနေသေးသည့် ဖြေရှင်းရမည့်အရာများ**

ဒါပေမယ့် ဒီရောဂါပိုးဟာ ကျွန်တော်တို့အားလုံးကြားမှာ အသံတိတ်ပိုးအဖြစ် ရှိနေဆဲဖြစ်တယ်ဆိုတာကိုသတိပြုပါ။ လက်ရှိရက်တွေမှာ အချို့နိုင်ငံများမှာ ကိုဗစ်ရောဂါ ကူးစက်မှုဟာ ရပ်တန့်ခြင်း၊ လျော့နည်းကျဆင်းခြင်းများကို တွေ့နေရပေမယ့် အချို့နိုင်ငံများကျတော့လည်း ကူးစက်မှုနှုန်းက ဆက်လက်မြင့်တက်လျက်ရှိတာကို တွေ့နေရဆဲဖြစ်ပါတယ်။ ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိနေနိုင်တယ်ဆိုတဲ့အချက်ဟာ လူသားတွေအတွက် မရိုးနိုင်တဲ့ ခြိမ်းခြောက်မှုပါပဲ။ အစုလိုက်အပြုံလိုက် အချိန်မရွေး ရုတ်ခြည်းဖြစ်ပေါ်လာနိုင်သလို တဖြည်းဖြည်းချင်း ပြန်လည်လျော့နည်းကျဆင်းသွားနိုင်မယ့် အခြေအနေမျိုးပါ။ ဒါကြောင့် စည်းကမ်းတကျ နေထိုင်တတ်မှုနဲ့ ဆင်ဆင်ခြင်ခြင်ရှိမှုကတော့ အမြဲလက်ကိုင်ထားရမယ့် ကြိုတင်ကာကွယ်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ တဖြည်းဖြည်းအကောင်းဘက်သို့ ရွေ့လျားနေတယ်လို့ အပြုသဘောတွေးရင်းနဲ့ တုံ့ပြန်ရင်ဆိုင်နိုင်အောင်လည်း အမြဲသတိချပ် ပြင်ဆင်နေရမယ့်အရာ ဖြစ်ပါတယ်။ တုံ့ပြန်ရင်ဆိုင်ဖို့ဆိုရာမှာလည်း ကူးစက်ရောဂါတွေရဲ့ အရင်းခံအကြောင်းတရားနဲ့တကွ လွှမ်းမိုးနေတဲ့ အကြောင်းအချက်တွေကို ဖော်ထုတ်နိုင်ဖို့ များစွာကျန်ရှိနေသေးတယ်ဆိုတဲ့အချက်က အရေးကြီးလှပါတယ်။ ရောဂါအစပျိုးရာသည် သဘာဝအလျောက်လား၊ လူသားတွေက ဖန်တီးတာလား၊ လက်ခံကောင်က ဘာလဲဆိုတာတွေနဲ့အတူ ကာကွယ်ကုသဆေးများ အမြန်ထုတ်လုပ်နိုင်သည်အထိ မတူကွဲပြားမှုတွေကို ညီညွတ်စွာနဲ့ ဖြေရှင်းရမယ့်အရာတွေ များစွာရှိနေပါသေးတယ်။

ဘာကြောင့်ပဲဖြစ်ဖြစ်၊ ဘယ်အကြောင်းတရားကိုပဲ အခြေခံသည်ဖြစ်ပါစေ နောက်ဆုံးမှာတော့ ရောဂါဒဏ်ခံစားကြရတဲ့ ကျွန်တော်တို့အပါအဝင် လူသားတွေမှာသာ တာဝန်ရှိတယ်လို့ ခံယူကြစေချင်ပါတယ်။ အနာဂတ်ကာလ မမျှော်လင့်တဲ့အချိန်မှာ မမျှော်လင့်ထားတဲ့အရာတွေ ဖြစ်လာနိုင်တယ်ဆိုတာကို မျှော်လင့်ထားကြစေချင်ပါတယ်။ သင်ခန်းစာယူတတ်ဖို့သာ လိုအပ်ပြီး နေ့စဉ်နှင့်အမျှ ရှင်သန်ရပ်တည်နိုင်အောင် အားလုံးဝိုင်းဝန်းကြိုးစားကြရမှာဖြစ်ပါတယ်။ နောင်မှာတော့ ကျန်းမာရေးဟာ ဖွံ့ဖြိုးမှုအားလုံးရဲ့ ဗဟိုချက်ဖြစ်လာမှာ ပိုမိုထင်ရှားလာပါတယ်။ ပုံစံအသစ်နဲ့ ပုံမှန်အနေအထားဟာ လက်ခံဖို့ခဲယဉ်းပေမယ့် ထိုအရာသည်ပင် ကောင်းမွန်သော အပြောင်းအလဲတစ်ခုပါလားလို့ ခံယူကျင့်သုံးရင်းဖြင့် လူသားတွေကို အကျိုးပြုနိုင်မယ့် သဘာဝပတ်ဝန်းကျင်ကို လှပကျန်းမာအောင် တည်ဆောက်ကာ နေထိုင်မှုပုံစံအသစ်များနဲ့အတူ ဆက်လက်ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားဖြတ်သန်းနိုင်ကြပါစေကြောင်း တိုက်တွန်းနှိုးဆော်လျက်.......။

> **နှာခေါင်းစည်းတပ်တဲ့ အလေ့အကျင့်၊ ခပ်ခွာခွာ နေထိုင်တဲ့အပြုအမူနဲ့၊ မှန်မှန်ကန်ကန်နဲ့ မကြာမကြာ လက်ဆေးတဲ့ အတွေ့အကြုံတွေ စသည်ဖြင့် အားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ နေထိုင်မှုပုံစံသစ်တစ်ခုကို အဆိုးထဲကနေ အကောင်းသင်ခန်းစာအဖြစ် သတ်မှတ်ပိုင်ဆိုင်ကြရတော့မှာဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ကျွန်တော်တို့ လူသားတွေဟာ ကူးစက်ရောဂါဆိုးကြီးအကြောင်းကို ပိုမိုနားလည် သဘောပေါက်လာကြပြီဖြစ်သလို နောက်ထပ်မဖြစ်အောင် ဘယ်လိုကာကွယ်နေထိုင်ရမယ်ဆိုတာကိုပါ သိမြင်လာကြပြီဖြစ်။**

# မော်လိုက်မြို့ပေါ်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေး

**မော်လိုက် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကိုဗစ်-၁၉ရောဂါကြောင့် အပတ်စဉ် စနေနေ့တိုင်း ဖွင့်လှစ်ကုသပေးနေသည့် သက်ကြီးဘိုးဘွားဆေးခန်းကို ပိတ်ထားရသဖြင့် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မေ ၂၃ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ ဘိုးဘွားများထံ အိမ်တိုင်ရာရောက် ကုသပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆေးကုသပေးခြင်းကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင် ဦးဆောင်၍ ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းများမှ သူနာပြုအရာရှိများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက စွယ်တော်ရပ်၊ ညောင်ပင်သာရပ်နှင့် အောင်သာယာရပ်တို့မှ သက်ကြီးဘိုးဘွား ၇၇ ဦးတို့အား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပြီး လိုအပ်သည့်ဆေးဝါးများ တစ်လစာ ပေးဝေခဲ့ကြကြောင်း သိရသည်။

မော်လိုက်မြို့၌ သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးကုသပေးနိုင်ရေးအတွက် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးတွင် အပတ်စဉ် စနေနေ့တိုင်း မြို့ပေါ်ရပ်ကွက်များနှင့် အနီးနားကျေးရွာများမှ သက်ကြီးဘိုးဘွား ၁၃၀ ကျော်တို့အား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီလတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးအနေဖြင့် သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းဖြစ်ပြီး ကျန်ရှိသည့် ရပ်ကွက်များမှ သက်ကြီးဘိုးဘွားများအတွက် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်သွားနိုင်ရေး လျာထားကြောင်း ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**မော်လိုက်သားလေး**





# ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့် နှာခေါင်းစည်းများ ထောက်ပံ့

**မန္တလေး မေ ၂၅**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များအား စေတနာရှင်များက ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စားသောက်ရေးအဆင်ပြေစေရန် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ရုံးခန်းမတွင်ကျင်းပရာ ချမ်းမြသာစည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စေတနာရှင်၊ အလှူရှင်များက မြို့နယ်အတွင်းရှိ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ကုလားပဲနှင့် အဝတ်နှာခေါင်းစည်းများ ထောက်ပံ့ခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# ထိုင်းနိုင်ငံမှပြန်လာသူများအား တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့

**မြဝတီ မေ ၂၅**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မေ ၁ ရက်ကစပြီး လက်ခံခဲ့ရာ မေ ၂၄ ရက်တွင် မြဝတီမြို့ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ဖြူစင်စေတနာလူမှုရေးအဖွဲ့က မေ ၂၃ ရက်ကစပြီး မြဝတီမြို့အမှတ် (၂) ချစ်ကြည်ရေးတံတား၌ တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိသည်။



**ကြိုတင်ကာကွယ်ရေးဆောင်ရွက်**

ဖြူစင်စေတနာ လူမှုရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ဇော်ဝင်းက "အခုကကတော့ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးတုံ့ပြန်ဆောင်ရွက်မှုအစီအစဉ်နဲ့ ကရင်ပြည်နယ် မြဝတီမြို့နယ်ကို လာရောက်ကူညီတာဖြစ်ပါတယ်။ ဒီလိုထောက်ပံ့မှုကို မေ ၂၃ ရက်ကစပြီး တစ်ကိုယ်ရေသုံးပစ္စည်း ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ သွားတိုက်ဆေး၊ လက်သည်းညှပ်တို့ပါပါတယ်။ အားလုံးပေါင်း ၂၂၇၅ ခု လောက်ရှိတယ်။ နောက်တစ်ခုကတော့ ကန့်သတ်စောင့်ကြည့်စခန်းတွေမှာ လိုအပ်တဲ့အကာအကွယ်ပစ္စည်းတွေ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၀ နဲ့ လက်အိတ်၊ နှာခေါင်းစည်းတို့ ဖြစ်ပါတယ်" ဟု ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ချီဖွေမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ မဖြစ်ပွားစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ချီဖွေ မေ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ကိုဗစ်- ၁၉ ရောဂါ မဖြစ်ပွားဖို့ မိမိကစ၍ကာကွယ်စို့ အသိပညာပေး သတင်းစကားလက် ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက် ၆ နာရီတွင် လိုင်မာယန်ကျေးရွာအုပ်စု မငေါင်ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက် လူစည်ကားရာနေရာများတွင် ဖြန့်ဝေပေးခဲ့သည်။

လက်ကမ်းစာစောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးရာတွင်ပြောကြားချက်မှ ကောက်နုတ်ချက်များ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမဖြစ်ပွားအောင် ကာကွယ်လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများနှင့် အနုပညာရှင်များ၏ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးနှိုးဆော်ချက်များ စသည်တို့ ပါဝင်သည့် သတင်းစကား လက်ကမ်းစာစောင်များကို မငေါင်ကျေးရွာရှိ ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ဂန့်ဂေါမြို့နယ်၌ နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဂန့်ဂေါ မေ ၂၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အလက(ခွဲ) အနောက်ဂန့်ဂေါတွင် အသွားအလာကန့်သတ်သည့်နေရာအဖြစ်ထားရှိရာသို့ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးနှင့် အဖွဲ့တို့ပူးပေါင်းကာ နှာခေါင်းစည်းများနှင့် လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

"ကျွန်မတို့အဖွဲ့က လတ်တလောဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ဖို့ရည်ရွယ်ပြီး နှာခေါင်းစည်းနဲ့ လက်ကမ်းစာစောင်တွေကို ဖြန့်ဝေနေတာပါ။ ဒီစာသင်ကျောင်းမှာအသွားအလာကန့်သတ်ထားရှိပြီး နေထိုင်သူတွေကို နှာခေါင်းစည်းတွေ၊ အချိုရည်ဘူးတွေ၊ မုန့်တွေထောက်ပံ့ပေးခဲ့ပါတယ်။ စာသင်ကျောင်းတွေဖွင့်ခါနီးပြီဆိုတော့ ဆရာ ဆရာမတွေက ကျောင်းမှာ ကျောင်းသုံးစာအုပ်တွေကို သပ်ရပ်အောင်လာပြီးစီရီကြပါတယ်။ ဆရာ ဆရာမတွေကိုလည်း နှာခေါင်းစည်းနဲ့ လက်ကမ်းစာစောင်တွေကို ဖြန့်ဝေပေးခဲ့ပါတယ်" ဟု မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မြန်အောင် မေ ၂၅**

ဟင်္သာတခရိုင် မြန်အောင်မြို့နယ် လက်ပံကွင်းကျေးရွာအုပ်စု၊ စမ်းရွာကြီးကျေးရွာအုပ်စု၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စုများရှိ သွားလာမှု ကန့်သတ်ထားရှိသည့် စင်တာဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများနှင့် ကျေးရွာအတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ အဝတ်နှာခေါင်းစည်းများနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ယနေ့ နံနက်ပိုင်းက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သွားလာမှုကန့်သတ်ထားရှိသည့် လက်ပံကွင်းကျေးရွာ အထက၊ စမ်းရွာကြီးကျေးရွာအုပ်စု၊ ယောကွင်းကျေးရွာ အမက၊ ညောင်ခြေထောက် အလက၊ ဘန့်ဘွေးကုန်းကျေးရွာ အထကခွဲ ကျောင်းဝင်းများအတွင်းနှင့် ကျေးရွာတွင်းလမ်းများ၊ ဈေးဆိုင်များနှင့် နေအိမ်ခြံဝင်းများအတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ အဝတ်နှာခေါင်းစည်း ၁၆၀ နှင့် လက်ကမ်းစာစောင်များ အိမ်တိုင်ရာရောက် ဝေငှပေးခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်ရှောင်ရန် လမ်းညွှန်အသိပေးချက်များကို လက်ကိုင်စပီကာများဖြင့် လှည့်လည်၍ အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



## ရေနံချောင်း၌ အာဆီယံသပြေအဝယ်သွက်၍ဝင်ငွေရ

**ရေနံချောင်း မေ ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် အာဆီယံသပြေပင်စိုက်သူများ ဝင်ငွေရနေကြကြောင်း ခြံပိုင်ရှင်များနှင့် ရောင်းဝယ်သူများထံမှ သိရသည်။

"မေလတစ်လလုံး အပူချိန်မြင့်နေတော့ အခြားပန်းတွေထက် အထားခံတဲ့ အာဆီယံသပြေက ငါးရက်အထိအထားခံတာကြောင့် အဝယ်များတယ်။ ဈေးအနေနဲ့ အာဆီယံသပြေ တစ်စည်းကို ကျပ် ၃၀၀ ကနေ ကျပ် ၅၀၀ ရောင်းရတယ်။ တစ်ပတ်မှာ စိုက်ခင်းတစ်ခုကို အနိမ့်ဆုံးဝင်ငွေကျပ် ၃၀၀၀၀ ရတယ်။ မိသားစုဝင်ငွေရတယ်"ဟု ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စုမှ တောင်သူအမျိုးသား တစ်ဦးက ပြောသည်။

အာဆီယံသပြေစိုက်ရာတွင် မြေနေရာ ကျယ်ဝန်းပြီး သဲမြေ၊ နုန်းမြေများတွင် အဝီစိရေဖြင့် ရေသွင်းကာ စိုက်ပျိုးခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တာဝန်ရှိသူများ စစ်ဆေး

**မယ်စဲ့ မေ ၂၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု/ပြည်နယ်) ရန်ပုံငွေများဖြင့် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မေ ၂၃ ရက်က ဘောလခဲခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။



ဟိုဂျစ်-ဟိုဖ-လယ်တောကျေးရွာချင်းဆက် မြေသားလမ်းပေါ်တွင် ပေ ၄၀ ဘောလီတံတား နှစ်စင်း၊ ပေ ၃၀ ဘောလီတံတား နှစ်စင်း၊ ၁၀ ပေ တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် အဆိုပါတံတားများ၏ ယာဉ်သွားလမ်းအကျယ်မှာ ၁၄ ပေဖြစ်ပြီး အဆိုပါကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားခြောက်စင်းကို LAURA ကုမ္ပဏီကလည်းကောင်း၊ ဝမ်ကန်ကျေးရွာ ရွာတွင်းလမ်းအရှည် ပေ ၁၅၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်တွင် ပေ ၅၀ ရေကျော်ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဝမ်ကန်ကျေးရွာနှစ်ခြင်းဘုရားရှိခိုးကျောင်းအဝင်လမ်းအရှည် ပေ ၁၀၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ နမ့်မန်းကျေးရွာရွာတွင်းလမ်းအရှည် ပေ ၃၃၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မြို့နယ်ပညာရေးဌာန တန်ဖိုးနည်းအိမ်ရာ နှစ်လုံးတည်ဆောက်ခြင်း လုပ်ငန်းများကို ရွှေရည်ဝင်းလှုံကုမ္ပဏီကလည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအချို့မှာ ရာနှုန်းပြည့် ပြီးစီးနေပြီကို စစ်ဆေးတွေ့ရှိရကြောင်း ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်တွင် ရေအခက်အခဲရှိသည့် ကျေးရွာများသို့ သောက်သုံးရေသွားရောက်လှူဒါန်း

**ကွမ်းခြံကုန်း မေ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ရေအခက်အခဲဖြစ်ပေါ်နေသော ပင်လယ်ကမ်းခြေတန်းကျေးရွာများသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရေလှူဒါန်းမှုတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မုဒိတာလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ပင်လယ်ကမ်းခြေတန်းကျေးရွာဖြစ်သည့်ဆယ်အိမ်တန်းကျေးရွာရှိ အိမ်ထောင်စု ၃၅၀ ခန့်အတွက် ရေဂါလန် ၄၇၀၀ ကိုသွားရောက်လှူဒါန်းခဲ့ကြသည်။ မုဒိတာလူမှုကူညီရေးအသင်းသည် သောက်သုံးရေလှူဒါန်းမှုကို အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ရေရှားပါးသောကျေးရွာများအတွက် ရေဂါလန် ၁၈၂၅၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များထောက်ပံ့

**ညောင်ဦး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်စိုက် ပျိုးရေးဦးစီးဌာနက ပုဂံညောင်ဦးဒေသ တောင်သူများအား ဟင်းသီးဟင်းရွက် မျိုးစေ့များကို ယနေ့ နံနက် ၈ နာရီက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ဟင်းသီးဟင်းရွက်မျိုးစေ့ပေါင်း ၂၅ မျိုးနှင့် ပျိုးပင်ပေါက်များကို ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သန်းမြင့်က တောင်သူများအား ထောက်ပံ့ပေးအပ်ပြီး မျိုးစေ့များ ပံ့ပိုးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ညောင်ဦးခရိုင် အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးရေးဌာနအနေဖြင့် ညောင်ဦး၊ ကျောက်ပန်းတောင်းနှင့် ငါ့သရောက်မြို့နယ်များမှ တောင်သူ ၅၅၂ ဦးတို့အား ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး ဖြစ်ကြောင်း ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မိမိတို့ အိမ်ခြံဝင်းများအတွင်း အာဟာရပြည့်ဝသည့် ခြံထွက်ဟင်းသီးဟင်းရွက်များ ကိုယ်တိုင်စိုက်ပျိုးစားသုံးနိုင်သည့် အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်း စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိပြီး ဟင်းသီးဟင်းရွက်မျိုးစေ့ပေါင်း ၂၅ မျိုး၊ ပျိုးပင်ရေ ၁၀၀၀ ကျော်ပျိုးထောင်ထားပြီးဖြစ်သဖြင့် အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးရန် မျိုးစေ့၊ ပျိုးပင်နှင့်နည်းပညာများလိုအပ်ပါက နီးစပ်ရာစိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဖေလိန်း(ပုဂံ)**

## အော်ဂဲနစ်လျှော်ဖြူစိုက်ခင်းများမှ အပိုဝင်ငွေကောင်းကောင်းရကြ

**မကွေး မေ ၂၅**

မကွေးမြို့နယ် မကြီးကန်ကျေးရွာတောင်သူ ဦးစိန်ဝင်းနိုင်၏ အော်ဂဲနစ်လျှော်ဖြူ အပင် ၁၂၀ စိုက်ခင်းသည် အောင်မြင်ဖြစ်ထွန်းကာ အစေးထုတ်ယူရရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ကျော်အထိ ဝင်ငွေရရှိကြောင်း သိရသည်။

အဆိုပါလျှော်ဖြူစိုက်ခင်းသည် ယခုအခါ ခုနစ်နှစ်သားအရွယ်ရှိကာ ငါးနှစ်သားအရွယ်ကစတင်၍ လျှော်ဖြူစေးထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။

"ကျွန်တော်က လေးနှစ်သားအသီးသီးပေမယ့် မယူခဲ့ဘူး။ အစေးမထုတ်ခဲ့ဘူး။ အပင်အားနည်းသွားမှာစိုးလို့။ အရည်အသွေးမြင့်တဲ့ လျှော်ဖြူစေးလိုချင်လို့ပါ။ ငါးနှစ်သားမှာစထုတ်ပါတယ်။ လျှော်ဖြူစေးထိပ်စ လေးသောင်းရောင်းခဲ့ရပါတယ်။ ကျပ်သိန်း ၁၀၀ ကျော်လောက်ဝင်ငွေရနေပါပြီ။ တောင်သူတွေအနေနဲ့ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးကနေ စီးပွားဖြစ် စိုက်ပျိုးကြပါလို့ ပြောပါရစေ" ဟု ၎င်းက မီဒီယာသို့ ပြောသည်။

ကိုဗစ်-၁၉ရောဂါကာလတွင် မကွေးတိုင်းဒေသကြီး မကွေး၊ ပွင့်ဖြူ၊ မင်းဘူး၊ နတ်မောက်လျှော်ဖြူစေးဈေးကွက်မှာ အေးပြီး လျှော်ဖြူစေးတစ်ပိဿာ ကျပ် ၁၂၀၀၀ မှ ၂၂၀၀၀ဈေးရှိကြောင်း၊ ထိပ်စကြာဆန်ကြိုးမှာပစ္စည်းပေါ်မူတည်၍ ကျပ်၄၀၀၀၀မှ ၈၀၀၀၀ အထိရှိကြောင်း၊ ဓာတုပိုးသတ်ဆေးကင်းစင်ပြီး အော်ဂဲနစ်စိုက်ပျိုးရေးလျှော်ဖြူစေးခေါ် ဆေးကုလားမများသာ ဂျပန်၊ တရုတ်၊ ကိုရီးယားနိုင်ငံသို့ တင်ပို့မည့် ပို့ကုန်ဝယ်လက်ကြီးများက ဝယ်ယူကြောင်း ပွင့်ဖြူအော်ဂဲနစ်စိုက်ပျိုးရေးခြံမှခြံပိုင်ရှင် ကိုမင်းခိုင်ထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး မကွေး၊ နတ်မောက်၊ ပွင့်ဖြူ၊ ကုန်းဇောင်း၊ မင်းဘူးဒေသတို့တွင်လျှော်ဖြူပင်များ တိုးချဲ့စိုက်ပျိုးလာကြကြောင်း လျှော်ဖြူစိုက်တောင်သူများထံမှ သိရသည်။ **ဝင်းမောင်(မကွေး)**



**ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ပေးဝေပြီး ဝတ်ဆင်သွားလာရေး အသိပေးနှိုးဆော်ခြင်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်စည်ပင်သာယာဈေးတွင် မေ ၂၅ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဆွေမြင့်နှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။** ၁၄၅

## မြို့သစ်မြို့နယ်၌ အသက်ကယ်ခြင်း ဇာတ်တိုက်လေ့ကျင့်

**မြို့သစ် မေ ၂၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနသည် ပြည်သူများအတွက် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရာဖွေကယ်ဆယ်ရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ဘုရားကြီးရပ်ကွက်ရှိ ရေတွင်းဟောင်းတစ်ခုတွင် ရေတွင်းအတွင်း အသက်ကယ်ခြင်းဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသက်ရှူကိရိယာများ စနစ်တကျကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ပူပြင်းခြောက်သွေ့သောနွေရာသီတွင် ရေတွင်းရေကန်များတူးဖော်ခြင်း၊ အမှိုက်၊ နုန်းများဆယ်ယူခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေဟောင်းများ လဲလှယ်ခြင်း၊ ရေတွင်းများပြန်လည်ဆယ်ယူခြင်းဆောင်ရွက်ရာမှ အောက်ဆီဂျင်ပြတ်လပ်၍ ရေတွင်းရာဖွေကယ်ဆယ်မှုများတစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်းကြောင့် ပြည်သူများ ဘေးအန္တရာယ်ကြုံတွေ့လာပါက အရေးပေါ်ရာဖွေကယ်ဆယ်နိုင်ရေးအတွက် လေ့ကျင့်ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဝေလင်းကျော်ကြီးကြပ်၍ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးသန့်ကျော်နှင့်သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ရေတွင်းအတွင်းကျရောက်သည့် လူနာကယ်ဆယ်နည်း၊ အသက်ရှူကိရိယာများ စနစ်တကျကိုင်တွယ်အသုံးပြုနည်း၊ ရာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့

**တောင်ကြီး မေ ၂၅**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် အရန်ရိက္ခာ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများအား မေ ၂၁ ရက်မှ စတင်ဖြန့်ဝေလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်မှ အခြေခံပြည်သူလူထုများ လက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းပေးအပ်ခဲ့သည်။

**ဖြန့်ဝေလှူဒါန်း**

ယင်းသို့ ဖြန့်ဝေလှူဒါန်းရာသို့ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ကမ္ဘောဇဘဏ်လီမိတက်နာယကနှင့် ဘဏ်ဝန်ထမ်းများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ မင်္ဂလာဦးရပ်ကွက်၊ ရေအေးကွင်းရပ်ကွက်၊ ဘုရားဖြူရပ်ကွက်၊ လမ်းမတော်ရပ်ကွက်၊ ကံရှေ့ရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ ဟော်ကုန်းရပ်ကွက်၊ ကံအောက်ရပ်ကွက်၊ မြို့မရပ်ကွက်နှင့် ကံသာရပ်ကွက်တို့ရှိ အိမ်ထောင်စု ၁၀၆၄ စုတို့ကို ရိက္ခာထုပ်ပေါင်း ၁၄၇၁ ထုပ်အား လက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းခဲ့သည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်လီမိတက်၏ မတည်လှူဒါန်းငွေကျပ်သိန်း ၅၀၀၀ ကျော်နှင့် အများပြည်သူ လှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားများ နေထိုင်ရာဒေသများသို့လည်းကောင်း၊ တိုက်ပွဲရှောင်စခန်းများသို့လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာထုပ်များ ဆက်လက်လှူဒါန်းသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအားထားရှိသည့် စောင့်ကြည့်ရေးစင်တာများအတွက် လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကိုလည်း နေရာအရောက် ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**







## ကျိုက်လတ်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆန်အိတ်များ လှူဒါန်း

**ကျိုက်လတ် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမတွင် ယနေ့နံနက်ပိုင်းက Wilmar Myanmar Riceland Kyaiklat Limited က ကျိုက်လတ်မြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆန်ရှစ်ပြည်အိတ် ၆၀၀ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် Wilmar Myanmar Riceland Kyaiklat Limited မန်နေဂျာ ဒေါ်ကြည်ကြည်ထွေးက ကိုဗစ်- ၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အခြေခံလူတန်းစားများ၏ စားဝတ်နေရေးအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဆန်ရှစ်ပြည် အိတ် ၆၀၀ ပေးအပ်လှူဒါန်းခဲ့ရာ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်က လက်ခံရယူခဲ့သည်။ ထို့နောက် ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်က ဂုဏ်ပြုမှတ်တမ်းလွှာကို Wilmar Myanmar Riceland Kyaiklat Limited မန်နေဂျာ ဒေါ်ကြည်ကြည်ထွေးထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အနုပညာ



## Psy ရဲ့ စံချိန်ကို ကျော်လွန်ခဲ့တဲ့ ဗွီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗွီ ဟာ လတ်တလောမှာ iTunes တေးဂီတဇယားအများဆုံးကို ဦးဆောင်နိုင်ခဲ့တဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဗွီဟာ သူကိုယ်တိုင်ရေးသားထားတဲ့ ဇာတ်ဝင်တေးသီချင်း Sweet Night နဲ့ နိုင်ငံပေါင်း ၈၈ နိုင်ငံမှာရှိတဲ့ iTunes တေးဂီတဇယားတွေရဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တာပါ။ ဒါဟာ တောင်ကိုရီးယား တစ်ကိုယ်တော်တေးသံရှင်တွေအနက် iTunes တေးဂီတဇယားအရေအတွက် အများဆုံးကို ဦးဆောင်ထားနိုင်ခဲ့တာပါ။

ယခင်က အဆိုပါစံချိန်ကို တေးသံရှင် Psy က ရယူထားခဲ့ပြီး Psy ရဲ့ ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Gangnam Style ဟာ နိုင်ငံပေါင်း ၈၆ နိုင်ငံမှာရှိတဲ့ iTunes တေးဂီတဇယားတွေကို ဦးဆောင်ထားနိုင်ခဲ့ကာ ဒီစံချိန်ကို ရှစ်နှစ်ကြာထိန်းသိမ်းထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာ ဗွီက စံချိန်သစ်တင်ခဲ့ပြီး ဒေသတွင်းမှာသာမက အာရှတေးသံရှင်တွေအနက် iTunes တေးဂီတဇယားအများဆုံးကို ဦးဆောင်နိုင်တဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦး ဖြစ်လာခဲ့ကြောင်း သိရပါတယ်။



တောင်ကိုရီးယားနိုင်ငံ ဂန်းဝန်ပြည်နယ် အင်ဂျယ်မြို့တွင် မေ ၂၃ ရက်က ကားအတွင်းမှ ကြည့်ရှုနိုင်သည့် တေးဂီတဖျော်ဖြေပွဲတစ်ပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်။

**အေးပြည့်-ရေးသားသည်**

## ပရိသတ်တွေကို စန္ဒရားတီးကာ ဖျော်ဖြေခဲ့တဲ့ ဂျင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျင်ဟာ လတ်တလောမှာ YouTube ပေါ်ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ခဲ့ပြီး ယင်းအစီအစဉ်အတွင်း ပရိသတ်တွေကို သူ့ရဲ့ စွမ်းရည်သစ်တစ်ခုကို ထုတ်ဖော်ပြသတဲ့အနေနဲ့ စန္ဒရားတီးကာ ဖျော်ဖြေခဲ့ကြောင်း ကိုရီးယားဘိုးဒ့ေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၅ ရက်က ဂျင်ဟာ ကမ္ဘာတစ်ဝန်းက ARMY တွေအတွက်ရည်ရွယ်ကာ YouTube ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုပြုလုပ်ခဲ့တာပါ။ အဆိုပါအစီအစဉ်ဟာ မိနစ် ၄၀ ခန့် ကြာမြင့်ခဲ့ပြီး ပရိသတ်တွေနဲ့အတူ ကျပန်းစကားပြောပြိုင်ပွဲလည်း ဂျင်က ပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ဂျင်ဟာ ပရိသတ်တွေနဲ့ စကားအပြန်အလှန်ပြောဆိုခဲ့ပြီး တေးသီချင်းများစွာကို စန္ဒရားတီးကာ ဖျော်ဖြေပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီလို စန္ဒရားတီးကာ မဖျော်ဖြေမီမှာ ဂျင်က ပရိသတ်တွေကို စန္ဒရားတီးပြဖို့အတွက် စိတ်လှုပ်ရှားကာ စိုးရိမ်မိခဲ့ကြောင်း၊ သင်ကြားပြီး မကြာမီမှာပင် တီးပြရတာဖြစ်တဲ့အတွက် စိုးရိမ်မိပေမယ့် သူတတ်ထားတဲ့ နောက်ထပ်စွမ်းရည်တစ်ခုကို ပရိသတ်တွေနဲ့ မျှဝေလိုတာကြောင့် စန္ဒရားတီးကာဖျော်ဖြေဖို့အတွက် အားအင်တွေရခဲ့ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

## စံချိန်သစ်တင်လိုက်တဲ့ ဘတ်ယွန်း

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘတ်ယွန်းဟာ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်နဲ့ တစ်ပတ်အတွင်း ရောင်းအားအကောင်းဆုံးသော တစ်ကိုယ်တော်တေးသံရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ အထိ ရရှိခဲ့တဲ့ အချက်အလက်များအရ ဘတ်ယွန်းရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် Delight ဟာ တေးအယ်လ်ဘမ်ပေါင်း ၆၀၀၉၀၈ ခုရောင်းချခဲ့ရပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ စတင်ရောင်းချခဲ့သည်မှ သီတင်းပတ်တစ်ပတ်အတွင်း ယခုလို ရောင်းချခဲ့ရတာဖြစ်ပြီး ဒီပမာဏဟာ တောင်ကိုရီးယား တစ်ကိုယ်တော်တေးအယ်လ်ဘမ်တွေအနက် ပထမသီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ကြောင်း သိရပါတယ်။



အဆိုပါတေးအယ်လ်ဘမ်ကို အွန်လိုင်းကနေ ထုတ်လွှင့်ခြင်းမပြုမီ ရက်သတ္တပတ်ကြိုတင်ရောင်းချခဲ့တာပါ။ တေးအယ်လ်ဘမ်အပြည့်အစုံကို မေ ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီမှာ စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ တေးအယ်လ်ဘမ်နဲ့အတူ ခေါင်းစီးတေး Candy ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ပေးခဲ့ကြောင်း သိရပါတယ်။

ပြည်တွင်းအားကစား

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီပြန်လည်ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးသန်းတိုးအောင် ဆက်လက်တာဝန်ယူ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းကြောင်း ယနေ့ အတည်ပြုထုတ်ပြန်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးသန်းတိုးအောင်က ဆက်လက်တာဝန်ယူမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီကို ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုကော်မတီအသစ်တွင် ဦးသန်းတိုးအောင်က ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူခဲ့သော်လည်း အဖွဲ့ဝင်အင်အားသစ်များ တိုးမြှင့်ထားကာ MNL ကလပ်အသင်းများမှ နည်းပြချုပ်များကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းထားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကို ဇန်နဝါရီလကုန်ပိုင်းတွင် ကျင်းပခဲ့သောကြောင့် နည်းစနစ်ကော်မတီကိုပါ ပြန်လည်ဖွဲ့စည်းရခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီအသစ်တွင် နာယကများအဖြစ် ဦးတင်အောင်(ဂိုး)နှင့် ဦးဘန်နီတင်အောင်၊ ဥက္ကဋ္ဌအဖြစ် ဦးသန်းတိုးအောင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးတင်မြင့်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်လွင်၊ ဦးအောင်နိုင်၊ ဦးမျိုးလှိုင်ဝင်း၊ ဦးကျော်မင်းထူး၊ ဦးတင်မောင်ထွန်း၊ ဦးကျော်မင်း၊ ဦးဇော်ဝင်းထွန်း၊ ဦးသန်းဝေ၊ ဦးစိုးမြတ်မင်း၊ ဦးအောင်ကျော်မိုး၊ ဦးမျိုးမင်းထွန်း၊ ဦးဇော်လင်းထွန်း၊ ဦးအောင်ခိုင်၊ ဦးအောင်နေဝင်း၊ ဦးကျော်သူအောင်မြင့်ထွန်းနှင့် ဦးဌေးမြင့်တို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက MFF အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးသန်းတိုးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် လက်ရွေးစင်အသင်းများအတွက် နည်းပြသစ်များခန့်အပ်ခြင်း၊ နည်းစနစ်ဒါရိုက်တာရာထူးအတွက် လျှောက်ထားမှုများ၊ လူငယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များအတွက် ဆွေးနွေးကြသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုများနှင့် ၂၀၁၉ ခုနှစ်အတွင်း ရယူခဲ့သည့် အောင်မြင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှိုင်းထက်ဇော်

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်ကို တာဝန်ပေးရန် MFF နည်းစနစ်ကော်မတီ ဆုံးဖြတ်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် ယနေ့ပြုလုပ်သည့်အစည်းအဝေးတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်ကို တာဝန်ပေးရန် အတည်ပြုထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် လစ်လပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် ယာယီနည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့သည့် ဦးတင်မြင့်အောင်ကိုသာ ဆက်လက်တာဝန်ပေးခဲ့ခြင်းဖြစ်ပြီး ယခင်နည်းပြချုပ် ဦးဝင်းသူမိုးနှင့် စာချုပ်သက်တမ်းပြည့်ပြီးနောက်ပိုင်း အမြဲတမ်းနည်းပြတစ်ဦး ပြန်လည်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ဦးတင်မြင့်အောင်သည် ယခင်နည်းပြချုပ် ဦးဝင်းသူမိုး ကိုင်တွယ်စဉ်ကတည်းက အုပ်ချုပ်သူအဖြစ် တောက်လျှောက်ဆောင်ရွက်ခဲ့ပြီး အသင်းအနေအထားနှင့် ကစားသမားများအကြောင်းကို သိရှိထားသူဖြစ်သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီက အမြဲတမ်းနည်းပြချုပ်အဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဦးတင်မြင့်အောင်သည် ဖေဖော်ဝါရီလက ယှဉ်ပြိုင်ကစားခဲ့သည့် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲတွင်လည်း ယာယီနည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် အမြဲတမ်းနည်းပြချုပ်အဖြစ် ခန့်အပ်ခံရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အာဆီယံအမျိုးသမီးပြိုင်ပွဲသာ ယှဉ်ပြိုင်ရန်ရှိပြီး လာမည့်နှစ်တွင် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)

ပဲခူးခရိုင်တရားရုံးတော်

၂၀၂၀ ပြည့်နှစ်၊ တရားမအထွေထွေမှုအမှတ်-၁၁

ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် ဘဒ္ဒန္တကုလ္လနန္ဒစက္ကမထေရ်မြတ်၌ ကျန်ရစ်သောပစ္စည်းများ အကြောင်း

ဒေါက်တာ အရှင်သုမင်္ဂလ ------------------ လျှောက်သူ

လျှောက်ထားခံရသူ ---------------- သိစေရမည်။

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ ပဲခူး-ရန်ကုန်ကားလမ်းရှိ ကျိုက်ပွန်ဇေတဝန်ကမ္မဋ္ဌာန်းကျောင်းတိုက်နေ ဒေါက်တာအရှင်သုမင်္ဂလက ဘဝနတ်ထံပျံလွန်တော်မူသွားသူ အထက်ပါ ကျောင်းတိုက်၏ ပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တကုလ္လနန္ဒစက္ကမထေရ်မြတ်နှင့်ပတ်သက်၍ အရပ်ရပ်စီမံခန့်ခွဲအုပ်ချုပ်သူဖြစ်သည်ဟူ၍ အဆိုပါ ကျောင်းတိုက်နေ ပျံလွန်တော်မူသွားသူ ဘဒ္ဒန္တကုလ္လနန္ဒစက္ကမထေရ်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က ပဲခူးမြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် (ငွေစာရင်းအမှတ် အက်စ်ကေ-၇၆၅၄၉)ဖြင့် ငွေ-၃၄၃၈၅၁၂၀/၃၆ပြား)မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းဘဝနတ်ထံပျံလွန်တော်မူသွားသူ ဘဒ္ဒန္တကုလ္လနန္ဒစက္ကမထေရ်မြတ်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၂ ရက် (၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက် တွင် လျှောက်သူ ဒေါက်တာ အရှင်သုမင်္ဂလ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ခုနှစ်၊ မေလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မျိုးထွန်း)
ဒုတိယခရိုင်တရားသူကြီး(၄)
ပဲခူးခရိုင်တရားရုံး

## ၁၆-၅-၂၀၂၀ရက်စွဲ ကြေးမုံသတင်းစာပါ ဒေါ်မြင့်မြင့်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ငြိမ်းငြိမ်းစိုး၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည် ရှင်းလင်းကြေညာခြင်း

ဦးစောလင်း-ဒေါ်ကြည်မြင့်တို့သည် လွန်ခဲ့သော ၃-၅-၁၉၉၀ရက်တွင် **(အိမ်ထောင်ကြီးခြင်း)** လက်ထပ်ပေါင်းသင်းခဲ့ရာတွင် ဒေါ်ကြည်မြင့်တွင်သား ဦးမင်းသူခိုင် ပါရှိလာပါသည်။

ယင်းကဲ့သို့ ပေါင်းသင်းနေထိုင်ခဲ့စဉ်အတွင်း ၁၆-၁၂-၁၉၉၄ ရက်တွင် ဦးစောလင်းအမည်ဖြင့် ၁၉၉၄ ခုနှစ် မြေငှားအမှုတွဲအမှတ်-၁၀(တ)/၁၈/မပ/၂၅၅ဖြင့် နှစ်(၆၀)ဂရန်မြေကွက်ကို ပိုင်ဆိုင်လာခဲ့ ကြပါသည်။

ဦးစောလင်းသည် ၂၀၁၀ခုနှစ်ခန့်က ကွယ်လွန်ကာ ဒေါ်ကြည်မြင့်မှာ ၂၉-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားခဲ့ရာတွင် အမွေစားအမွေခံအဖြစ် သားဖြစ်သူ ဦးမင်းသူခိုင် တစ်ဦးသာ သက်ရှိထင်ရှား ကျန်ရှိခဲ့ပါသည်။

ဦးစောလင်း အမည်ပေါက် ဂရန်မူရင်းမှာလည်း ဦးမင်းသူခိုင်၏ လက်ဝယ်တွင်ထားရှိ သိမ်းဆည်းထားကာ ၎င်းအနေဖြင့် တရားဝင် အမည်ပေါက် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိ နေပါသည်။

ဒေါ်မြင့်မြင့်စန်းအနေဖြင့် ၎င်းဂရန်နှင့်ပတ်သက်၍ လုံးဝသက်ဆိုင်ခြင်းမရှိသဖြင့် ၎င်း၏ကြေညာချက်အား (ခြွင်းချက်မရှိ) ပြန်လည်ရုပ်သိမ်းရန်ဖြစ်သည်။

သို့အတွက် ၁၆-၅-၂၀၂၀ ရက်စွဲပါ ကြေးမုံသတင်းစာတွင် ကြေညာချက်အပေါ် အလေးအနက် ကန့်ကွက်ပါကြောင်း ပြန်လည်ရှင်းလင်း အသိပေး၊ သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ ဦးမင်းသူခိုင်**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သန္တာအေး (LL.B)** | **မန်းမိုက်ကယ်လ်တင် (LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၉၅၃၉/၀၉)** | **(စဉ်-၂၈၁၂/၈၄)** |
| **အမှတ်(၃၇)၊ ရာဇာဓိရာဇ်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၇၆၁၅** | **အမှတ်(၂၇)၊ အိမ်ကြီးလမ်း (ရေကျော်)၊ ၉ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၃၁၃၇၉၇၆၆၊ ၀၉-၂၅၀၃၅၇၅၇၄** |

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ကေဗွီ ဘားအံ-(သထုံ-မော်လမြိုင်) ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ တောင်ငူ (ဟင်းငုတ်ပင်) ဓာတ်အားခွဲရုံတိုးချဲ့ခြင်းနှင့် ၂၃၀ ကေဗွီ သပြေဝ(မိတ္ထီလာ) ဓာတ်အားခွဲရုံတိုးချဲ့ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေနှင့် သံချောင်းလုံးများဝယ်ယူရန် တင်ဒါအမှတ်-49(T)/DPTSC(PTP)/2019-2020 (မြန်မာကျပ်ငွေ)DDP (At Site)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၂၆-၆-၂၀၂၀ရက် ၁၄:၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးခင်မောင်တင့်-ဒေါ်ဝင်းဝင်းမြင့်တို့၏ သမီးဖြစ်သူ မသဇင်ခင်မောင်တင့် [၁၂/ မဂတ (နိုင်)၀၈၆၀၈၇]သည် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်ကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင်၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**အဖ-ဦးခင်မောင်တင့်[၁၂/မဂတ(နိုင်)၀၄၄၅၄၆]**
**အမိ-ဒေါ်ဝင်းဝင်းမြင့်[၁၂/မဂတ(နိုင်)၀၄၄၅၄၅]**

## မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ် (ဗဟို)က အများပြည်သူသိရှိနိုင်ရန်ကြေညာခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ် (ဗဟို) အတွင်းရေးမှူးချုပ် ဟာဂျီဦးချစ်ဆွေ [၁၂/ကတတ(နိုင်)၁၀၄၂၇၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ် (ဗဟို)သည် ယခင်ဖွဲ့စည်းထားသော အဖွဲ့အစည်းမှ အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ အယ်လ်ဟာဂျ် ဦးကျော်စိုးအား အကြောင်းအမျိုးမျိုးကြောင့် အဖွဲ့မှအနားပေးခဲ့ပြီးဖြစ်ပါသည်။ ဥက္ကဋ္ဌဖြစ်သူ အယ်လ်ဟာဂျ် မုဖ်သီစအီဒွလ္လာဟ် (ခ) ဆရာကြီး ဦးစိန်လှက ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အမှတ် (၃၂၃)၊ ဒုတိယထပ်၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်တွင် သာသနာရေးဦးစီးဌာန၏ တရားဝင်အကြောင်းကြားစာနှင့် အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး (၄)ဖွဲ့၏ တရားဝင်သဘောတူညီချက်အရ တည်ငြိမ်စွာဖြင့် တည်ထောင်၍ ရုံးခန်းဖွင့်လှစ်ကာ အများပြည်သူတို့၏ ကောင်းရာကောင်းကျိုးကို စဉ်ဆက်မပြတ်အောင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၏အမည်ကို ဆရာကြီး ဦးစိန်လှဦးဆောင်သော အဖွဲ့မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အသုံးပြုခြင်း၊ ဆိုင်းဘုတ်ရေးဆွဲခြင်းအပါအဝင် မြင်တွေ့သူများကထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ အသုံးပြုပိုင်ခွင့်မရှိကြောင်း ကြေညာပါသည်။ လိုက်နာခြင်းမရှိဘဲ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်အမည်စာတမ်းအမှတ်အသားကို ဆက်လက်အသုံးပြုပါက မလွှဲမရှောင်သာသော အကြောင်းတရားများကြောင့် အဖွဲ့ချုပ်၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်သော သဘောဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း ပြုမည်ဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်နီတာလွင်** | **ဦးစိန်မြင့်** |
| **စဉ်-၁၂၀၁၇** | **စဉ်-၁၀၉၁၆** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၇၄၀၆**

# မီးဘေးရှောင် မလောင်ခင်တား

နိုင်ငံတကာအားကစား

# ဂျူဗင်တပ်တိုက်စစ်မှူး ဟီဂူအင်ကို ခေါ်ယူဖို့ နယူးကာဆယ်နဲ့ ဝုလ်ဗက်စ်အသင်းတို့ စိတ်ဝင်စားနေ

နယူးကာဆယ်အသင်းနဲ့ ဝုလ်ဗက်စ်အသင်းတို့ဟာ ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဟီဂူအင်ကို ခေါ်ယူဖို့အတွက် စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

နယူးကာဆယ်အသင်းဟာ တိုက်စစ်မှူး ဟီဂူအင် ချယ်လ်ဆီးအသင်းမှာ လာရောက်ကစားနေစဉ်ကတည်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပြီး လက်ရှိမှာ ဂျူဗင်တပ်အသင်းကလည်း အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး ဟီဂူအင်ကို အခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချဖို့ ရှိနေတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟီဂူအင်ဟာ ချယ်လ်ဆီးအသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားနေတာဖြစ်ပြီး ချယ်လ်ဆီးအသင်းအနေနဲ့ နောက်ထပ်တစ်ရာသီအငှားစာချုပ် ချုပ်ဆိုနိုင်မယ့် အခွင့်အရေးရှိခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းမှာ အငှားနဲ့လာရောက်ကစားစဉ် ၁၈ ပွဲမှာ ငါးဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟီဂူအင်ကို သူ့ရဲ့ပထမဆုံးအသင်းဖြစ်တဲ့ ရစ်ဗားပလိတ်အသင်းက ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး လက်ရှိမှာ နယူးကာဆယ်အသင်းနဲ့ ဝုလ်ဗက်စ်အသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ တိုက်စစ်မှူးဟီဂူအင်ဟာ ကစားသမားဘဝ အနားမယူမီအချိန်မှာ မွေးရပ်မြေအာဂျင်တီးနားကို ပြန်လည်သွားရောက်ကစားဖို့ ရှိနေတယ်လို့လည်း မကြာသေးမီက ပြောကြားခဲ့ပါတယ်။

ဟီဂူအင်ဟာ အာဂျင်တီးနားလက်ရွေးစင်အသင်းအတွက် ၇၅ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၅ ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။ နယူးကာဆယ်အသင်းအနေနဲ့ နွေရာသီဈေးကွက်အတွင်း ပေါင်သန်း ၃၀၀ သုံးစွဲဖို့ လျာထားတဲ့အတွက် လက်ရှိမှာ ဟီဂူအင်၊ ကော်တင်ဟိုနဲ့ ကူလီဘာလီတို့ကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟီဂူအင်ဟာ ကစားသမားဘဝတစ်လျှောက်မှာ ရစ်ဗားပလိတ်အသင်းနဲ့အတူ ၃၅ ပွဲမှာ ၁၃ ဂိုး၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပွဲပေါင်း ၁၉၀ မှာ ၁၀၇ ဂိုး၊ နာပိုလီအသင်းနဲ့အတူ ၁၀၄ ပွဲမှာ ၇၁ ဂိုး၊ လက်ရှိကလပ် ဂျူဗင်တပ်အသင်းနဲ့အတူ ၉၅ ပွဲမှာ ၄၅ ဂိုးအသီးသီးသွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး အင်တာမီလန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့မှာလည်း အငှားစာချုပ်နဲ့ ကစားခဲ့ဖူးတာဖြစ်ပါတယ်။

# အာဆင်နယ်အသင်းက ကော်တင်ဟိုအား ခေါ်ယူရန် ကြိုးပမ်းနေ



ငွေကြယ်
ရေးသားသည်

အာဆင်နယ်အသင်းဟာ ဘာစီလိုနာအသင်းမှ ဘရာဇီးကြယ်ပွင့် ကော်တင်ဟိုကို ခေါ်ယူဖို့ ကြိုးပမ်းနေပြီး လက်ရှိမှာ ကော်တင်ဟိုရဲ့ အေးဂျင့်ဖြစ်သူနဲ့ အာဆင်နယ်အသင်းတို့ ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

ကော်တင်ဟိုအနေနဲ့ ဘာစီလိုနာအသင်းမှာ ဆက်ကစားဖို့ဆန္ဒရှိနေပေမယ့် ဘာစီလိုနာအသင်းကတော့ အပြောင်းအရွှေ့ရန်ပုံငွေတိုးမြှင့်ရရှိရေးအတွက် ကွင်းလယ်ကစားသမား ကော်တင်ဟိုကို နွေရာသီဈေးကွက်အတွင်း ရောင်းချဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ကလပ်အသင်းအများစုကလည်း ကော်တင်ဟိုကိုခေါ်ယူဖို့အတွက် ဘာစီလိုနာအသင်းနဲ့ချိတ်ဆက်မှုတွေပြုလုပ်နေပေမယ့် ဘာစီလိုနာအသင်းကတော့ သူတို့တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးနဲ့ ကမ်းလှမ်းလာတဲ့ အသင်းမရှိသေးဘူးလို့ ဆိုပါတယ်။

ကွင်းလယ်ကစားသမား ကော်တင်ဟိုဟာ လက်ရှိမှာ ဘိုင်ယန်မြူးနစ်အသင်းမှာ အငှားစာချုပ်နဲ့သွားရောက်ကစားနေတာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူဖို့မရှိတာကြောင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ ဘာစီလိုနာအသင်းဆီ ပြန်သွားရဖို့ရှိနေတာလည်းဖြစ်ပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်းနည်းပြ အာတီတာက ကော်တင်ဟိုကို အမ်းမရိတ်သို့ခေါ်ယူနိုင်ရေး ကြိုးပမ်းနေတာ ဖြစ်ပါတယ်။ လက်ရှိမှာ ကော်တင်ဟိုကိုခေါ်ယူဖို့အတွက် ချယ်လ်ဆီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ကလည်း ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်-၁/၂၀၂၀
## ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
## (၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံကြီးများတွင် သူနာပြု(၄) အကူသူနာပြု (လစာနှုန်း၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၃၀၀)နေရာလစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော အကူသူနာပြု(ပြင်ပ) (၉)လသင်တန်းဆင်းအောင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊
(ဂ) လျှောက်လွှာပိတ်သည့် ၂၆-၆-၂၀၂၀ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဃ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ၊
(င) ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်၊
(စ) လစ်လပ်လျက်ရှိသော ပြည်သူ့ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဆ) နိုင်ငံ့ဝန်ထမ်းအကူသူနာပြုအဖြစ်(၁)နှစ် မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပေးပို့ရန် -

(က) လျှောက်လွှာတွင်ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ညွှန်ကြားရေးမှူးချုပ်၊ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက်၂၆-၆-၂၀၂၀ရက် နောက်ဆုံးထား လျှောက်ထားရမည်၊
(ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်အလက်များ-
(၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ (၃)ပုံ၊
(၂) အကူသူနာပြုအောင်လက်မှတ်(မိတ္တူမှန်)၊
(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (၁)စောင်၊
(၄) ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရဲတပ်ဖွဲ့စခန်းတို့၏ထောက်ခံစာ(မူရင်း)(၁)စောင်၊
(၅) (၃)လအတွင်း ကျန်းမာရေးစစ်ဆေးထားသောသက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ(မူရင်း) (၁)စောင်။

၄။ လျှောက်လွှာနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ကြော်ငြာပါရာထူးအတွက် သတ်မှတ်ချက်နှင့် ပြည့်စုံစွာဖြင့် လျှောက်ထားသူများကိုသာ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုမည့်ရက်အား ပြန်လည်အကြောင်းကြားမည် ဖြစ်ပါသည်။

၆။ သိရှိလိုသည့်အချက်များရှိပါက သူနာပြုဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၁၁၆၁၄၊ ၀၆၇-၄၁၁၃၈၇)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အကူသူနာပြုရာထူးလျှောက်လွှာပုံစံ

ကာလာ ဓာတ်ပုံ

အမည် - ---------------------------
မွေးသက္ကရာဇ်၊အသက် - ---------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------------------
မိဘအမည် - ---------------------------
နေရပ်လိပ်စာအပြည့်အစုံ - ---------------------------
ဆက်သွယ်ရန်လိပ်စာ - ---------------------------
အောင်မြင်သည့်ခုနှစ်၊လ၊ရက် - ---------------------------
အောင်မြင်သည့်ခုံအမှတ် - ---------------------------
အောင်မြင်ခဲ့သည့်ဆေးရုံ - ---------------------------
ဦးစားပေးလျှောက်ထားသည့် ဗဟိုအဆင့် ဆေးရုံကြီး/တိုင်းဒေသကြီး/ ပြည်နယ် - (၁) ---------------------------
- (၂) ---------------------------
- (၃) ---------------------------

လစ်လပ်လျက်ရှိသော ပြည်သူ့ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ကတိ ရေးထိုးထားသည့်စာ ပူးတွဲတင်ပြရမည်။

လက်မှတ် ---------------------------
အမည် ---------------------------
တယ်လီဖုန်းနံပါတ် ---------------------------
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် လ ရက်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ တောင်ကြီးမြို့နယ်နှင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနများ၏ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

Lot-1 တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်းအဆင့်မြှင့်တင်ခြင်း (AC လမ်းခင်းခြင်း၊ လမ်းနယ်တိုးချဲ့ခြင်းနှင့် ရေမြောင်းပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းများအပါအဝင် (စိန်ဆေးရုံမှ ကျားခေါင်းလမ်းအထိ)

Lot-2 လားရှိုးမြို့၊ လမ်းမတော်လမ်းနှင့် သိန္နီလမ်းတို့အား လမ်းသားအခြေခံ အလွှာခင်းခြင်း၊ AC လမ်းခင်းခြင်းနှင့် Road Paint ရေးဆွဲခြင်း (လားရှိုးမြို့တော်ခန်းမအဝိုင်းပတ်မှ ဈေးပတ်လမ်းအပါအဝင် သုံးမြှောင့်ရေပန်းလမ်းဆုံအထိ)

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၇-၅-၂၀၂၀ရက်မှ ၂၆-၆-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန် - ၂၆-၆-၂၀၂၀ရက်၊ သောကြာနေ့ (ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်း(၀၈၁-၂၁၂၃၉၁၅)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**

**ကိုခေါင်း** ရွှေပေါက်ကံ၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း မြေကွက်များဝယ်ယူလိုပါသည်။ Ph:095044836

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ၁/န၊ တိုးချဲ့မြေကွက်အမှတ်(၁၄၂၄)၊ ပြေစာအနီအမည်ပေါက် ဦးသန်းဝင်း (KTN-၀၇၅၁၄၀)ထံမှ ဦးသက်ဇော်[၁၄/ဟသတ(နိုင်)၂၅၁၂၉၂] ၂၀၀၀ ခုနှစ်တွင် ပထမဝယ်ယူခဲ့ပြီး ဦးသက်ဇော်မှ ကျွန်မ ဒေါ်မိမိအောင်အား ၂၀၁၃ ခုနှစ်တွင် အလျားပေ(၆၀)xအနံပေ(၄၀)ရှိ ခြံမြေကွက်(၁)ကွက်အား နှစ်ဦးသဘောတူအပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် လက်ဝယ်ရရှိထားသော ကျွန်ုပ်ပိုင် ခြံမြေကွက်ဖြစ်ပါသည်။ ၎င်းခြံမြေ ကွက်နှင့်ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ (GP/SP)ပေးခြင်း၊ ပေါင်နှံထားခြင်း၊ လက်လွှဲမည်သူကိုမှ ထပ်ဆင့်ရောင်းချထားခြင်း၊ ငှားရမ်းထားခြင်း လုံးဝ(လုံးဝ)မရှိပါ။ ကျူးကျော်နေထိုင်သူများနှင့် ၎င်းခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်နေ့မှစ၍ (၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းနှင့်တကွ အောက်ဖော်ပြပါ ဖုန်းနံပါတ်မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိမိအောင်**
**[၁၀/သထန(နိုင်)၁၄၆၁၆၇]**
**ဖုန်း-၀၉-၇၆၉၅၃၂၂၄၂**

## အများသိစရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ၁/န၊ တိုးချဲ့မြေကွက်အမှတ်(၁၄၀၃)၊ ပြေစာအနီအမည်ပေါက် ဒေါ်ဝင်း (PGU-၀၀၂၉၁၅)ထံမှ ဒေါ်တင်မြ(HGU-၀၀၆၃၃၁)၊ ၂၀၀၀ ခုနှစ်တွင် ပထမဝယ်ယူခဲ့ပြီး ဒေါ်တင်မြမှ ကျွန်မ ဒေါ်မိမိအောင်အား ၂၀၁၃ ခုနှစ်တွင် အလျား ပေ ၆၀ x အနံ ပေ ၄၀ရှိ ခြံမြေကွက်(၁)ကွက်အား နှစ်ဦးသဘောတူ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် လက်ဝယ်ရရှိထားသော ကျွန်ုပ်ပိုင် ခြံမြေကွက်ဖြစ်ပါသည်။ ၎င်းခြံမြေကွက်နှင့်ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ (GP/SP) ပေးခြင်း၊ ပေါင်နှံထားခြင်း၊ လက်လွှဲမည်သူကိုမှ ထပ်ဆင့်ရောင်းချထားခြင်း၊ ငှားရမ်းထားခြင်း၊ လုံးဝ (လုံးဝ)မရှိပါ။ ကျူးကျော်နေထိုင်သူများနှင့် ၎င်းခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်နေ့မှစ၍ (၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းနှင့်တကွ အောက်ဖော်ပြပါ ဖုန်းနံပါတ်မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိမိအောင်**
**[၁၀/သထန(နိုင်)၁၄၆၁၆၇]**
**ဖုန်း-၀၉-၇၆၉၅၃၂၂၄၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ၁/န တိုးချဲ့မြေကွက်အမှတ်(၁၄၀၂) ပြေစာအနီ အမည်ပေါက် ဦးမြကျော် (ISN-၄၁၁၂၀၇)၊ ပညာရေးဌာနထံမှ ဦးစံသိန်း(A/RGN-၀၀၀၁၈၄) ၂၀၀၀ ခုနှစ်တွင် ပထမဝယ်ယူခဲ့ပြီး ဦးစံသိန်းမှ ကျွန်တော် ဦးတင်သဏ်းဝင်းအား ၂၀၁၃ ခုနှစ်တွင် အလျား ပေ၆၀x အနံ ပေ၄၀ရှိ ခြံမြေကွက်(၁)ကွက်အား နှစ်ဦးသဘောတူ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် လက်ဝယ်ရရှိထားသော ကျွန်ုပ်ပိုင် ခြံမြေကွက်ဖြစ်ပါသည်။ ၎င်းခြံမြေကွက်နှင့် ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ (GP/SP) ပေးခြင်း၊ ပေါင်နှံထားခြင်း၊ လက်လွှဲမည်သူကိုမှ ထပ်ဆင့်ရောင်းချထားခြင်း၊ ငှားရမ်းထားခြင်း၊ လုံးဝ(လုံးဝ) မရှိပါ။ ကျူးကျော်နေထိုင်သူများနှင့် ၎င်းခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်နေ့မှစ၍ (၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းနှင့်တကွ အောက်ဖော်ပြပါ ဖုန်းနံပါတ်မှကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်သဏ်းဝင်း**
**[၁၂/လမန(နိုင်)၀၃၈၈၀၅]**
**ဖုန်း-၀၉-၇၇၉၂၂၀၃၂၄**

ဗုဒ္ဓံ ဓမ္မံ သံဃံ
**ခေတ်မြန်မာဆေးသုတ်အဖွဲ့**

| | |
|---|---|
| Unitex | 1'x1' = 260 |
| Orient | 1'x1' = 300 |
| Premier | 1'x1' = 350 |
| Nippon,Dulux, Jotun | 1'x1' = 450 |

ပတ်တီး(၂)ထပ်၊ Sealer(၂)ထပ်၊ ဆေး(၃)ထပ်
မျက်နှာကျက်အလှဆင်ခြင်းလုပ်ငန်းနှင့် ပေါ်လစ်တင်ခြင်းလုပ်ငန်းများကို လူကြီးမင်းတို့ စိတ်တိုင်းကျသည်အထိ အာမခံဖြင့် ဆောင်ရွက်ပေးသည်။
Ph: 09 796211925,09 772735806

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Italy Embassy အနီး အင်းယားမြိုင်လမ်းသွယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် မြေအကျယ် ပေ(၆၀x၆၂)ပေါ်တွင် MBR(3), BR(3) Maid Room ပါရှိသော RC 3 ½(7000 sqft) တိုက်အသစ်။

ဆက်သွယ်ရန်
ဖုန်း ၀၉-၅၀၁၃၉၁၇၊ ၀၉-၉၆၅၀၁၃၉၁၇

### အမည်ပြောင်း

အဖ ဦးထွန်းနေလင်း [၁၄/ မအပ (နိုင်) ၀၀၁၄၆၈]၏သမီး အမက(၁)အင်းစိန် (ဗဟို)စတုတ္ထတန်း(A)မှ နော်အေးပြည့်ပြည့်ညိမ်း အား နော်အေးပြည့်ပြည့်လင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**နော်အေးပြည့်ပြည့်လင်း**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ ချမ်းအေးသာယာနေ မမိုးမိုးဦး [၉/မထလ(နိုင်)၃၄၈၃၄၇]၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး[၉/မထလ (နိုင်)၁၇၀၇၀၇]ဖြစ်ပါကြောင်း။

**TAXI ငှားမည်**
TOYOTA PASSO
(မရမ်းကုန်း၊ လှိုင်၊ အင်းစိန်)
ဖုန်း-၀၉-၄၄၈၀၄၆၈၆၃

**အောင်မင်္ဂလာ**
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

**ကိုချစ်ကို**
အိမ်ခြံမြေအကျိုးဆောင်မှ
ဒဂုံမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ
ဈေးကောင်းပေးဝယ်ပါသည်။
ပွဲခပေးရန်မလိုပါ။
09-5094084

ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (၄၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ်(၁၀၆၉)၊ အကျယ်အဝန်း ပေ(၄၀x၆၀) ပေ၊ ဧရိယာ(၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်၊ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေတစ်ဆုပ်လမ်း၊ အမှတ် (၁၀၆၉) ဟုခေါ်တွင်သော မြေကွက်၏ ခေါင်းရင်းခြမ်း အကျယ်အဝန်း ပေ(၂၀x ၆၀) မြေကွက်ပေါ်ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် မြေပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထိန်လင်း (ဘ) ဦးထွန်းရွှေ [၁၃/နဆန(နိုင်)၀၀၂၉၄၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း) များနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိခိုင် (LL.B,D.I.L) အထက်တန်းရှေ့နေ (စဉ်-၄၉၇၀၇)**
**အမှတ် (၁၈)၊ ဥယျာဉ်လမ်း၊ မကျဉ်းတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၀၇၈၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ၁/န၊ တိုးချဲ့မြေကွက်အမှတ်(၁၄၂၃)၊ ပြေစာအနီ အမည်ပေါက် ဦးသန်းမြင့် (HGU-၀၀၀၇၂၁)၊ ပညာရေးဌာနထံမှ ဦးဝင်းမောင်(CA-၀၆၃၂၅၁) ၂၀၀၀ ခုနှစ်တွင် ပထမဝယ်ယူခဲ့ပြီး ဦးဝင်းမောင်မှ ကျွန်တော်ဦးတင်သဏ်းဝင်းအား ၂၀၁၃ ခုနှစ်တွင် အလျားပေ(၆၀)xအနံပေ(၄၀)ရှိ ခြံမြေကွက်(၁)ကွက်အား နှစ်ဦးသဘောတူ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် လက်ဝယ်ရရှိထားသော ကျွန်ုပ်ပိုင်ခြံမြေကွက်ဖြစ်ပါသည်။ ၎င်းခြံမြေကွက်နှင့်ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ (GP/SP)ပေးခြင်း၊ ပေါင်နှံထားခြင်း၊ လက်လွှဲမည်သူကိုမှ ထပ်ဆင့်ရောင်းချထားခြင်း၊ ငှားရမ်းထားခြင်း လုံးဝ(လုံးဝ)မရှိပါ။ ကျူးကျော်နေထိုင်သူများနှင့် ၎င်းခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်နေ့မှစ၍ (၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းနှင့်တကွ အောက်ဖော်ပြပါ ဖုန်းနံပါတ်မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်သဏ်းဝင်း**
**[၁၂/လမန(နိုင်)၀၃၈၈၀၅]**
**ဖုန်း-၀၉-၇၇၉၂၂၀၃၂၄**

## ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-ချမ်းသာရွှေပြည်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၁/အေ)၊ မြေကွက်အမှတ်-(3-P)၊ ဧရိယာ(၀.၀၈၇)၊ အကျယ်အဝန်း အလျား(၅၅)ပေxအနံ (၆၉.၆)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်သည် ဒေါ်မွေးပပဇော်[၇/အတန(နိုင်)၀၀၁၇၅၉]အမည်ပေါက်လျက်ရှိပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်မြေကွက်အရောင်းအဝယ်စာချုပ်အရ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်ဇာဇာဝင်း[၁၂/ပဘတ(နိုင်)၀၂၆၄၁၅]မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိ ပိုင်ဆိုင်ကြောင်းဝန်ခံပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာအေး(LL.B) (D.B.L) (D.M.L)** | **ဒေါ်ဇင်မာသက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၀၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၀၅)** |

**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၅၀၄၀၆၉၄၊ ၀၉ ၂၆၀၆၁၅၅၈၅**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း
## ဒေါ်ဝင်းဝါဝါမောင်(ခ) ဟစီနာဘီနှင့်အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်းစိုး(ခ)ဇာဖရ်အာမက်[၁၂/ဥကတ(နိုင်)၂၁၁၂၄၂]နှင့် ဦးစောရွှေ၏ သမီးဖြစ်သူ ဒေါ်ဝင်းဝါဝါမောင်(ခ)ဟစီနာဘီတို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်(အစိုးရအသိအမှတ်ပြု)၊ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၊ (အစ္စလာမ်ရေးရာခုံရုံး)၏ ၂၃-၇-၂၀၁၉ရက်စွဲပါ စာအမှတ်-၁၅၉/၁၉/ဓမ္မ(မလဝ-ဗဟ) အစ္စလာမ်တရားဥပဒေဖသ်ဝါ ဓမ္မသတ်ဆုံးဖြတ်ချက်အရ လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ဒေါ်ဝင်းဝါဝါမောင်(ခ)ဟစီနာဘီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ချက်အရ** |
| **ဦးကျော်ဝင်းစိုး(ခ) ဇာဖရ်အာမက်** | **ဒေါ်မာမာသိန်း(LL.B)** |
| **[၁၂/ဥကတ(နိုင်)၂၁၁၂၄၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂/၂၀၁၃)** |
| | **အမှတ်-၄၂၊ ၄-လွှာ၊ လမ်း(၁၄၀)၊ မအူကုန်းရပ်ကွက်၊** |
| | **တာမွေမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၅၀၈၈၆၀၅** |

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်အောင်ကျော်
**အသက် (၇၉) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၇)နေ ဒေါ်အေးအေးမော်၏ ချစ်လှစွာသောခင်ပွန်း ဦးတင်အောင်ကျော်သည် ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်အောင်ကြည်
**ဒါရိုက်တာ(ကြယ်စင်သီဟဆောက်လုပ်ရေး)**

**အသက် (၅၇) နှစ်**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒေါ်စိုးစိမ့်အိ (ဒုတိယညွှန်ကြားရေးမှူး)၏ခင်ပွန်းဖြစ်သူ ဦးအောင်အောင်ကြည်သည် ၂၂-၅-၂၀၂၀ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဇနီး ဒေါ်မာမာဆွေ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ရွှေမန်းတရားရိပ်သာနှင့် အကျိုးဆောင်အဖွဲ့ (နာယကကြီး)**
### ဦးစိုင်းဘုန်းထူး (ခတ်ပုံ-စိုင်းဘုန်းထူး)
**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း၊ (အလယ်ဘလောက်)၊ အမှတ်(၁၀၀)နေ ဒေါ်ဖြူဖြူညွန့်၏ ချစ်လှစွာသောခင်ပွန်း ဦးစိုင်းဘုန်းထူး (ခတ်ပုံ-စိုင်းဘုန်းထူး)သည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရွှေလှိုင်-ဒေါ်တင်အေး မိသားစု**
**ရွှေထီးပုံနှိပ်တိုက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်အောင်ကြည်
**ဒါရိုက်တာ(ကြယ်စင်သီဟဆောက်လုပ်ရေး)**

**အသက် (၅၇) နှစ်**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒေါ်စိုးစိမ့်အိ (ဒုတိယညွှန်ကြားရေးမှူး)၏ခင်ပွန်းဖြစ်သူ ဦးအောင်အောင်ကြည်သည် ၂၂-၅-၂၀၂၀ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်နှင့်**
**ဝန်ကြီးရုံး ဝန်ထမ်းမိသားစုများ**

## အထူးကျေးဇူးဥပကာရတင်ရှိခြင်း

ကွယ်လွန်သူ ဖခင်ကြီး ဦးမြင့်ဝင်းအား အခက်အခဲများကြားမှ အကြိမ်ကြိမ်ကြွရောက်ပြီး တရားတော်များ ဟောကြားပေးခဲ့သော ရွှေဘိုကျောင်းဆရာတော် ဦးကောသလ္လအမှူးပြုသည့် သံဃာတော်များ၊ နာရေးကိစ္စတွင် အစစအရာရာ ကူညီပေးခဲ့သော ရွှေပုန်းညက်ရိပ်မွန်အိမ်ရာ ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ၊ ဆွေမျိုးများနှင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ၊ ဦးမြင့်ဝင်း၏တပည့် သားမြေးများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## အသံတု ရဲမြင့်လေး (ခ) ဦးမောင်မြင့် (၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရခိုင်ချောင်ရွာနေ (ဦးကျော်ဆိုင်-ဒေါ်ချစ်မြ)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်နေ (ဦးမောင်အေး)-ဒေါ်သန်းရွှေတို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ (၂) ဈေးလမ်း၊ အမှတ်(၂၁/က)နေ (ဒေါ်မြစန်းကြည်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလွင်-ဒေါ်ပူတူး၊ ဦးဝင်းဇော်-ဒေါ်ငယ်၊ တက္ကသိုလ်ဘုန်းပွင့်-ဒေါ်မိုးစန္ဒာ၊ ဒေါက်တာဝင်းနိုင်-ဒေါ်စိုးစန္ဒာတို့၏ကျေးဇူးရှင်ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၂၀ (စနေနေ့)တွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရီရီဇံ (စစ်တွေမြို့)
**ရခိုင်အမျိုးသမီးအသင်း-နာယက(စစ်တွေမြို့)**

**အသက်(၁၀၁)နှစ်**


စစ်တွေမြို့နေ (ဦးစံရွှေဘု) F.R.A.S. Bar, At Law-(ဒေါ်စံသာခိုင်)တို့၏ သမီး၊ (အငြိမ်းစား စက်ရှင်တရားသူကြီး ဦးသာဇံဦး-ဒေါ်မပု)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၂၈)နေ (ဦးမောင်ကျော်ဇံ) ပညာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး(ငြိမ်း)၊ ဗဟိုတရားရုံးချုပ်ရှေ့နေကြီး(ငြိမ်း)၏ ဇနီး၊ (ဦးထွန်းဝင်း)-ဒေါ်လှသန္တာ၊ (ဦးကျော်ဝင်း-ဒေါ်ဝင်းခင်)၊ ဦးခင်မောင်ဦး-ဒေါ်ခင်အေးဇံ၊ (ဦးသာဇံ)-ဒေါ်မိမိဇံ၊ (ဦးဇံဝင်းမောင်)-ဒေါ်ထွေးထွေးစန်း တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဦးဇော်မင်းဝင်း-ဒေါ်ကျင်ကျင်ငွေး၊ ဦးအောင်ကိုကို-ဒေါ်မေကြည်ဝင်း၊ ဦးအေးချိုမောင်-ဒေါ်မေအေးဝင်း၊ ဒေါက်တာစိုင်းကွမ်ဝမ်း-ဒေါက်တာစန္ဒီခင်၊ ဦးဇော်နိုင်ဝင်း-ဒေါ်နှင်းသဇင်မြင့်၊ ဒေါ်ခိုင်သူသူဇံ၊ ဦးရဲဇံမောင်-ဒေါ်နှင်းနှင်းခိုင်၊ ဦးသက်ပိုင်စိုး-ဒေါ်မြပန်းခိုင်၊ ဦးဝင်းကိုမြင့်-ဒေါ်မေမီဝင်း၊ ဦးဗိုလ်စစ်ခိုင်၊ ဦးရဲကျော်ဇံ၊ ဦးသာဝင်း-ဒေါက်တာမိုးပန်းခိုင်၊ ဦးဖြိုးညီညီဇော်-ဒေါ်ခိုင်ဇံထွေးတို့၏ ချစ်လှစွာသော အဘောင်ရှင်၊ မြစ် ၁၆ ယောက်တို့၏ အဖီးရှင်သည် ၂၄-၅-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ကျော်
### လမ်းသစ်ရိပ်သာ
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ လမ်းသစ်ရိပ်သာ၊ (ယခင်) တိုက်(၅)၊ အခန်း(၈)နေ (ဦးမောင်မောင်ကြီး-ဒေါ်ခင်စန်း)တို့၏ သား၊ (ဒေါ်ခင်သန်းမြင့်)၊ ဒေါ်ခင်စန်းမြင့်၊ (ဒေါ်ခင်လှမြင့်)၊ စင်ထရယ်ဦးခင်မောင်မြင့် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်လှဲ့လှဲ့၊ ဒေါ်ခင်ထွေးမြင့်-ဦးကိုကိုကြီး (ရေ/ငြိမ်း)၊ ဦးခင်မောင်စန်းတို့၏ မောင်/အစ်ကို၊ တူ/တူမရှစ်ယောက် တို့၏ဘကြီး/ဦးလေးသည် ၂၅-၅-၂၀၂၀ ရက် နံနက် ၄ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု




## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရန် မိမိတို့တစ်ဦးချင်းမှာ တာဝန်ရှိပြီး၊ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ပါသည်။

COVID-19 ကာလ ကြာမြင့်လာလေ ကျန်းမာရေးအတွက် စိုးရိမ်ရမှု၊ အလုပ်အကိုင် ပြဿနာ၊ ငွေရေးကြေးရေး အခက်အခဲ၊ မိသားစုနှင့် ခွဲခွာနေရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အပြစ်တင်ခံရမှု စသည့်စိတ်ဖိစီးမှုများ ပိုမိုမြင့်မားလာလေဖြစ်ပါသည်။

ပြည်သူများအနေဖြင့် စိတ်ဖိစီးမှုများကို ကျော်လွှားရန် ကြိုးစားနေချိန်တွင် ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရခြင်းသည် စိတ်ဖိစီးမှုများက ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟု ယူဆခြင်းမပြုဘဲ ထိုချမှတ်သည့် ညွှန်ကြားချက်များ၊ စည်းကမ်းများကို အလေ့အထဖြစ်အောင် ကြိုးစားခြင်းသည် စိတ်ဖိစီးမှုများကို ခံနိုင်ရည်ရရှိလာစေမည့် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး လူမှုစီးပွား အခက်အခဲများကိုလည်း ဆက်လက် ဖြေရှင်းနိုင်စွမ်းရှိလာမှာဖြစ်ကြောင်း အားပေးတိုက်တွန်းအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သောင်း (မြောင်းမြ)
**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွှေလမ်းနေ (ဦးစိန်ခက်-ဒေါ်အမာ) တို့၏ ဒုတိယသမီး၊ (ဦးသိန်းဖေ-ဒေါ်အေးရီ)တို့၏ ညီမ၊ ဒေါ်သိန်းရီ၊ ဦးမြင့်လှိုင်တို့၏အစ်မကြီး၊ဒေါ်မေရီ၊ ဦးထွန်းဝင်း၊ ဦးစန်းလှိုင်၊ ဦးစန်းနိုင်၊ ဒေါ်အေးအေးမြင့်၊ ဦးထွန်းလင်း၊ ဦးဘိုဝင်း၊ ဒေါ်တင်တင်လှ၊ ဒေါ်တင်တင်သန်း တို့၏ အဒေါ်သည် ၂၂-၅-၂၀၂၀ (သောကြာနေ့) ည ၁၀:၅၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၀၀ နာရီ တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးသီဟ (ငြိမ်း)
**ရေ-၁၁၈၆**
**D.S.A(11) Intake**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ [ဒုဗိုလ်မှူးကြီး မောင်မောင်ကြီး(ရေ-ငြိမ်း)-ဒေါ်စိန်ရီ] တို့၏ သားကြီး၊ [ဒုဗိုလ်မှူးကြီး သူရ တင်မောင်(ငြိမ်း)]-ဒေါ်ငြိမ်းငြိမ်းတို့၏ သားသမက်၊ အမှတ်(၁၁၈၊ သုံးလွှာ)၊ (၉၂) လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်နေ ဒေါ်ရွှေဝါ(ခ)ဝါဝါတင် (Golden Dream ကိုယ်ပိုင်စာသင်စာကျက်ဝိုင်း)၏ ချစ်လှစွာသောခင်ပွန်း၊ မချစ်ကေဇင်နို (Auditor Kyaw & Kyaw CPA)၊ မစန်းသီ (Segi University)တို့၏ ချစ်လှစွာသောဖခင်သည် ၂၂-၅-၂၀၂၀ ရက် ညနေ ၄:၁၅ နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၆:၃၀ နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၀ ရက်နေ့တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ခင် @ Katherine San Paw
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အသက် (၈၉) နှစ်**

ချစ်သူငယ်ချင်း ကိုမြင့်ခိုင် (အေးရိပ်မွန်ဆောက်လုပ်ရေး)-မလှမိုးအေး (L.Geismar)တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်သည် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ချစ်သူငယ်ချင်း မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် အန္တိမကောင်းမွန်ရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နိုင်ဝင်း၊ မိုးမိုးမြတ်ကို၊ ရီရီတင်၊ ခင်စပယ်ဖြူအောင်၊ ဝါဝါခိုင်၊ မို့မို့ဝင်း၊ ချိုမာဦး၊ သီတာလွင်၊ အေးအေးမူ၊ ချိုချိုအေးကျော်၊ သန့်သန့်ဇင်၊**
**(1984–1991 ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ချစ်သူငယ်ချင်းများ)**

## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## အထူးကြေကွဲဝမ်းနည်းခြင်း
### ဒေါ်ကြင်သန်း (ခ) ဒေါ်နွေး (လင်းစတိုး)
**(ချင်းတွင်းအသင်းဝင်)**
**အသက် (၇၅) နှစ်**

မုံရွာမြို့၊ တရုတ်တန်းလမ်းနေ ဦးတင်အောင်(ဒု-ညွှန်ချုပ်၊ ငြိမ်း၊ အိမ်တွင်းစက်မှုသမဝါယမဦးစီးဌာန)၏ဇနီး၊ ကိုလင်းဇော်ဇော်ထွေး-မသဇင်လင်းတို့၏မွေးသမိခင် ဒေါ်ကြင်သန်း(ခ)ဒေါ်နွေးသည် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချင်းတွင်းအသင်း(ရန်ကုန်)**
**ရန်ကုန်မြို့**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိနှင့် အားနည်းမှုရှိသည့်ကိစ္စများကို အစဉ်တစိုက်ထောက်ပြ၍ တိုးတက်ကောင်းမွန်မှုရှိစေရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အသိပေးတင်ပြ**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် မေ ၁၉ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေထုတ်ငွေသွင်းလာကြသော ပြည်သူများနှင့် ဘဏ်လုပ်ငန်းများ ဘေးကင်းလုံခြုံရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

# ပြည်သူလူထုကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်ပေးနိုင်ရန် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ဘွဲ့လွန်ဆေးပညာသင်တန်းများနှင့်အတူ လျှောက်လွှာခေါ်ယူခြင်းကို ဆက်လက်ဆောင်ရွက်ရန် စီစဉ်နေ




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတည်ပြုချက်ရယူ**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၏ ကျိုင်းတုံမြို့ရှောင်လမ်း

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒**

## ကြေးမုံ ယနေ့ ဖတ်စရာ

**စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ထုတ်ပေးလျက်ရှိ**

စာမျက်နှာ » ၈

**အစိုးရေးဝန်ကြီးချုပ် နေတန်ယာဟု အကျင့်ပျက်ခြစားသည်ဟု စွပ်စွဲမှုများနှင့် တရားရင်ဆိုင်နေရ**

စာမျက်နှာ » ၁၁

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅